# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မမြဲသော သဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက် မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်း သည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသော သဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက် မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၆)


# ဓာတ်အားပေးစက်ရုံနှင့် ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်

## ဒုတိယသမ္မတ ဦးမြင့်ဆွေ ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း ဓာတ်အားပေးစက်ရုံအား ကြည့်ရှုစစ်ဆေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း၏ ဓာတ်အားပေးစက်ရုံ ပင်မထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း၊ နန်ချိုရေအားလျှပ်စစ်စက်ရုံနှင့် အထက်ပေါင်းလောင်းရေအား လျှပ်စစ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲသို့ရောက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ထို့နောက် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က

စာမျက်နှာ ၃ ကော်လံ ၁ ❍

# ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC ကဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ ထိုင်းနိုင်ငံ ချင်းမိုင်၌ တွေ့ဆုံမည်

**သတင်း - ရဲခေါင်ညွန့်**

**နေပြည်တော် စက်တင်ဘာ ၂၄**


ငြိမ်းချမ်းရေးကော်မရှင်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(Delegation for Political Negotiation - DPN) တို့သည် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ စက်တင်ဘာ ၂၅ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင်သည် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်၏ ဖိတ်ခေါ်မှုကြောင့် ယနေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်သို့ ထွက်ခွာသွားခြင်းဖြစ်ကြောင်း သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

"အဓိကကတော့ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်နဲ့ ငြိမ်းချမ်းရေးကော်မရှင်တို့ အလွတ်သဘော အရင်ဆွေးနွေးတာပေါ့။ DPN အဖွဲ့နဲ့ ချင်းမိုင်မှာ ဆွေးနွေးဖို့သဘောတူပါတယ်။ ဒီနေ့မှာ ချင်းမိုင်ကို ထွက်သွားတယ်။ မနက်ဖြန်မှာ ဆွေးနွေးမယ်။ ချင်းမိုင်အစည်းအဝေးမှာတော့ ဘာတွေဆွေးနွေးမလဲ အတိအကျမသိဘူး။ ကျွန်တော် ပြောချင်တာက

စာမျက်နှာ ၃ ကော်လံ ၅ ❒

**ဆန်း ဒေး ကာ တွန်း**



စာမျက်နှာ ➤ ၁၆ - ၁၇




# လူ့အခွင့်အရေးနှင့် ပြည်သူ့သြဇာ

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အဓိကအားဖြင့် ကော်မတီ ခြောက်ခုရှိသည်။ အဲသည်အထဲမှာ တတိယကော်မတီက လူမှုရေး၊ ယဉ်ကျေးမှု၊ လူသားချင်း စာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို တင်သွင်းဆွေးနွေးလေ့ရှိသည့် ကော်မတီဖြစ်သည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ဥရောပသမဂ္ဂက ဦးဆောင်ကာ အဆိုမူကြမ်းရေးသားပြီး ယင်းတတိယကော်မတီတွင် တင်သွင်းဆွေးနွေးဆုံးဖြတ်ချက်များ ချမှတ်နေသည်မှာ နှစ်ဆယ့်ငါးနှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို ဆုံးဖြတ်ချက်များကို လွန်ခဲ့သော အစိုးရအဆက်ဆက်က လက်မခံကြောင်း ကန့်ကွက်ခဲ့ပြီး နောက်ထပ်သည်လို အဆိုမျိုး ထပ်မံမတင်သွင်းနိုင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့။ ယင်းသို့ မအောင်မြင်ခဲ့ခြင်းမှာ လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်၍ ယခင်အစိုးရ၏ ချဉ်းကပ်ပုံနှင့် နားလည်လက်ခံပုံက နိုင်ငံတကာနှင့် ကွာခြားနေသည်က အဓိကအကြောင်း ဖြစ်ပါလိမ့်မည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့ပြီး ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်လာသည့်အခါ မြန်မာနိုင်ငံတွင်းသာမက နိုင်ငံတကာမှ မြန်မာ့အရေးကို စောင့်ကြည့်အကဲခတ်နေကြသော နိုင်ငံများအတွက်ပါ အလွန်အရေးပါသည့် အချိုးအကွေ့ ဖြစ်ခဲ့ပါသည်။ မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲတော့မည့်ပုံစံဖြင့် ၂၀၁၁ တပ်မတော်ခေါင်းဆောင်များက အရပ်သားအစိုးရအဖြစ် စတင် တာဝန်ယူချိန်ကစတင်၍ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို ချဉ်းကပ်ပုံစံအသစ်ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတကာ စင်မြင့်တွင် ထိရောက်မှုမရှိခဲ့ပါ။ ယနေ့ကာလ ပြည်သူ့အစိုးရ လက်ထက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်မှုဖြင့် အစိုးရသစ်၏ လူ့အခွင့်အရေးဆိုင်ရာတို့တွင် ပေါ်လစီရေးရာ ချဉ်းကပ်ဆောင်ရွက်ပုံတို့ကမူ ထိမိပိုင်နိုင်ကာ အရှိန်အဟုန်မြင့်ခဲ့သည်ဟု ဆိုရပါမည်။ ယင်းသို့ ချဉ်းကပ်ဆောင်ရွက်နိုင်ခဲ့မှု၏ ရလဒ်အဖြစ် လွန်ခဲ့သည့် ၂၅ နှစ်လုံးလုံး ကုလသမဂ္ဂတွင် အီးယူက ဦးဆောင်တင်သွင်းခဲ့သော မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ယခုနှစ်တွင် တင်သွင်းခြင်းပြုတော့မည်မဟုတ်ကြောင်း အီးယူ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲက ပြောကြားခဲ့သည်။ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး မိတ်ဖက်များအဖွဲ့၏ အဆင့်မြင့် အစည်းအဝေးတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။


မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး တိုးတက်မြင့်မားရေးနှင့် ပတ်သက်ပြီး အတိတ်ကာလများကကဲ့သို့ နာမည်ဖော်ထုတ် အပြစ်တင်ခြင်း (naming and shaming) အစား လူ့အခွင့်အရေးဆိုင်ရာကိစ္စများတွင် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းလျက် နိုင်ငံသားအားလုံး တန်းတူရည်တူ အခွင့်အရေးပေးရေး၊ အခြေခံလူ့အခွင့်အရေးများကို လေးစားရေး၊ အမုန်းတရားပြောကြားချက်များကို တိုက်ဖျက်ရေး၊ နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်များတွင် ပိုမိုပါဝင်နိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်နိုင်ရေးတို့အတွက် ပံ့ပိုးကူညီရေးတို့ကို ပြုလုပ်သွားရန် မြန်မာ့လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ဦးဆောင်တင်သွင်းသူ ဥရောပသမဂ္ဂက ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ပါသည်။

၂၁ စက်တင်ဘာ ၂၀၁၆ နေ့က ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ပြောကြားခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မူဝါဒရေးရာ မိန့်ခွန်းပြောဆိုခဲ့ရာတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများကြား ချစ်ကြည်စွာဖြင့် ထာဝရငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သွားနိုင်ရေးအတွက် လုပ်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံနှင့် ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိမှု၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် သန္နိဋ္ဌာန်ချ ဆောင်ရွက်သွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိစ္စနှစ်ရပ်ကို ထည့်သွင်းပြောကြား သွားခဲ့ပါသည်။

လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးကို လျစ်လျူရှုနေသရွေ့ လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့နေရမည်မှာ အမှန်။ ထို့အတူ လက်နက်ကိုင်ပဋိပက္ခများ ရှိနေသရွေ့ လူ့အခွင့်အရေး ချိုးဖောက်မှု ပြဿနာများကို ရင်ဆိုင်နေရမည်မှာ အမှန်။

တန်းတူညီရေးနှင့် ငြိမ်းချမ်းရေး ဆိတ်သုဉ်းနေသရွေ့ လူ့အခွင့်အရေး ဆုံးရှုံးမှုများရှိနေမည်မှာ အမှန်။

ယခုအခါ လူထုခေါင်းဆောင်အနေဖြင့် လည်းကောင်း၊ မြန်မာ့ဒီမိုကရေစီရေး ခေါင်းဆောင်အနေဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံအနေဖြင့် လည်းကောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာတွင်ပါ ထောက်ခံယုံကြည်မှုများစွာရနေသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လည်းကောင်း ယခုကဲ့သို့ စွမ်းဆောင်အောင်မြင်နိုင်ခဲ့ခြင်း၏ အဓိကအကျဆုံးအချက်မှာ မြန်မာပြည်သူလူထု၏ ဆန္ဒသဘောထားကို ထင်ဟပ်ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ယင်းသည်ပင် ပြည်သူလူထု၏ သြဇာအရှိန်အဝါ မြင့်တက်လာခြင်းကြောင့်ဟု ဆိုရပါမည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရအဖွဲ့သစ်တို့၏ ပြည်သူ့ဆန္ဒသဘောထားကို ရှေးရှုအခြေခံသည့် ဦးဆောင်မှုနှင့်အတူ ပြည်သူလူထု၏ ထောက်ခံအားပေးကူညီ ဝန်းရံမှုတို့ဖြင့် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ အမြန်ဆုံး ရောက်ရှိနိုင်ပါစေသတည်း။ ။




## မြန်မာနိုင်ငံ လူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ မြန်မာ-ဂျပန် အလှူရှင်များကျောင်းဆောင်သစ်လှူ




**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုခသမ္ပတ္တိဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းဆောင်သစ်နှစ်ဆောင် လှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်က အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ် နှစ်ဆောင်ကို နိုင်ငံတော်ဗဟို ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးဆရာတော် တိုင်းဒေသကြီးအတွင်းရေးမှူး ဘဒ္ဒန္တသုစိဏ္ဏာလင်္ကာရနှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း အတွင်းရေးမှူး ဦးရဲထွဋ်တို့၏ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံမှ အလှူရှင်များဖြစ်ကြသော Mr. Araishi Kunio နှင့် Mrs. Oosawa Minako တို့၏ကိုယ်စား Mr.Giichiro Araishi ကငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ဂျပန်နိုင်ငံ BLUE WALL PARTNERS Co.,Ltd. ဥက္ကဋ္ဌ Mr. Nakazaki Kazuhiro ကငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ စာသင်ကျောင်းဆောင်တစ်ဆောင်နှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးက ကျောင်းဆောင်ပြုပြင်ခြင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် Mr.Yamamoto Makoto၊ Mr.Hayashi Nobuyuki နှင့် Mr. Sawachi Shunichi တို့က ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိကျောင်းလွယ်အိတ်၊ စာရေးကိရိယာ၊ ဆရာထိုင်ခုံနှင့် စားပွဲတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွေး**

## မြေယာလျော်ကြေးငွေပေးအပ်

**ကျောက်တံခါး စက်တင်ဘာ ၂၄**

ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဇဒိ-ကျွန်းကုန်း လမ်းဖောက်လုပ်စဉ် လမ်းရေိယာအတွင်း ပါဝင်သွားသော တောင်သူများအား မြေယာလျော်ကြေးငွေပေးအပ်ပွဲကို စက်တင်ဘာလ တတိယပတ်က မြို့နယ် ထွေ/အုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးသိန်းက မြေယာလျော်ကြေးငွေပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကာ တာဝန်ရှိသူများက မြေယာလျော်ကြေးငွေများကို တောင်သူများသို့ပေးအပ်သည်။

အဆိုပါလမ်းဖောက်လုပ်စဉ် လမ်းဧရိယာအတွင်း ပါဝင်သွားသော မြေယာဧရိယာမှာ ၁၄ ဒသမ ၆၈ ဧကဖြစ်ပြီး လျော်ကြေးရရှိသူ တောင်သူ ၁၆ ဦးကို လျော်ကြေးငွေစုစုပေါင်း ၁၄၉၂၆၀၀၀ ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၉-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❍ *ရှေ့စာမျက်နှာမှ*

ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပေါင်းလောင်း ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆည်ရေပေးဝေမှုအခြေအနေ၊ တမံကြံ့ခိုင်ရေး စစ်ဆေးတိုင်းတာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိပြီး ပေါင်းလောင်းမြေအောက် ဓာတ်အားပေးစက်ရုံ ပုံစံငယ်အား ကြည့်ရှုသည်။

ထို့နောက် စက်ရုံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဒေါက်တာဝင်းမြင့်တို့က စက်ရုံဆိုင်ရာ အချက်အလက်များ၊ စစ်တောင်းမြစ်ဝှမ်းအတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ်စက်ရုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရေအားလျှပ်စစ် ထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ပင်မထိန်းချုပ်ခန်းအား ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးကိုကိုနိုင်က လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုအခြေအနေများ၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဓာတ်အားပို့လွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေါင်းလောင်းရေလှောင်တမံကို ၁၉၉၈-၁၉၉၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ - ၂၀၀၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ အဆိုပါ ရေလှောင်တမံသည် ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး အမြင့်ပေ ၄၃၀၊ အလျားပေ ၃၁၀၀ နှင့် ကန်ရေလှောင်ပမာဏ ဧကပေ ၅၄၉၄၂၀ ရှိသည်။ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၇၀ မဂ္ဂါဝပ် လေးလုံးတပ်ဆင်ထားပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်သည့်ဓာတ်အား ၉၁၁ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဒေါက်တာမောင်မောင်ကျော်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် နန်ချိုရေအားလျှပ်စစ်ပင်မထိန်းချုပ်ခန်းနှင့် ရေထိန်းတမံများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် အထက်ပေါင်းလောင်း စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ အထက်ပေါင်းလောင်းတမံ၊ ရေပိုလွှဲမှ ရေကျော်ဆင်းမှုအခြေအနေအား ကြည့်ရှုသည်။

ဒုတိယသမ္မတသည် အထက်ပေါင်းလောင်းတမံရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက အထက်ပေါင်းလောင်းတမံနှင့် ရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အချက်အလက်များ၊ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေဝပ်ဧရိယာအတွင်း ရေဝင်ရောက်မှု၊ ပြည်သူများထံ ကြိုတင်အသိပေးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တမံများ၏ ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ်အလေးထားကြပ်မတ်နိုင်ရေးနှင့် ဓာတ်အားပေးစက်ရုံနှင့် ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် ပင်မဓာတ်အား ထိန်းချုပ်ခန်း၊ တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ရေပိုလွှဲမှ ရေကျော်ဆင်းမှု အခြေအနေ၊ တမံကြံ့ခိုင်မှုအား နေ့စဉ်စစ်ဆေးထားရှိမှုအခြေအနေများနှင့် ပေါင်းလောင်း ရေလွှဲ တမံအား ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ နိုဝင်ဘာတွင် တည်ဆောက်ပြီးစီးခဲ့သည်။ ပင်မတမံသည် ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃၇၉၂၃၁ ဧကပေရှိသည်။ ဓာတ်အားပေးစက်ရုံ ဓာတ်အားပေးစက် နှစ်လုံး တပ်ဆင်စက်အင်အား ၁၄၀ မဂ္ဂါဝပ်ရှိပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်းခန့်ကို မဟာဓာတ်အားကွန်ရက်စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။

ပေါင်းလောင်းမြစ်ပေါ်၌ မဂ္ဂါဝပ် ၁၀၀ ထွက်ရှိမည့် အလယ်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




**အထက်ပေါင်းလောင်းရေလှောင်တမံအား တွေ့ရစဉ်** (သတင်းစဉ်)

# ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရမည်းသင်း စက်တင်ဘာ ၂၄**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ဒုတိယရဲမှူးကြီး ကျော်မိုး ဦးစီးသော အရာရှိ ၂၅ ဦး၊ အခြားအဆင့် ၇၈ ဦး စုစုပေါင်း ၁၀၃ ဦးသည် ယနေ့ နံနက် ၇ နာရီခွဲက ပျဉ်းတပ်ရပ်ကွက်ရှိ ရွှေမင်းဝံ ဘုရားဝင်းအတွင်း ချုံနွယ်ပေါင်းမြက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အား ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် အမျိုးသား ကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်နှင့် အမျိုးသမီးကင်းထောက်ကြီးများ စက်တင်ဘာ ၂၃ ရက်က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ငြိမ်းချမ်းရေးအထိမ်းအမှတ် အာဆီယံသပြေပင်များကို စိုက်ပျိုးကြစဉ်** ကိုလတ်(သတင်းစဉ်)

# ပြည်တော်သာကျေးရွာ ဆယ်မားအူးလ် အွန်ဒုန်းစီမံကိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းခင်း

**ပဲခူး စက်တင်ဘာ ၂၄**

ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျေးရွာငါးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်တော်သာကျေးရွာမှ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်း သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာပြည်သူလူထု နားလည်သဘောပေါက်ရန် အစည်းအဝေးများ ခေါ်ယူရှင်းလင်းကာ ရွာသူ ရွာသားများအား ပူးပေါင်းပါဝင်လာစေသည်။



ပြည်တော်သာကျေးရွာ၌ အရှည်ပေ ၁၈၅၀၊ အမြင့်ခြောက်လက်မ၊ အကျယ် ၁၀ ပေရှိသော မြေသားလမ်းပြုပြင်ခြင်း၊ ဆေးခန်းမြေနေရာပြုပြင်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများအတွက် လူဦးရေ ၂၀၁ ဦးအား ချေးငွေများထုတ်ပေးပြီး ဝင်ငွေတိုးပွားရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

လာမည့်ပွင့်လင်းရာသီတွင် မြေသားလမ်းမှ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်တော်သာ ကျေးရွာ ဆယ်မားအူးလ်အွန်ဒုန်းစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက ပြောကြားသည်။

**(မြန်မာ့အလင်း)**

❒ *ရှေ့စာမျက်နှာမှ*

(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို နောက်ခြောက်လအကြာမှာ ကျင်းပမယ်။ အဲဒီလို မကျင်းပခင် တစ်နိုင်ငံလုံးမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ကြမယ်။ အဲဒီအခါကျရင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေဘက်မှာ NCA လက်မှတ်ထိုးခြင်း၊ မထိုးခြင်းဆိုတာက အသိအမှတ်ပြုခြင်း၊ မပြုခြင်းဆိုတဲ့ အချက်တွေအပေါ်မှာ မူတည်နေတယ်။ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကတော့ သူတို့အားလုံး ပါဝင်လာအောင် ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆွေးနွေးတဲ့အခါမှာတော့ အကောင်းဆုံးရလဒ်ထွက်ပေါ်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်” ဟုပြောသည်။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ဆွေးနွေးရာတွင် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်၊ အဖွဲ့ဝင် ဒေါက်တာမင်းဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ဦးအောင်စိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) တို့ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များက NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဩဂုတ်လအတွင်းက ရန်ကုန် NRPC ၌ကျင်းပသည့် Framework Review အစည်းအဝေးတွင် မူကြမ်းရှစ်ချက်ကို အဆိုပြုတင်သွင်းထားသော်လည်း စက်တင်ဘာ ၁၆ ရက်က ကျင်းပသည့် Framework Review အစည်းအဝေးသို့မူ တက်ရောက်နိုင်ခြင်း မရှိပေ။

နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်နိုင်မှုအခြေအနေကို ဦးဇော်ဌေးက “DPN နဲ့ပတ်သက်ပြီး ကျွန်တော်တို့ လုပ်ဆောင်ခဲ့တဲ့ဟာတွေ ကတော့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးတွေမှာ UNFCကိုယ်စားလှယ်ဖြစ်တဲ့ DPN ကို ပါဝင်ဖို့ ဖိတ်ခေါ်ခဲ့တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမ အစည်းအဝေးအတွက် ပူးတွဲကော်မတီနဲ့ အစည်းအဝေးကျင်းပဖို့ ဆောင်ရွက်တဲ့နေရာမှာ အစိုးရရယ်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရယ်၊ နိုင်ငံရေးပါတီတွေရယ် ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမှာတော့ NCA လက်မှတ်ထိုးပြီးသားရော မထိုးရသေးတဲ့ အဖွဲ့တွေပါ ပါဝင်လာနိုင်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမ အစည်းအဝေးမှာလည်း UNFC တက်ရောက်နိုင်ဖို့၊ သူတို့ရဲ့ရပ်တည်ချက်သဘောထားတွေ ပြောကြားနိုင်ဖို့၊ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ တန်းတူညှိနှိုင်းပါဝင်ဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ UNFC နဲ့ ကျွန်တော်တို့ ဆွေးနွေးနေတာ သူတို့ Statement ထုတ်ထားတဲ့ အချက်ရှစ်ချက်ရှိတယ်။ အဲ့ဒီ ရှစ်ချက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဖိတ်ခေါ်တယ်။ ဆွေးနွေးဖို့ တံခါးဖွင့်ထားတယ်”ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်ကို ဇူလိုင် ၁၁ ရက်က နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်၌ ပြုလုပ်သော တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းကို ကြည့်ရှုစစ်ဆေးစဉ် (မြဝတီ)

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းရည်ပြည့်ဝစွာထမ်းဆောင်နိုင်ရန် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၄**

အချိန်၊ ငွေ၊ လုပ်အားများစွာ အကုန်အကျခံပြီး လေ့ကျင့်နေခြင်းသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းရည်ပြည့်ဝစွာ ထမ်းဆောင်နိုင်ရန်ဖြစ်ကြောင်း၊ ယခုပြုလုပ်သည့် လေ့ကျင့်ခန်းသည် ပြည်ပရန် ကာကွယ်ရေးအတွက် သမားရိုးကျစစ်ဆင်နွှဲနိုင်ရန် အဓိကရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း၊ ကာကွယ်ရေး၊ စစ်ရေးဆိုသည်မှာ ကောက်ကာငင်ကာလုပ်၍မရဘဲ ကြိုတင်ပြင်ဆင်မှု၊ လေ့ကျင့်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းအလိုက် လေ့ကျင့်သားပြည့်ဝအောင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်၌ ပြုလုပ်သော တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းကို ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြားစဉ် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ လေ့ကျင့်ခန်းတွင်ပါဝင်သည့် လေ့ကျင့်ရေးခေါင်းဆောင်က လေ့ကျင့်ခန်း အကြောင်းအရာနှင့် ပတ်သက်၍ သဲမြေပုံဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့ကျင့်ခန်းတွင်ပါဝင်သည့် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များသည် တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်မှုကို ဆောင်ရွက်စဉ် လေကြောင်းချီတပ်ဖွဲ့များက ရန်သူ့အုပ်ချုပ်ထောက်ပံ့ရေးစခန်းနေရာကို စီးနင်းတိုက်ခိုက်ရန်ပြင်ဆင်ခြင်း၊ ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ရန်သူ့ဆက်သွယ်ရေးနှင့် ရေဒါစခန်းနေရာကို စီးနင်းတိုက်ခိုက်ခြင်း၊ တပ်မတော်(လေ)မှ ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များဖြင့် ရန်သူ့ပစ်မှတ်အသီးသီးကို ကြိုတင်ချေမှုန်းခြင်း၊ အမြောက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ အတွဲလိုက်ဒုံးများပစ်ခတ်ခြင်း၊ ခြေလျင်အကူလက်နက်ကြီးများဖြင့်ပစ်ခတ်၍ ကြိုတင်ချေမှုန်းခြင်းများ ဆောင်ရွက်ကြပြီး တိုက်ပွဲပုံစံအဆင့်လိုက် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များက ထိုးဖောက်ဝင်ရောက်၍ ချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ကြသည်။

ယင်းနောက် ရန်သူ၏ နောက်ပိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များအား အမြောက်တပ်ဖွဲ့များက ပစ်ခတ်ချေမှုန်းခြင်း၊ တိုက်ပွဲဝင်တပ်ဖွဲ့များက ပူးပေါင်းပြီး စီးနင်းတိုက်ခိုက်ခြင်းနှင့် ရန်သူကို ပိတ်ဆို့ခြင်း၊ တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသူများကို အရေးပေါ်လူနာတင်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ အရေးကြီးလူနာများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်ခြင်း၊ မိမိတပ်များအတွက် လေကြောင်းမှ ခဲယမ်း၊ ရိက္ခာချပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတစ်ခုလုံး၏ အနှစ်သာရမှာ လေ့ကျင့်ခန်းတွင် ပါဝင်သည့် ကြည်း၊ လေ၊ အမြောက်၊ သံချပ်ကာနှင့် အခြားလက်ရုံးတပ်ဖွဲ့အားလုံး၏ ဟန်ချက်ညီ အချိန်ကိုက်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ယုံကြည်မှုရှိခြင်း၊ အချိန်တိကျမှုနှင့် အချိန်ကို တန်ဖိုးထားလေးစားမှုရှိခြင်း၊ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်ခြင်း၊ အမိန့်နာခံမှုကောင်းမွန်ခြင်းတို့ကို အားသာချက်အဖြစ် တွေ့ရှိရကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်၍ တပ်ဖွဲ့အလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ပြင်ဆင်ဖြည့်စွက် စီမံဆောင်ရွက်ခြင်းဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပိုမိုတိုးတက်မြင့်မား၍ စွမ်းရည်ရှိသည့်တပ်မတော် ဖြစ်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် ခြေလျင်နှင့် အကူလက်ရုံးတပ်များမှ အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အဆိုပါလေ့ကျင့်ခန်းသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်နှင့် စစ်ဦးစီးတက္ကသိုလ်တို့မှ သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြပြီး ပြည်တွင်းသတင်းမီဒီယာများလည်း တက်ရောက်သတင်းရယူကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သတင်းမီဒီယာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေး မိတ်ဖက်များအဖွဲ့အား အဆုံးသတ်ရန်တိုက်တွန်း

**နယူးယောက် စက်တင်ဘာ ၂၄**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးမိတ်ဖက်များ အဖွဲ့ Partnership Group for Peace, Development and Democracy in Myanmar (PGM) ၏ အဆင့်မြင့် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည်။ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက အဖွင့် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေး၌ ရလဒ်ကောင်းများ တွေ့မြင်နေရကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်အပေါ် မြန်မာပြည်သူ လူထုက တစ်ခဲနက်ရွေးချယ်ခဲ့ခြင်းသည် ၎င်းတို့၏ ယုံကြည် ကိုးစားမှုထားရှိခြင်းကို ပြသနေကြောင်း၊ လွန်ခဲ့သောနှစ်များ အတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရုန်းကန် ပေးဆပ်ခဲ့မှုများအပေါ် အသိအမှတ်ပြုခြင်းဖြစ်ကြောင်း၊ မိမိ အနေဖြင့်လည်း ဩဂုတ်လကုန်က နေပြည်တော်၌ ကျင်းပခဲ့ သည့် (၂၁)ရာစုပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းသည် ကုလသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိစ္စတွင် အလေးထားမှုကို ပြသခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တွင် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများရရှိနေပြီဖြစ်သဖြင့် ယခု PGM အဖွဲ့အား အဆုံးသတ်ရန် စဉ်းစားသင့်ပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။




ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးမိတ်ဖက်များ အဖွဲ့ အဆင့်မြင့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်ဆွေးနွေးစဉ်

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ ကို ရှင်းလင်းပြောကြားရာ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ကူညီပံ့ပိုးပေးသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများနှင့် နိုင်ငံတကာ ၏ ကြီးမားသည့်မျှော်မှန်းချက်များကို အကောင်အထည်ဖော် ပေးရန် အစိုးရအနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါ ကြောင်း၊ မကြာသေးမီကလည်း အားလုံးပါဝင်မှုနှင့် ပြည်ထောင်စု စိတ်ဓာတ်အပေါ်တွင် အခြေခံထားသည့် (၂၁)ရာစု ပင်လုံ ညီလာခံကို ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ ယင်းညီလာခံသည် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရ ငြိမ်းချမ်းရေးရရှိရန် အရေးပါသည့် ပထမခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ အစိုးရ အနေဖြင့် ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာ ဝပြောမှု ရရှိရေးအတွက် ဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချထား ပါကြောင်း။

မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံများနည်းတူ ကုလသမဂ္ဂနှင့် အပြုသဘောဆောင်၍ တက်ကြွစွာဖြင့် ပုံမှန်ဆက်ဆံရေး ပြုလုပ်နိုင်သည့် အခွင့်အလမ်းတစ်ရပ်ကိုပေးရန် အချိန်ကျရောက် နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ တိုးတက်မှုများဖြစ်ပေါ် နေပြီဖြစ်သည့်အတွက် ကုလသမဂ္ဂအနေဖြင့် ယခင်နှစ်များ နည်းတူ ထားရှိသည့် ယန္တရားအမျိုးအပြားဖြင့် မြန်မာနိုင်ငံ အပေါ် စောင့်ကြည့်သွားရန် မလိုအပ်တော့ပါကြောင်း၊ သို့ဖြစ်၍ အထူးအကြံပေးပုဂ္ဂိုလ်၏ လုပ်ပိုင်ခွင့်တာဝန် (Mandate) အပါအဝင် အတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုကဏ္ဍနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်း တင်သွင်းနေခြင်းတို့ကို အဆုံးသတ်ရန် အချိန်ကျရောက်ပြီ ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် PGM အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အပြုသဘောပါဝင်ဆွေးနွေးကြပြီး နိုင်ငံအများစုက မြန်မာ နိုင်ငံကိစ္စကို ဆွေးနွေးရန် ဖွဲ့စည်းထားသည့် PGMအဖွဲ့အား အဆုံးသတ်ရေးနှင့် ပတ်သက်၍ ထောက်ခံပြောကြားခဲ့ကြသည်။ အစည်းအဝေးတွင် အီးယူ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲက ကုလသမဂ္ဂတွင် လွန်ခဲ့သည့် ၂၅ နှစ်လုံးလုံး အီးယူက ဦးဆောင်တင်သွင်းခဲ့သော မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အဆိုမူကြမ်းကို ယခုနှစ်တွင် တင်သွင်းခြင်း ပြုတော့မည်မဟုတ်ကြောင်းဖြင့် ပြောကြားသည်။

PGM အဖွဲ့ဝင် ၁၅ နိုင်ငံတွင် ဩစတြေးလျ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ ဂျပန်၊ နော်ဝေ၊ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်၊ အမေရိကန်၊ ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။

**(သတင်းစဉ်)**

# နိုင်ငံပေါင်းစုံမှ ပညာရှင်များနှင့်ပူးပေါင်းကာ ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစစ်တမ်းကောက်ယူသွားမည်




**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ စိတ်ကျန်းမာပညာအဖွဲ့က ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် စိတ်ကျန်းမာပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပရာ **(ယာပုံ)** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံပေါင်းစုံမှ ပညာရှင်များနှင့် ပူးပေါင်းကာ ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေး စစ်တမ်း ကောက်ယူခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ဒေသများတွင် နောက်ဆက်တွဲ စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမို ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် စိတ်ကျန်းမာရေး ကဏ္ဍကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စိတ်ကျန်းမာရေးပါရဂူ ဘွဲ့လွန်သင်တန်းများကို ၂၀၁၇ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားပါကြောင်း၊ သင်ရိုး ညွှန်းတမ်း၊ သင်ကြားပုံ နည်းစနစ်များကို ပြန်လည်သုံးသပ်ပြီး ဆေးပညာကျင့်ဝတ် များကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စိတ်ကျန်းမာရေးဥပဒေကိုလည်း ပြန်လည်သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိတ်ကျန်းမာရေးပညာရပ် တိုးတက်ရေးအတွက် အငြိမ်းစားဆေးပညာရှင်ကြီးများထံမှ သင်ယူလေ့လာမှုများ ဆောင်ရွက်ကြရန်နှင့် စိတ်ကျန်းမာရေး သုနာပြုများ မွေးထုတ်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ရန်၊ ယခုညီလာခံမှ စာတမ်းများ၊ ပိုစတာများ၊ ဆွေးနွေးချက်များကို သေချာစွာမှတ်တမ်းပြုစုထားပြီး စိတ်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ရဲမြနှင့် စိတ်ကျန်းမာရေးပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဝင်းအောင်မြင့်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး စိတ်ကျန်းမာရေးဆေးရုံ၊ Recovery and Rehabilitation Unit မှ သမီးပျိုများက မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

အဆိုပါညီလာခံသို့ ပြည်တွင်း၊ ပြည်ပမှ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်ပြီး စာတမ်းပေါင်း ၁၀ စောင်၊ ပိုစတာ ၁၀ ခု တို့ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။

ညီလာခံကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကာ "CHANGE : The Way Forward To Achieve Better Mental Health Services" "ပိုမိုကောင်းမွန်သော စိတ်ကျန်းမာရေး စောင့်ရှောက်မှုသို့" ဆောင်ပုဒ်ကိုဦးတည်ကာ တင်ပြဆွေးနွေး သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခြေခံကျောင်းပေါင်း ၁၀၀ ရှိ ဆရာ ဆရာမများကို အင်္ဂလိပ်ဘာသာရပ်သာမက ICT ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၄**

(၁၇)ကြိမ်မြောက် အင်္ဂလိပ်ဘာသာ သင်ကြားရေးနှီးနှောဖလှယ်ပွဲ (ELT Conference 2016) ဖွင့်ပွဲအခမ်းအနားကို "English and Opportunities" ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပဆောင်ရွက်သည့် ဗြိတိသျှကောင်စီအနေဖြင့် မြန်မာနိုင်ငံရှိ အင်္ဂလိပ်ဘာသာပြ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ၁၇ နှစ် တိုင်ပြီဖြစ်ပါကြောင်း၊ ဗြိတိသျှကောင်စီ၏ ကူညီပံ့ပိုးမှုအစီအစဉ်များတွင် ကွန်ဖရင့်များ ကျင်းပခြင်းသာမက သင်တန်းအစီအစဉ်များ ဆောင်ရွက်ခြင်း၊ သင်ထောက်ကူပစ္စည်းများထောက်ပံ့ခြင်းနှင့် ဘာသာရပ်အသီးသီးမှ ဆရာ၊ ဆရာမများ၏ အရည်အသွေးတိုးမြှင့်ရေးဆောင်ရွက်ခြင်းကို ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိသည့် ဘက်စုံဖွံ့ဖြိုး လွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လုပ်ငန်း သုံးသပ်ရေးလုပ်ငန်းကို လုပ်ငန်းစတင်သည့် ကာလမှပင် ဗြိတိသျှကောင်စီက စတင်ကူညီထောက်ပံ့ပေးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ ပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အပြီးသတ်ရေးဆွဲလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "Connecting Classrooms Project" ဖြင့် မြန်မာနိုင်ငံရှိ အခြေခံကျောင်းပေါင်း ၁၀၀ တွင် ဆရာ ဆရာမများနှင့် ကျောင်းအုပ်ကြီးများကို ၂၁ ရာစု ကျွမ်းကျင်မှုများ တိုးမြှင့်လျက် အင်္ဂလိပ်ဘာသာရပ်များ သာမက ICT ကျွမ်းကျင်မှုများကိုပင် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍသာမက အဆင့်မြင့်ပညာကဏ္ဍ တွင်လည်း သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးနှင့် အရည်အသွေး မြင့်မားရေးအတွက် အဆင့်မြင့်ပညာကဏ္ဍ နိုင်ငံတကာ ပညာရှင်များကို ခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများကို EFECT စီမံချက်ဖြင့် အရည်အသွေးမြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ယခု ကွန်ဖရင့်တွင် အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွန်ဖရင့်၏ 'Theme' ဖြစ်သော "English and Opportunities" ကိုကြည့်ပါက အင်္ဂလိပ်စာတတ်ကျွမ်းမှုနှင့် ဘာသာရပ်ပေါင်းစုံ




ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဖွံ့ဖြိုးတိုးတက်စေနိုင်သည်ကို ပေါ်လွင်စေပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကွန်ဖရင့်ကို ဗြိတိသျှကောင်စီ မြန်မာ၊ ဗြိတိသျှကောင်စီ သီရိလင်္ကာ၊ Scholastic Asia ၊ Success Language Academy ၊ Network International School ၊ Myanmar Mobile Education project ၊ National Geographic Learning ၊ Reward English Language Centre ၊ ဗြိတိသျှကောင်စီ ဗီယက်နမ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ Wave Myanmar ၊ ဗြိတိသျှကောင်စီ ဟောင်ကောင် ၊ Mote Oo Education ၊ Myanmar Metropolitan College ၊ ဗြိတိသျှကောင်စီ မလေးရှားတို့မှ ဆရာ ဆရာမများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ ၅၆ ခုကို စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲရေး ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းသည် JICA Myanmar Office မှ Chief Representative, Mr. Keiichiro NAKAZAWA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ( National Personnel Authority) နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် အဆင့်မြင့်အရာထမ်းများကို သင်တန်း ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ပညာသင်ဆု ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် လတ်တလောဆောင်ရွက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း အကယ်ဒမီ (Civil Service Academy) ဖွင့်လှစ်ရေး၊ CSA တွင် သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကိစ္စရပ်များတွင် JICA မှ ပညာရှင်များ ပူးပေါင်းပါဝင်ကူညီနိုင်ရေး၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များရှိ ပညာဌာန ခုနစ်ခုတွင် သင်ကြားမည့် ဆရာ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေး အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ Training of Trainers (TOT) သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု သင်တန်းတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သင်တန်းသားစေလွှတ်နိုင်ရေးကိစ္စများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ပဲခူးကုန်းမြို့ အထက အာစရိယပူဇော်ပွဲကျင်းပမည်

**ပဲခူးကုန်း စက်တင်ဘာ ၂၄**

ပဲခူးကုန်းမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ပဲခူးကုန်းမြို့ အထက ပညာတံခွန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အဆိုပါ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဦးဌေးဝင်း ဖုန်း-၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ(မင်္ဂလာဈေး) ၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း(ဂမုန်းပွင့်) ၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ၀၉-၅၀၂၀၁၀၄၊ ဦးထွန်းချစ်အောင် ၀၉-၅၃၈၈၃၂၁၊ ဦးနေဝင်း (ဇေယျာညွန့်) ၀၉-၇၉၀၁၄၇၃၀၂၊ ဦးမိုးကျော်စွာ(ဇောတိက) ၀၉-၅၁၇၀၇၅၆ ၊ ဦးဝင်းကျော်သူ(ရွှေဆိုင်) ၀၉-၄၂၈၁၉၄၃၄၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၄**

ပြည်သူများ၏ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆိုပြု တင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရန်အတွက် စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့၏ (၄/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသည်။

ယင်းအစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနအောက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ပညာရေးကောလိပ်(၁)ကျောင်းနှင့် ကယားပြည်နယ် လွိုင်ကော်၊ ချင်းပြည်နယ် ဟားခါးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာပညာရေးကောလိပ်များတွင် လေ့ကျင့်ရေးအလယ်တန်းကျောင်းအသစ်များ ဖွင့်လှစ်ရန်ခွင့်ပြုခဲ့သည်။ ထို့ပြင် အခြေခံပညာဦးစီးဌာနအောက်ရှိ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မင်းပြင်ကျေးရွာ ဆ/ကျွန်းချောင်(ဆင်ဘုတ်ကျွန်းချောင်) ကျေးရွာနှင့် သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၃) ကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ဇင်ကျွန်းကျေးရွာနှင့် တောင်ကုတ်မြို့နယ် သက္ကယ်ကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၂) ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်တွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဘေးသောင်ကျေးရွာ၊ ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် သစ္စေးကုန်းကျေးရွာနှင့် ငွေတောင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲသုံးခု အသစ်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပါသဖြင့် ယင်းဒေသရှိ ပြည်သူတို့၏ ပညာရေး အဆင့်အတန်း မြင့်မားလာစေရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြည့်ဝစွာ ရရှိခံစားနိုင်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေအားလျှပ်စစ်ကဏ္ဍ၏ ကောင်းမွန်သောကျင့်သုံးမှုစနစ်များကို ဆန်းစစ်ခြင်း

■ ဦးကြည်သာ(ဂွ)



ရဲရွာရေလှောင်တမံနှင့် တပ်ဆင်စက်အင်အား ၇၉၀ မဂ္ဂါဝပ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

ရောဝတီမြစ်ဆုံ၊ မြစ်ညာ၊ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းလိုက်ကြောင်း ၁၂-၈-၂၀၁၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ထုတ်ပြန်ခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက်တွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ၆၀၀၀ မဂ္ဂါဝပ် အပါအဝင် မြစ်ညာ၊ မြစ်ဝှမ်းများတွင် ရေအားစီမံကိန်း ရှစ်ခု စုစုပေါင်း မဂ္ဂါဝပ် ၁၉၀၉၉ အကောင်အထည်ဖော်ရန် လျာထားခဲ့သည်။

ဤစီမံကိန်းများနှင့်ပတ်သက်၍ ပြည်သူလူထုများမှ မကျေမနပ်ဖြစ်ပြီး ကန့်ကွက်ဆန္ဒပြမှုများကြောင့် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၉-၉-၂၀၁၁ ရက်စွဲပါ သဝဏ်လွှာဖြင့် ရပ်ဆိုင်းလိုက်ကြောင်း လွှတ်တော်သို့တင်ပြ ရပ်ဆိုင်းခဲ့ပါသည်။ သမ္မတ၏သဝဏ်လွှာတွင် မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကိုမပြုလုပ်စေဘဲ ရပ်ဆိုင်းမည်ဟု ဖော်ပြခဲ့ပါသည်။ သို့ဖြစ်၍ ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်တွင် ယခင်အစိုးရလက်ထက်က ရပ်ဆိုင်းခဲ့သောစီမံကိန်းများကို ဆက်လက်ရပ်ဆိုင်းမည်လား၊ ဆက်လက်လုပ်ဆောင်မည်လားဆိုတာကို ဆုံးဖြတ်ရမည်ဖြစ်သဖြင့် ဤကဲ့သို့ ကော်မရှင်ဖွဲ့စည်းပြီး အကြံဉာဏ်ရယူခြင်း ဖြစ်ပါသည်။

၂၀၀၂ ခုနှစ် မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၅၀ တွင်ရှိသော ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လုပ်နိုင်စွမ်း စုစုပေါင်း မဂ္ဂါဝပ် ၆၃၅၀၀၀ ရှိပြီး လျှပ်စစ်ထုတ်လုပ်မှု စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ ရေအားလျှပ်စစ်စီမံကိန်းများသည် သက်ဆိုင်ရာနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများရှိလာရာ နိုင်ငံ၏အခြေအနေ၊ ပထဝီဝင်အနေအထား၊ စီမံကိန်းပမာဏစသည်ဖြင့် နေရာဒေသအလိုက် မတူကွဲပြားခြင်းများ ရှိကြပါသည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီ (International Energy Agency-I.E.A)ဟုခေါ်သော အဖွဲ့အစည်းကြီး၏ နိုင်ငံပေါင်း ၂၀ မှ ရေအားလျှပ်စစ်စက်ရုံ ၆၀ ကို လေ့လာခဲ့ပြီး ရေအားလျှပ်စစ်ကဏ္ဍ၏ ကောင်းမွန်သောကျင့်သုံးမှုစနစ်များကို ဆန်းစစ်သည့် အစီရင်ခံစာ(IEA Hydropower Good Practices Report)ကို ပြုစုရေးသားခဲ့ပါသည်။

အဆိုပါ လေ့လာချက်အစီရင်ခံစာသည် ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့်ဒေသတွင် နေထိုင်ကြသော လူမျိုးစုများတို့အတွက် အထောက်အကူပြုမည်မှာ မလွဲကေန်ဖြစ်ပါသည်။

ရေအားလျှပ်စစ်၏ ကောင်းမွန်သော ကျင့်သုံးစနစ်များ (Hydropower Good Practices)ကို မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ပါသနည်းဟုမေးပါက အဖြေမှာ ပြီးမြောက်ပြီးခဲ့သော ရေအားလျှပ်စစ်စက်ရုံများနှင့် နောင်အနာဂတ်တွင်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအပေါ် မတူကွဲပြားသော တိုင်းပြည်၊ ဒေသများမှ လက်ခံနိုင်သောအချက်များကို စူးစမ်းခြင်း၊ လက်မခံနိုင်သည့်အချက်များကိုရှာဖွေပြီး နည်းပါးအောင်ပြုလုပ်ခြင်း စသည်တို့ပြုလုပ်၍ သုံးသပ်ချက်များရေးဆွဲခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ ရေအားလျှပ်စစ်စက်ရုံများမှ ရွေးချယ်စုဆောင်းရရှိသည့် ကောင်းမွန်သောအချက်များကို ကောင်းမွန်သော ကျင့်သုံးစနစ်များ Good Practice ဟု သတ်မှတ်ပါသည်။ ဤကဲ့သို့ သတ်မှတ်ချက်တွင် အောက်ဖော်ပြပါ အချက်နှစ်ချက်အပေါ် အလေးထားပါသည်။ ပထမအချက်မှာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာပြဿနာများကို အောင်မြင်စွာဖြေရှင်းပေးနိုင်သည့်အချက်များဖြစ်ပြီး ဒုတိယအချက်မှာ လူမှုရေးနှင့် ပတ်ဝန်းကျင် ဖြစ်ထွန်းမှုကြောင့် ရေအားလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေသည့်အချက်များ ဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များကို ကဏ္ဍကြီးလေးခု၊ အချက်ပေါင်း ၁၅ ခုဖြင့် အသေးစိတ် ခွဲခြားလေ့လာနိုင်ပါသည်။

**(က) ဇီဝ-ရူပဆိုင်ရာ သက်ရောက်မှုကဏ္ဍ**
(Bio-physical Impacts)
(၁) ဇီဝမျိုးစုံ-မျိုးကွဲများ (Biological Diversity)
(၂) ရေဇလစနစ် (Hydrological Regimes)
(၃) ငါးများရွှေ့ပြောင်းမှုနှင့် ရေကြောင်းသွားလာရေး ကိစ္စရပ်များ (Fish Migration & River Navigation)
(၄) ရေလှောင်တမံအနည်ထိုင်ခြင်း သို့မဟုတ် နုန်းပို့ချခြင်း (Reservoir Sedimentation/Siltation)
(၅) ရေအရည်အသွေး(Water Quality)
(၆) ရေလှောင်တမံ ရေသိုလှောင်မှု
(Reservoir Impoun-dment)
(ခ) လူမှုရေး-စီးပွားရေး အကျိုးသက်ရောက်မှု
(Socio-Economic Impacts)
(၇)ရေဝပ်ဧရိယာနေရာမှလူထုအား ရွှေ့ပြောင်းမှု
( Resettlements )
(၈) လူနည်းစုမျိုးနွယ်များ (Minority Groups)
(၉) လူထုကျန်းမာရေး (Public Health)
(၁၀) မြေယာရှုခင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များ
(Landscape & Cultural Heritage)
**(ဂ)ဖွံ့ဖြိုးတိုးတက်မှုအကျိုးရလဒ်များ ခွဲဝေမှု**
**(Sharing of Development Benefits)**
(၁၁) ဓာတ်အားထုတ်လုပ်မှု အကျိုးရလဒ်
(Benefits due to Power Generation)
(၁၂) ရေလှောင်တမံ၏စွမ်းဆောင်မှုအပေါ် အကျိုးရလဒ်
(Benefits due to Dam Function)
(၁၃) အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှု
(Improvement of Infrastructures)
(၁၄) ဒေသတွင်းစက်ရုံများ ဖွံ့ဖြိုးတိုးတက်မှု
(Development of Regional Industries)
(ဃ) သီးခြားဖော်ပြမထားသည့် ကဏ္ဍများ
(Non-Categorized)
(၁၅) အခြားအချက်များ

ဖော်ပြပါ အချက် ၁၅ ချက်အား နိုင်ငံအလိုက် အမှတ်ပေးထားသည်ကို တစ်ဖက်ပါဇယားတွင် မြင်တွေ့နိုင်ပါသည်။

အမှတ်ပေးဇယားကိုကြည့်ပါက ဂျပန်နိုင်ငံသည် ရမှတ်အများဆုံးရရှိသောနိုင်ငံ ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏အမိန့်ဖြင့် ဖွဲ့စည်းထားသော ရောဝတီမြစ်ဆုံ၊ မြစ်ညာ၊ မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် ယခုတင်ပြပါ ဆန်းစစ်ချက် နမူနာကဲ့သို့ ကဏ္ဍကြီးလေးခုဖြင့် ခွဲခြားလေ့လာဆန်းစစ်အမှတ်ပေးမည်ဆိုပါက အချက်(၁၀)မြေယာရှုခင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များ(Landscape and Cultural Heritage) တွင် နိုင်ငံ၏ Land Mark ဖြစ်သော မြစ်ဆုံရှုခင်း ပျောက်ကွယ်သွားခြင်းဆိုသည့် အချက်တစ်ချက်နှင့်ပင် ယခင်အစိုးရလက်ထက်က ရပ်ဆိုင်းထားပြီးဖြစ်သဖြင့် ယခုကော်မရှင်အနေဖြင့် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး ပိုမိုပြည့်စုံသောအမြင်ဖြင့် သုံးသပ်ကြမည်ဆိုပါက ပိုမိုပြီးပြည့်စုံသော အဖြေရရှိမည်ဟုယူဆပါကြောင်း တင်ပြအပ်ပါသည်။


**(Hydropower & Dams Volume Thirteen, Issue 5/2006 Journal မှ L-Nielisen ၏ IEA Hydropower Good Practices Report အား မှီငြမ်းပါသည်။)**

**Number of Good Practice Reports Classified by Regions and Key Issues(KI)**

| | Key Issues | Japan | Asia | North America | Europe | Middle East | Oceania | South America | Africa | Total | % |
|---|---|---|---|---|---|---|---|---|---|---|---|
| 1. | Biological diversity | 9 | 1 | 4 | 1 | - | 1 | 1 | 1 | 18 | 15.8 |
| 2. | Hydrological regimes | 3 | | 3 | 1 | - | 1 | - | - | 8 | 7.8 |
| 3. | Fish migration and river navigation | 2 | 1 | 3 | 1 | - | - | - | - | 7 | 6.1 |
| 4. | Reservoir sedimentation | 3 | 1 | - | - | - | - | - | - | 4 | 3.5 |
| 5. | Water quality | 5 | 1 | 3 | 1 | - | 1 | 1 | - | 12 | 10.5 |
| 6. | Reservoir impoundment | 1 | - | 1 | 2 | - | 1 | - | - | 5 | 4.4 |
| 7. | Resettlement | 1 | 5 | - | - | 1 | - | 1 | - | 8 | 7.0 |
| 8. | Minority groups | - | - | 4 | - | - | - | - | - | 4 | 3.5 |
| 9. | Public health | - | 1 | 1 | - | - | - | - | - | 2 | 1.8 |
| 10. | Landscape and cultural heritage | 3 | - | 2 | 2 | 1 | - | - | - | 8 | 7.0 |
| 11. | Benefits due to power generation | 5 | 1 | 1 | - | 1 | - | - | - | 8 | 7.0 |
| 12. | Benefits due to dam function | 1 | 3 | - | 1 | 1 | - | - | - | 6 | 5.3 |
| 13. | Improvement of Infrastructure | - | 4 | 3 | - | - | - | 1 | - | 8 | 7.0 |
| 14. | Development of regional industries | 5 | 3 | 2 | - | 1 | - | - | 1 | 12 | 10.5 |
| 15. | Others | 3 | - | - | - | - | 1 | - | - | 4 | 3.5 |
| | Total | 41 | 21 | 27 | 9 | 5 | 5 | 4 | 2 | 114 | |

**Number of Good Practice Reports in each KI includes the process which is applicable to sub-key issues.**

**စက်တင်ဘာ ၂၄ ရက်က ပဲခူးမြို့ပြည်သူ့ဆေးရုံတွင် ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုသောအားဖြင့် တိုင်း/ခရိုင်/မြို့နယ်ရှိ ရဲတပ်ဖွဲ့ဝင် ၁၁၉ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ရာ သွေးလှူဒါန်းရာသို့ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲမြင့်၊ ရဲဦးစီး(ပထမတန်း) ဒုတိယရဲမှူးကြီး အောင်ဆန်းဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်အောင်တို့က လိုက်လံကြည့်ရှုစဉ်**
(ဝ၅၁)




## သတင်းတို

### သီပေါ အောင်တော်မူစေတီတော် အုတ်မြစ်စီအခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သန္တိသုခ နိရောဓ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်မည့် အောင်တော်မူစေတီတော် အုတ်မြစ်စီအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့ပြီး မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် သာသနာရေးဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များက ဆရာတော်များထံမှ သီလခံယူကြပြီး စေတီတော်အတွက် အုတ်မြစ်များစီခဲ့ကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၄**

ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၃/၂၀၁၆)ကို စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီက ရခိုင်ပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးတွင် ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လုပ်ငန်းကော်မတီအနေဖြင့် (၁/၂၀၁၆)နှင့် (၂/၂၀၁၆) ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်မြောက် (၃/၂၀၁၆) ကို ပြည်နယ်အစိုးရရုံး၌ လာရောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီဒုတိယဥက္ကဋ္ဌများကို ဖြန့်ဝေပေးခဲ့ကြောင်း၊ (၃/၂၀၁၆) အစည်းအဝေးတွင် ဝန်ကြီးဌာနများအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီလုပ်ငန်းစီမံချက်များကို ကွဲလွဲမှုမရှိစေရေး စိစစ်ပြီး အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန် လိုကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများကို ပါဝါပွိုင့်များဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပြည်နယ်ဝန်ကြီးချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ပေါင်းစပ်ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်နယ်သဘာဝဘေးအန္တရာယ်အတွက် ဖိုက်ဘာစက်တပ်လှေ တစ်စင်းလျှင် ငွေကျပ် ၂၂ သိန်းတန်ဖိုးရှိ စက်လှေ ၁၀ စင်းနှင့် မြန်မာနိုင်ငံဆေးပညာကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၇၃၂၁၉၁၈ တန်ဖိုးရှိ ဆေးပစ္စည်းများကိုပေးအပ်ရာ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က လက်ခံယူခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**






***✻ ကျောဖုံးမှ***

အခင်းဖြစ်နေရာသို့ အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဆွေညွန့်၊ ရဲစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များက ရထားစီးခရီးသည်များအား လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မီးရထားတွဲဆိုင်းများအား အင်းတော်ဘူတာရုံပိုင်ကြီး ဦးတိုးတိုးက အမြန်ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ထားပြီး ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးချိန်နှင့် လမ်းအဆက်အသွယ်ရရှိချိန်များကို အချိန်နှင့် တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

***❐ ကျောဖုံးမှ***

အခြားစိန်ခေါ်ပွဲများအဖြစ် စောဘဦး (မြန်မာ)နှင့် ကြယ်စင်ဖြိုး (မြန်မာ)၊ အာမက် (ပါကစ္စတန်)နှင့် မိုဟာမက် (အီဂျစ်)၊ ဆာဒူလက်စ်(ရုရှား) နှင့် လူးကပ်စ် (ဩစတြေးလျ)၊ ဂါဖူးရော့မ် (အီရန်)နှင့် ကီမင်(ဖိလစ်ပိုင်) တို့ ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် အမေရိကန်နိုင်ငံတွင် ကာလရှည်နေထိုင်ကာ MMA အားကစားနည်းကိုလိုက်စား၍ ပြိုင်ပွဲများယှဉ်ပြိုင်နေသူဖြစ်ပြီး ၂၈ ပွဲမြောက်အဖြစ် ထိုးသတ်ခြင်းဖြစ်ကာ ၁၈ ပွဲနိုင်ကိုးပွဲရှုံးနိမ့်ထားသည်။ ပတ်စတာနက်ခ်မှာမူ ၁၂ ပွဲထိုးသတ်ရာတွင် ၁၁ ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း သုံးပွဲမြောက် ထိုးသတ်ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ပွဲစလုံး အနိုင်ရထားသည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လာရောက်ထိုးသတ်ခြင်းဖြစ်ပြီး ပရိသတ်စိတ်ဝင်စားမှု မြင့်တက်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

***❀ ကျောဖုံးမှ***

နိုင်ငံခြောက်နိုင်ငံတွင် ကောက်ယူခဲ့သော ရွှေ့ပြောင်းအွန်လိုင်း စစ်တမ်းတစ်ခု၏ရလဒ်များကို တယ်လီနောလုပ်ငန်းစုက ထုတ်ပြန်ပြောကြားခြင်းဖြစ်သည်။

မြန်မာနှင့် အာရှရှိ လူငယ်များက နည်းပညာ၏ အရေးပါမှုကိုလက်ခံသော်လည်း လက်ရှိလုပ်ငန်းခွင် အောင်မြင်မှုအတွက်မူ နည်းပညာနှင့် လူမှုဆက်ဆံရေး အရည်အသွေးနှစ်ခုစလုံး လိုအပ်သည်ဟု ယုံကြည်ကြကြောင်း ရလဒ်များအရ သိရှိရသည်။

ဒစ်ဂျစ်တယ်နှင့် ဆက်စပ်အလုပ်အကိုင်များအတွက် စိတ်အားထက်သန်မှု ခိုင်ခိုင်မာမာရှိကြောင်း ရလဒ်များက ဖော်ပြနေပြီး ဖြေဆိုသူ ၁၀၀ ရာခိုင်နှုန်းက စက်ရုပ်များဖြင့်ပါ အလုပ်လုပ်ကိုင်နေသည့် လုပ်ငန်းခွင်များသည် ၎င်းတို့၏ အနာဂတ်ကာလတွင်ရှိလာကြမည်ဟု ဖြေဆိုကြသည်။

မြန်မာနိုင်ငံရှိ ၆၅ ရာခိုင်နှုန်းသော လူငယ်များက ၎င်းတို့အနေဖြင့် အင်တာနက်နှင့် ဒစ်ဂျစ်တယ်ကဏ္ဍများရှိ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများကြောင့် စိတ်လှုပ်ရှားမိကြောင်း ပြောကြားကြပြီး ၁၃ ရာခိုင်နှုန်းမျှသော လူငယ်အနည်းငယ်ကသာ သတိဝီရိယထား၍ စိတ်လှုပ်ရှားမိကြောင်း ပြောဆိုကြသည်။ နိုင်ငံ ခြောက်နိုင်ငံရှိ လူငယ်စုစုပေါင်း၏ ပျမ်းမျှ ၆၃ ရာခိုင်နှုန်းက ၂၀၂၀ တွင် ၎င်းတို့၏အလုပ်အကိုင်များ၌ မိုဘိုင်း၊ အင်တာနက်နည်းပညာများက အရေးပါလာလိမ့်မည်ဟု ပြောကြားကြပြီး ၄၀ ရာခိုင်နှုန်းသော မြန်မာလူငယ်များက ယင်းအချက်မှာ အထူးပင်အရေးကြီးသည့်အချက်ဖြစ်သည်ဟု ဆိုကြသည်။ ၂ ရာခိုင်နှုန်းသောလူငယ်များကသာ နည်းပညာသည် အစစ်အမှန်အရေးပါခြင်းမရှိဟု ဖြေကြားကြသည်ကို တွေ့ရှိရသည်။

အဆိုပါ ဈေးကွက်စုံ "အနာဂတ်အတွက် အလုပ်အကိုင်များ" ဆိုသည့်စစ်တမ်းတွင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများမှ အသက် ၁၅ နှစ်မှ ၂၅ နှစ်အကြား လူငယ် ၄၂၀၀ ခန့် ပါဝင်ဖြေဆိုခဲ့ကြသည်။ စစ်တမ်းကောက်ယူခြင်းကို တယ်လီနောလုပ်ငန်းစု၏ ဖေ့စ်ဘုတ်မှတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး စစ်တမ်းကောက်မှု အရွယ်အစားအဖြစ် နိုင်ငံတစ်ခုလျှင် အထက်တန်း သို့မဟုတ် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၇၀၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ရဲ့ ဖေ့စ်ဘုတ်က တက်ကြွ၊ ငယ်ရွယ်ပြီး များပြားလှတဲ့ အာရှတိုက်သားတွေကို ချိတ်ဆက်ထားတာမို့ ဒီနေရာဟာ စစ်တမ်းကောက်ဖို့ အကောင်းဆုံးနေရာတစ်ခုလို့ တယ်လီနောအနေနဲ့ ခံစားမိခဲ့တယ်" ဟု တယ်လီနောလုပ်ငန်းစုမှ လူမှုကွန်ရက်ဆိုင်ရာဒါရိုက်တာ Sheena Lim က ပြောကြားသည်။

"အခုလို စစ်တမ်းဆောင်ရွက်မှုကနေ လူမှုကွန်ရက်စစ်တမ်းတွေရဲ့စိတ်ဝင်စားစရာ ဘက်ခြမ်းတွေကို အာရှလူငယ်တွေရဲ့နည်းပညာနဲ့ သူတို့ရဲ့ အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းတွေအပေါ် သဘောထားတွေကို အလားအလာရှိတဲ့ စိတ်ဝင်စားစရာ ထင်မြင်ချက်တွေနဲ့အတူ ပေါင်းစပ်ပေးနိုင်မယ်လို့ ကျွန်မတို့ထင်မြင်မိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စစ်တမ်းဖြေဆိုသူ လူငယ်များအားလုံးနီးပါးက နည်းပညာမဟုတ်သည့်ကျွမ်းကျင်မှုများသည်လည်း အနာဂတ်ကာလ အလုပ်အကိုင်အခွင့်အလမ်းများတွင် အရေးပါကြောင်း ဖြေကြားခဲ့ပြီး မြန်မာနိုင်ငံမှ လူငယ်သုံးဦးလျှင် တစ်ဦးက "ဖန်တီးနိုင်စွမ်းနှင့် သိမြင်မှုပြောင်းလွယ်ပြင်လွယ်မှုများ" ကလည်း အရေးပါကြောင်း ထောက်ပြကြသည်။

ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်မှ လူငယ်အများအပြားသည် အနာဂတ်ကာလ အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အရေးအပါဆုံးကျွမ်းကျင်မှုများမှာ "အခြားသူများကို တက်ကြွစေသည့် အရည်အချင်းနှင့် ခေါင်းဆောင်မှုစွမ်းရည်တို့" ဖြစ်သည်ဟု ဆိုကြပြီး ၃၇ ရာခိုင်နှုန်း၊ ၃၆ ရာခိုင်နှုန်း၊ ၃၄ ရာခိုင်နှုန်းစီ ရှိကြသည်။

စင်ကာပူလူငယ်လေးဦးလျှင် တစ်ဦးကျော်ခန့် ၂၇ ရာခိုင်နှုန်းမှာ "စီမံခန့်ခွဲနိုင်စွမ်းနှင့် စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်စွမ်းများ" က ပိုမိုအရေးပါသည်ဟု ဖြေဆိုကြသည်။ နည်းပညာနှင့် ဆက်နွှယ်သော "မိုဘိုင်းနှင့် ဝက်ဘ်ဆိုက်ဖန်တီးမှုနှင့် ကုတ်ရေးသားမှုစွမ်းရည်" များမှာ အရေးအပါဆုံးဖြစ်သည်ဟု ၂၄ ရာခိုင်နှုန်း အထိ ရွေးချယ်ကြကာ မလေးရှားတွင် ယင်းအချက်မှာ အထူးရေပန်းစားခဲ့သည်။ အချက်အလက်ခွဲခြမ်းစိတ်ဖြာခြင်း၊ သုတေသနနှင့် ဘာသာပြန်ခြင်းလုပ်ငန်းများမှာ အနာဂတ်ကာလ လုပ်ငန်းခွင်ကျွမ်းကျင်မှုများတွင် ၉ ရာခိုင်နှုန်းဖြင့် အရေးပါမှုအနည်းဆုံးဖြစ်ကြောင်း မြန်မာလူငယ်များက သတ်မှတ်ကြသည်။

မြန်မာလူငယ်များ၏ စစ်တမ်းကောက်ယူမှုအရ အခြားနိုင်ငံများအလားတူ စက်ရုပ်များသည် လူသားများ ဆောင်ရွက်နေသည့် အလုပ်အကိုင်များကို အနာဂတ်တွင် အစားထိုး နေရာယူသွားမည် ဖြစ်သည်။ မည်သည့် အလုပ်အကိုင်များတွင် စက်ရုပ်များက နေရာယူသွားမည်ကိုမူ ၄၁ ရာခိုင်နှုန်းသော ပြည်တွင်းမှ ဖြေကြားသူများက ထုတ်လုပ်ရေးလုပ်ငန်းများနှင့် အင်ဂျင်နီယာလုပ်ငန်းများတွင် စက်ယန္တရားများက အဓိကနေရာယူသွားမည်ဟု ခန့်မှန်းခဲ့ကြသည်။

ယခုကဲ့သို့ စစ်တမ်းကောက်ယူခဲ့သော နိုင်ငံများဖြစ်သည့် မလေးရှားနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ၄၄ ရာခိုင်နှုန်း ကလည်း ဤလုပ်ငန်းနှစ်ခုတွင် အဓိကသက်ရောက်မည်ဟု ဖြေကြားခဲ့ပြီး စင်ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ၃၈ ရာခိုင်နှုန်း၊ ပါကစ္စတန် နိုင်ငံမှ ၃၄ ရာခိုင်နှုန်း အသီးသီးဖြေကြားခဲ့ကြသည်။

လူငယ်များအား အရည်အသွေးများကို ထုတ်ဖော်ပြသရန် မေးမြန်းသည့်အခါတွင် ၎င်းတို့ကိုယ်၎င်းတို့ အကောင်းဆုံးဖြစ်သည်ဟု ယူဆသော ကျွမ်းကျင်မှုများမှာ မြန်မာပြည်တွင် ၃၀ ရာခိုင်နှုန်း သောအများစုက လူငယ်အတွေးအခေါ်ရှင်များနှင့် ကျောင်းသားများဟုဖြေကြားကြပြီး ၂၄ ရာခိုင်နှုန်းသော အိန္ဒိယလူငယ်များကမူ ၎င်းတို့သည် ဖန်တီးနိုင်စွမ်းမြင့်မားပြီး ထိုးထွင်းတွေးခေါ်နိုင်သူများ ဟု ဖြေကြသည်။ ပါကစ္စတန်ရှိ ၂၄ ရာခိုင်နှုန်းသောအများစုကမူ ၎င်းတို့သည် "မဟာဗျူဟာမြောက်အမြင်နှင့် ကျယ်ပြန့်သည့်အမြင်ရှိ သည့် စိတ်အခံ" ရှိသည်ဟု ဖြေဆိုကြသည်။ နှိုင်းယှဉ်ရမည်ဆိုလျှင် စင်ကာပူ ၃၂ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၂၆ ရာခိုင်နှုန်းနှင့် မလေးရှား ၂၄ ရာခိုင်နှုန်းမှ လူငယ်အများစုသည် "တရားမျှတသည့် သဘောထားမျိုးနှင့် ခံစားချက်နှင့် ကာကွယ်ပေးချင်သည့် စိတ်ဆန္ဒ" ရှိကြောင်း ရွေးချယ်ဖြေကြားခဲ့သည်။ မြန်မာနိုင်ငံတွင် "သချာၤစွမ်းရည်နှင့် အဆင့်မြင့်ခွဲခြမ်းစိတ်ဖြာမှု အရည်အချင်း" ကို နှစ်သက်မှု ၁၃ ရာခိုင်နှုန်းသာရှိသောကြောင့် နည်းပါးလှပြီး အိန္ဒိယမှာလည်း ၁၃ ရာခိုင်နှုန်းသာရှိကာ ဘင်္ဂလားဒေ့ရှ်မှာမူ ၁၄ ရာခိုင်နှုန်းရှိသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နည်းပညာရွေ့ပြောင်းသော အနာဂတ်အား စိတ်ဝင်စားမှုရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံရှိ လူငယ်များ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံအားလုံးမှ တူညီစွာ လက်ခံထားသော ထုတ်ပြန်ချက်မှာ "နည်းပညာအမျိုးမျိုးကို နားလည်ထားဖို့ အရေးကြီးပါတယ်၊ လေ့လာနိုင်သလောက်လည်း သိရှိနားလည်ဖို့လိုပါတယ်" ဖြစ်ပြီး မြန်မာနိုင်ငံမှ ဖြေကြားသူအရေအတွက် ၃၄ ရာခိုင်နှုန်း ရှိသည်။ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် နည်းပညာလုပ်ငန်းများ၌ လူသားများ၏ ဆက်နွှယ်နေမှုကို အားပေးကြပြီး စင်ကာပူလူမျိုး ၃၁ ရာခိုင်နှုန်းနှင့် မလေးရှားလူမျိုး ၂၈ ရာခိုင်နှုန်းတို့က "အင်တာနက်အသုံးပြုရခြင်းရဲ့ အကောင်းဆုံးအချက်က မတူညီတဲ့လူတွေ၊ အကြံဉာဏ်တွေနဲ့ ချိတ်ဆက်ပေးခြင်းပါပဲ" ဟု ဖြေကြားထားသည်။

"လူငယ်တွေက နည်းပညာနဲ့ နည်းပညာကနေ ရရှိလာတဲ့ အခွင့်အလမ်းတွေကို လေးစားတန်ဖိုးထားရုံတင်မက မိမိတို့ကိုယ်တိုင်လည်း ဖန်တီးနိုင်မှုစွမ်းအားမြင့်မားပြီး စာနာမှုရှိတဲ့ သူတွေအဖြစ် ခံယူကျင့်သုံးတာကို မြင်တွေ့ရတာ အလွန်ကို အားရကျေနပ်ဖို့ ကောင်းပါတယ်။ လူငယ်တွေဟာ နည်းပညာနဲ့ အင်တာနက်အတွက် စိတ်လှုပ်ရှားရုံသာမက ဒီနည်းပညာနဲ့ အင်တာနက်ဟာ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းအတွက် အရေးပါတယ်လို့ ယုံကြည်မှု ရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အလွန်ကို စိတ်တက်ကြွမိပါတယ်။ အာရှဟာ တက်ကြွတဲ့ နေရာဒေသတစ်ခုဖြစ်ပြီး အနာဂတ်မှာ မိမိတို့ရဲ့လုပ်ငန်းခွင်အတွက် အကျိုးရှိတဲ့အထောက်အပံ့ပေးနိုင်မယ့် အလားအလာကောင်းတဲ့ အရည်အချင်းရှိ လူငယ်တွေရှိတဲ့ နေရာဒေသတစ်ခုအဖြစ် တယ်လီနောလုပ်ငန်းစုက ရှုမြင်ပါတယ်" ဟု တယ်လီနောလုပ်ငန်းစု၏ Head of Digital Capabilities ဖြစ်သူ Yasu Sato က ပြောသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့ငြိမ်းချမ်းရေးပွဲတော် (၂၀၁၆) ချစ်ကြည်ရေးဘောလုံးပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် လက်ရှိဖော်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေး ခရီးစဉ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့ငြိမ်းချမ်းရေးပွဲတော် (၂၀၁၆)ချစ်ကြည်ရေး ဘောလုံးပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားဘောလုံးကွင်း၌ကျင်းပရာ နိုင်ငံရေးအကျဉ်းသားဟောင်းများ အသင်းနှင့် နိုင်ငံကျော်အနုပညာရှင်များ ပါဝင်သော Artist United Peace FC အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ချစ်ကြည်ရေးဘောလုံးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူများ တက်ရောက်အားပေးကြသည်။ ဘောလုံးပွဲမစတင်မီ ဝန်ကြီးချုပ်နှင့်အဖွဲ့က နှစ်ဖက်အသင်း ကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ငြိမ်းချမ်းရေးအားကစားအင်္ကျီများဝတ်ဆင်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဘောလုံးပွဲကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများ အသင်းနှင့် ယှဉ်ပြိုင်သော Artist United Peace FC အသင်းသည် နိုင်ငံကျော်အနုပညာရှင်များ ပါဝင်ဖွဲ့စည်းထားသော အသင်းဖြစ်ပြီး နာမည်ကြီး ဒါရိုက်တာများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ မြန်မာ့အမျိုးသမီး လက်ရွေးစင်ဟောင်း ကစားသမားများနှင့် ဂီတအနုပညာရှင်များပါဝင်ကြောင်း သိရသည်။ ယင်းဘောလုံးပွဲသို့ ပြည်သူလူထု အင်အားတစ်ထောင်ကျော် လာရောက်အားပေးကြပြီး ဟာသညီနောင် လူရွှင်တော်ကြယ်သီး၊ ဇီးသီး၊ ပိုးလေးနှင့် ကိုငွေတောင်တို့က နှစ်ဖက်ကစားသမားများ၏ ကစားနည်း ကစားဟန်တို့ကို ဟာသနှော ကြေညာကာ ပျော်ရွှင်ဖွယ် ကျင်းပခဲ့သည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တည်ထောင်ခြင်း (၂၈)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၂၈)နှစ်မြောက် တည်ထောင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ဗဟန်းမြို့နယ်ရှိ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဌာနချုပ်၌ကျင်းပရာ ပါတီဥက္ကဋ္ဌ ဦးသန်းတင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးမှ ခရိုင်၊ မြို့နယ်များမှ ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းဌေး၊ အခြားနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိ ပါတီဥက္ကဋ္ဌ ဦးသန်းတင်က အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ ဆွေးနွေးချက်ကို ဗဟိုအလုပ်အမှုဆောင် ဦးသိန်းထွန်းက ဖတ်ကြားကာ ပါတီတည်ထောင်ခြင်း(၂၈)နှစ်မြောက် အထိမ်းအမှတ်နေ့တွင်ထုတ်ပြန်သည့် ပါတီ၏သဘောထားရပ်တည်ချက်ကို ဗဟိုအလုပ်အမှုဆောင် ဦးထွန်းရီက ဖတ်ကြားသည်။

ထို့ပြင် ပါတီတည်ထောင်ခြင်း (၂၈)နှစ်မြောက် အထိမ်းအမှတ် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပါတီဌာနချုပ်၌ကျင်းပရာ ပါတီဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေ၊ ဦးသိန်းထွန်း၊ ဦးထွန်းရီတို့က ရှင်းလင်းပြောကြားကြပြီး သတင်းထောက်များ၏ မေးမြန်းမှုများကို ဖြေကြားကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ဦးနှောက်လေဖြတ်သူများ ထိုးဆေးဖြင့် အောင်မြင်စွာကုသပေးနေပြီ

**ရန်ကုန် စက်တင်ဘာ ၂၄**

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သော ရောဂါဝေဒနာရှင်များအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အချိန်လေးနာရီခွဲအတွင်း အချိန်မီလာရောက်နိုင်ပါက ထိုးဆေးတစ်မျိုးဖြစ်သည့် သွေးခဲပျော်ဆေး (rTPA) အသုံးပြု၍ လေဖြတ်ရောဂါကို အချိန်တိုအတွင်း အမြန်ဆုံးသက်သာပျောက်ကင်းအောင် ကုသပေးလျက်ရှိကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လေဖြတ်တယ်ဆိုတာ ဦးနှောက်အတွင်း သွေးကြောပိတ်လို့ ဖြစ်တာရှိတယ်။ သွေးကြောပေါက်လို့ ဖြစ်တာရှိတယ်။ သွေးကြောပိတ်လို့ လေဖြတ်တဲ့ဝေဒနာရှင်တွေ အနေနဲ့ လေဖြတ်ဖြတ်ချင်း ဆေးရုံကြီးကို အချိန်လေးနာရီခွဲအတွင်း လာရောက်နိုင်မယ်ဆိုရင် ဒီဆေးကိုအသုံးပြုပြီး ထိရောက်စွာ ကုသမှုခံယူနိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာန တွဲဖက်ပါမောက္ခ အထူးကုသမားတော်ကြီး ဒေါက်တာစမ်းဦးက ပြောသည်။

သို့သော်လည်း ယခင်ဦးနှောက်သွေးကြောပေါက်သူများ၊ အစာအိမ်သွေးကြောပေါက်ဖူးသူများ၊ ခြောက်လအတွင်း ဦးခေါင်းဒဏ်ရာ ရရှိဖူးသူများ၊ အသက်အရွယ် ၈၀ ပတ်ဝန်းကျင်ရှိသူများ ယင်းဆေးကိုအသုံးပြု၍ ကုသပေးမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါ သွေးခဲပျော်ဆေးအသုံးပြု၍ ထိုးနှံကုသပေးလျက်ရှိရာ လူနာပေါင်း ၄၂ ဦးကို ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနသို့ လာရောက်ကုသသော လေဖြတ်ဝေဒနာရှင် လစဉ် ၄၅၀ မှ ၆၀၀ အထိရှိကြောင်း၊ ယင်းသွေးခဲပျော်ဆေးတစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၁၅ သိန်းခန့်ရှိကြောင်း၊ ခန္ဓာကိုယ်ဖွဲ့စည်းပုံကြီးသူများ ဆေးနှစ်လုံးထိုးရပါက ငွေကျပ် သိန်း ၃၀ အထိ ကုန်ကျနိုင်ကြောင်း၊ ယင်းဆေးဝါးများကို အလှူရှင်တစ်ဦး၏ လှူဒါန်းမှုဖြင့် အခမဲ့ကုသပေးလျက်ရှိကြောင်း၊ နောက်ပိုင်းတွင် ဝန်ကြီးဌာနကဝယ်ယူပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၁၅ သန်းခန့် လေဖြတ်ရောဂါခံစားနေရပြီး ၎င်းတို့အနက် ခြောက်သန်းခန့်မှာ အသက်ဆုံးရှုံးလျက်ရှိကြောင်း၊ ယခုအခါ လူဦးရေ သန်း ၃၀ ခန့်မှာ လေဖြတ်ရောဂါဖြစ်၍ အများစုမှာ မသန်စွမ်းအဖြစ် ကျန်ရှိနေကြောင်း သိရသည်။

အဓိကအားဖြင့် လေဖြတ်ရောဂါအမျိုးအစား နှစ်မျိုးရှိကြောင်း၊ ယင်းတို့မှာ ဦးနှောက်အတွင်း သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းတို့ဖြစ်ကြောင်း သိရသည်။ လေဖြတ်ရောဂါဆိုသည်မှာ ဦးနှောက်သို့ သွေးသွားလာမှုရပ်ဆိုင်းသွားခြင်းကြောင့် ဖြစ်ပေါ်လာသော ရလဒ်ဖြစ်သည်။ လေဖြတ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ အဝလွန်ခြင်း၊ သွေးတိုးနှင့် နှလုံးရောဂါရှိခြင်း၊ ဆီးချိုသွေးချိုရောဂါရှိခြင်းတို့ကြောင့် ဖြစ်သည်။ ရောဂါမဖြစ်ပွားစေရန်အတွက် ဆေးလိပ်နှင့် အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပြီး လေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်သင့်ကြောင်း ပညာရှင်များက အကြံပြုထားသည်။ အဆိုပါဆေးဖြင့် ကုသ၍မရနိုင်သော ဝေဒနာရှင်များကိုလည်း စားဆေးဖြစ်သည့် သွေးကြဲဆေး(Antiplotelets)အသုံးပြုကာ ကုသပေးလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မန္တလေးတွင် ကမ္ဘာလှည့်ခရီးသွား နယ်သာလန်နိုင်ငံသားတစ်ဦးအား ရုံးထုတ်စစ်ဆေးမည်

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် သုစရိတဓမ္မာရုံ၌ စက်တင်ဘာ ၂၃ ရက် ညပိုင်းက ဝတ်ရွတ်နေစဉ် လမ်းတစ်ဖက်ရှိ တည်းခိုခန်း၌ တည်းခိုနေသော ကမ္ဘာလှည့်ခရီးသွား နယ်သာလန်နိုင်ငံသား တစ်ဦးက ဆူညံသည်ဟုဆိုကာ ည ၁၀ နာရီ ၄၅ မိနစ်က သွားရောက်ပြီး အသံချဲ့စက်မိုက်ကြိုးများ ဝင်ရောက်ဆွဲဖြုတ်ခဲ့သဖြင့် စက်တင်ဘာ ၂၆ ရက်တွင် ရုံးထုတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ဝတ်အသင်းခေါင်းဆောင် ဦးကျော်ဆန်းက တရားလိုပြုလုပ်၍ ရာဇသတ်ကြီးပုဒ်မ ၂၉၅ နှင့်လည်းကောင်း၊ မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိက မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉) မြို့မရဲစခန်းတွင် အမှုဖွင့်ထားခြင်း ဖြစ်သည်။

"ဗီဇာစည်းကမ်းဖောက်ဖျက်တာဖြစ်လို့ မဟာအောင်မြေ လူဝင်မှုကြီးကြပ်ရေး ဦးစီးအရာရှိကလည်း အမှုဖွင့်တယ်။ ဒီဟာက ထူးထူးခြားခြားဖြစ်သွားတာ။ မိုက်ကြိုးတွေ ဆွဲဖြုတ်တယ်။ သူက နားမလည်တာပါ"ဟု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့(မန္တလေး)တပ်ဖွဲ့စုမှူး ဒုရဲမှူး လှမြင့်က ပြောသည်။

အဆိုပါ နယ်သာလန်နိုင်ငံသားမှာ Mr. Klaas Haytema (၃၀နှစ်)ဖြစ်ပြီး FOURRIVERS ဟိုတယ်၌ တည်းခိုနေသူဖြစ်ကြောင်း၊ ဖွင့်လှစ်ထားသည့် ပုဒ်မ ၂၉၅-အရ ထောင်ဒဏ် နှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# လယ်ယာမြေပြန်လည်ရရှိရေး ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်

**ဖယ်ခုံ စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ် တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲ၌ သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ဆန္ဒထုတ်ဖော်ခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းအတွက် (၂၂-၉-၂၀၁၆)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် (၁/၂၀၁၆) ဖြင့် ပြုလုပ်ခဲ့ကြသည်။




အဆိုပါ ဆန္ဒထုတ်ဖော်ရာတွင် မိုးဗြဲဒေသခံတောင်သူများ၏ သိမ်းဆည်းထားသောယာမြေများ တရားဝင်ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲခန့်က မိုးဗြဲဆည် လက်ယာမြောင်းမကြီးပေါ်တွင် လူအင်အား ၃၀၀ ခန့်ဖြင့် ငြိမ်းချမ်းစွာစုဝေးပြီး အဆိုပါမြောင်းမကြီးမှ လွိုင်ကော်-အောင်ပန်းသွား ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆိုင်းဘုတ်၊ ပိုစတာများကိုင်ဆောင်၍ စတင်လှည့်လည်ကာ မိုးဗြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးရှေ့သို့ ရောက်ရှိပြီး တောင်သူ ဦးအောင်မျိုးခန့်က ဦးဆောင်၍ ကြွေးကြော်သံများဖြင့် ကြွေးကြော် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ **ကိုထွေး(ပြန်/ဆက်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# ခန္တီးမြို့ ပင်လုံကျေးရွာသို့ ကျန်းမာရေးပူးပေါင်းအဖွဲ့ကွင်းဆင်း ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**ခန္တီး စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ စစ်ဗျူဟာအဖွဲ့ (အခြေချ)ခန္တီးမှ ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းစိုး ဦးဆောင်သည့် တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်စိန် ဦးဆောင်သည့် အထူးကုဆရာဝန် ၁၀ ဦးတို့သည် စက်တင်ဘာ ၂၃ ရက်က ပင်လုံကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာဖြစ်သည့် ကုန်းခေါင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေးအခြေအနေများကို စစ်ဆေးကုသရန်အတွက် ကြိုတင်ရောက်ရှိ၍ ဆေးဝါးကုသနေသောအဖွဲ့နှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ပင်လုံကျေးရွာသည် အိမ်ခြေ ၂၉ အိမ်ရှိပြီး လူဦးရေ ၁၈၅ ဦးရှိရာ စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အတွင်း ကျန်းမာရေးကွင်းဆင်းအဖွဲ့မှပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် သာမန်နာမကျန်းဖြစ်သူ လူကြီး ၁၁၃ ဦးနှင့် ကလေး ၆၁ ဦး စုစုပေါင်း ၁၇၄ ဦးကို ဆေးဝါးကုသပေးခဲ့သည်။ ပူးပေါင်းဆေးအဖွဲ့၏ စစ်ဆေးချက်အရ ရောဂါအများစုမှာ နှာစေးချောင်းဆိုး၊ အအေးမိ၍ဖြစ်သော သာမန်ဖျားနာမှုဖြစ်ပြီး ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ မတွေ့ရှိရကြောင်း သိရသည်။

**စန်းလွင်ဦး**

# ရာသီဥတုဖောက်ပြန်မှုက ကမ္ဘာ့ဘဏ္ဍာရေးလောကကို ကမောက်ကမဖြစ်စေနိုင်

## လူလေးဝိုင်း

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းအသစ်**

အင်္ဂလန်ဗဟိုဘဏ်အကြီးအကဲ (Bank of England Governor) မာ့ခ်ကာနေး (Mark Carney) က ကမ္ဘာ့ရာသီဥတု ဖောက်ပြန်လာတဲ့ အန္တရာယ်ကို ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ပြီးတော့ တစ်စိတ်တစ်ဒေသ လျှော့ချနိုင်တယ်လို့ ပြောကြားခဲ့ပါတယ်။ မာ့ခ်ကာနေးက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းတွေမှာ ရေရှည်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်မယ်ဆိုရင် ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍရဲ့ တည်ငြိမ်မှုကို မြှင့်တင်နိုင်မယ်လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ဘာလင်မှာ ပြုလုပ်ခဲ့တဲ့ အခမ်းအနားတစ်ခုမှာ မာ့ခ်ကာနေးက ဂျာမနီနိုင်ငံဟာ ဖွံ့ဖြိုးပြီးနိုင်ငံများအဖွဲ့ (G-20)ရဲ့ ဥက္ကဋ္ဌအနေနဲ့ ၂၀၁၇ ခုနှစ်မှာ တိုးတက်မှုတွေ ဖော်ဆောင်သင့်တယ်လို့ တိုက်တွန်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ မာ့ခ်ကာနေးက ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုအန္တရာယ်ကြောင့် ကမ္ဘာ့ဘဏ္ဍာရေးလောကကို ထိခိုက်မှုတွေရှိလာမှာကို သတိပေးနေခဲ့တာပါ။

စက်တင်ဘာ ၂၂ ရက်(ကြာသပတေးနေ့)က ကျင်းပခဲ့တဲ့ အခမ်းအနားမှာ မာ့ခ်ကာနေးက "သီအိုရီအရပြောရရင် ရင်းနှီးမြှုပ်နှံသူတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေကနေ အကျိုးအမြတ်နှုန်းများတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီကို စီးဆင်းရမှာပါ။ ဒါပေမယ့် လက်တွေ့မှာက ပြောင်းပြန်ဖြစ်နေတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ငွေချေးစာချုပ်ဘွန်းတွေနဲ့ အမြတ်ရနှုန်းဟာ ကျဆင်းလာပါတယ်" လို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ "ရင်းနှီးမြှုပ်နှံမှုတွေက တစ်ခါတစ်ခါ ဖွံ့ဖြိုးပြီးနိုင်ငံတွေကနေ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ပြတ်တောင်းပြတ်တောင်း စီးဆင်းတဲ့အခါ ဈေးကွက်ကို မတည်မငြိမ်လှုပ်ခတ်သလို ဖြစ်စေပါတယ်"လို့ မာ့ခ်ကာနေးက တစ်ပါတည်း ရှင်းပြခဲ့ပါတယ်။ မာ့ခ်ကာနေးက "ဒီလိုအခြေအနေမျိုးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်မယ်ဆိုရင် ဒါဟာ အခွင့်ကောင်းပါပဲ။ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ အမြောက်အမြား ထုတ်လုပ်နေတဲ့ နိုင်ငံတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရေရှည်စီမံကိန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ အသေအချာ စီးဝင်အောင် ဖန်တီးနိုင်ခဲ့ရင် ကမ္ဘာ့ဘဏ္ဍာရေးလောကရဲ့ တည်ငြိမ်မှုကို မြှင့်တင်နိုင်မှာပါ" ဆိုပြီး သူ့ရဲ့ထင်မြင်ချက်ကိုပါ တင်ပြခဲ့ပါတယ်။ မာ့ခ်ကာနေးက "ရေအားလျှပ်စစ်(ဒါမှမဟုတ်) ထာဝရစွမ်းအင်တစ်မျိုးမျိုး (Renewable Power)ဆိုင်ရာ စီမံကိန်းတွေအတွက်ရောင်းချထားတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစိမ်းရောင်ဘွန်း (green bond )ငွေချေးစာချုပ်တွေရဲ့ ရောင်းဝယ်မှုပမာဏဟာ ပြီးခဲ့တဲ့နှစ်က ဒေါ်လာ ၄၂ ဘီလီယံ



အင်္ဂလန်ဗဟိုဘဏ်အကြီးအကဲ မာ့ခ်ကာနေး

ရှိခဲ့ရာကနေ ဒီနှစ်မှာ နှစ်ဆအထိ မြင့်မားလာနိုင်တယ်"လို့ ခန့်မှန်းတွက်ချက်ပြခဲ့ပါတယ်။ "ဒါပေမယ့် ဒီပမာဏက ကမ္ဘာ့ဘဏ္ဍာရေးအဖွဲ့အစည်းတွေ ရင်းနှီးမြှုပ်နှံမှုရဲ့ တစ်ရာခိုင်နှုန်းလောက်ပဲရှိသေးတာပါ" ဆိုပြီး မာ့ခ်ကာနေးက ထောက်ပြခဲ့ပါတယ်။ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ရင်းနှီးမြှုပ်နှံတာဟာ ကမ္ဘာ့စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားအသစ်တစ်ခုလို့ပဲပြောရမှာပါ။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ လျှော့ချနိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိနေပါတယ်။ ဒီအခွင့်အလမ်းတွေကို ဆုပ်ကိုင်အသုံးချနိုင်ခဲ့ရင် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုပမာဏတိုးပွားလာပြီး ကမ္ဘာကြီးရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မြင့်တက်လာမှာပါ"ဆိုပြီး မာ့ခ်ကာနေးက သူ့အယူအဆတွေကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြခဲ့ပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီးပွားရေး အခွင့်အလမ်းတွေနဲ့ ပတ်သက်ပြီး မာ့ခ်ကာနေးက အသေးစိတ်ရှည်ရှည်လျားလျား ရှင်းပြနေတာက အကြောင်းရင်းရှိပါတယ်။ သဘာဝပတ်ဝန်းကျင် ဖောက်ပြန်လာမှုကာကွယ်ဟန့်တားရာမှာ စီးပွားရေးအခွင့်အလမ်းတွေ ရှိနေတာကို ပီပီသသရှင်းရှင်းလင်းလင်းသိလာတဲ့ အချိန်ကျမှ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ဖို့ စဉ်းစားမယ်ဆိုရင် ဘာကိုမှထိထိရောက်ရောက် လုပ်နိုင်တော့မှာ မဟုတ်ဘဲ အလာကောင်းပေမယ့် အခါနှောင်းသွားပြီဆိုတဲ့ သဘောမျိုး ဖြစ်သွားမှာမို့လို့ မာ့ခ်ကာနေးက အခုလို အသေးစိတ်ရှင်းလင်းတင်ပြနေတာပါ။ မာ့ခ်ကာနေးမှန်းဆထားတဲ့ နောက်ပြဿနာတစ်ရပ်က ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှင့်မှု လျှော့ချရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ရုတ်တရက် အလျင်စလိုဆောင်ရွက်ခဲ့ရင် ကမ္ဘာ့ဘဏ္ဍာရေးလောကရဲ့ တည်ငြိမ်မှုကို ထိခိုက်လာနိုင်တဲ့ပြဿနာပါ။ ကမ္ဘာ့ကုမ္ပဏီကြီးတွေကို မာခ့်ကာနေးက တိုက်တွန်းချက်တစ်ခု ပြုလုပ်ထားပါသေးတယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် သူတို့ စီးပွားရေးလုပ်ငန်းတွေလည်ပတ်လုပ်ကိုင်ရာမှာ ဘဏ္ဍာရေးအရ ဘယ်လိုထိခိုက်နစ်နာမှုတွေရှိလာနိုင်တယ်ဆိုတဲ့အချက်တွေကို လူသိရှင်ကြားထုတ်ပြန်ပေးဖို့ပါ။

**အင်တာနက် ဖောက်ထွင်းဝိဇ္ဇာတို့၏အန္တရာယ်**

ရာဟူး (Yahoo) ကုမ္ပဏီကြီးရဲ့ကိုယ်ပိုင်အင်တာနက် စာမျက်နှာ (website)ထဲကို အင်တာနက်ဖောက်ထွင်း ဝိဇ္ဇာတွေက ထိုးဖောက်ဝင်ရောက်ပြီး ရာဟူး(Yahoo) ကို အသုံးပြုနေတဲ့ ကမ္ဘာ့ပြည်သူသန်း ၅၀၀ ရဲ့ အချက်အလက်တွေကို ခိုးယူခဲ့တယ်လို့ ရာဟူး(Yahoo)ကုမ္ပဏီက အတည်ပြုခဲ့ပါတယ်။ ဒီလို အင်တာနက်စာမျက်နှာ(Website)ထဲ ထိုးဖောက်ဝင်ရောက်ခိုးယူမှုဟာ ၂၀၁၄ ခုနှစ် နှောင်းပိုင်းမှာ ဖြစ်ပွားခဲ့တာပါ။ ဒီလိုဖောက်ထွင်းခိုးယူခံရတဲ့ အချက်အလက်တွေထဲမှာ ဘယ်သူဘယ်ဝါဆိုတာ ရည်ညွှန်းတဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေ၊ လျှို့ဝှက်သင်္ကေတစနစ်မသုံးထားတဲ့ လုံခြုံရေးစနစ်ဆိုင်ရာ မေးခွန်းတွေနဲ့ အဖြေတွေ ပါပါတယ်။ အကြွေးဝယ်ယူခွင့်ကတ်(Credit Card)တွေရဲ့ အချက်အလက်တွေကိုတော့ အခိုးမခံခဲ့ရပါဘူးလို့ ရာဟူး(Yahoo) ကုမ္ပဏီက ရှင်းလင်းပြောဆိုခဲ့ပြီး ဒီလိုထိုးဖောက်ခိုးယူမှုကို အစိုးရတစ်ရပ်ရပ်ရဲ့စီမံမှုနဲ့ လုပ်ဆောင်တာဖြစ်နိုင်တယ်လို့ မှတ်ချက်ပေးခဲ့ပါတယ်။ ရာဟူး(Yahoo) အင်တာနက် စာမျက်နှာ(Website)ထဲကို ဒီလိုထိုးဖောက်ခိုးယူမှုတွေ ထပ်ရှိလာနိုင်တယ်ဆိုတဲ့ သတင်းတွေက ဩဂုတ်လကတည်းက ထွက်ပေါ်နေတာပါ။ ဒီလိုထိုးဖောက်ခိုးယူမှုကို ကျူးလွန်ဖို့ ကြံစည်နေတဲ့ သူရဲ့အမည်က ငြိမ်းချမ်းရေး (Peace)ဆိုတာကတော့ ကမ္ဘာ့အင်တာနက်စနစ်ရဲ့လုံခြုံမှုအဆင့် အတန်းကို ပြောင်လှောင်သရော်နေသလိုပါပဲ။ ရာဟူး (Yahoo) အသုံးပြုနေတဲ့ ကမ္ဘာ့ ပြည်သူသန်း ၂၀၀ရဲ့ အချက်အလက်တွေကို ခိုးယူရောင်းချဖို့ကြိုးပမ်းနေတဲ့ သဘောမျိုးရှိနေတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။ ရာဟူး (Yahoo)ကုမ္ပဏီကတော့ ရာဟူး (Yahoo)အသုံးပြုနေတဲ့ ကမ္ဘာ့ပြည်သူတွေကို ၂၀၁၄ ခုနှစ်ကတည်းက သူတို့ရဲ့စကားဝှက်(Password)တွေကို မပြောင်းလဲဘဲ သုံးနေခဲ့တယ်ဆိုရင် စကားဝှက်အသစ်တွေ အသုံးပြုကြဖို့တိုက်တွန်းခဲ့ပါတယ်။

"အစိုးရတစ်ရပ်ရပ်က ကြီးမှူးစီမံတဲ့အင်တာနက်ထဲ ထိုးဖောက်ခိုးယူမှုတွေဟာ ကမ္ဘာ့နည်းပညာလောကမှာပုံမှန်မြင်တွေ့နေကျဖြစ်ရပ်လိုဖြစ်နေပါပြီ" လို့ ရာဟူး(Yahoo) ကုမ္ပဏီရဲ့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ လုံခြုံရေးကုမ္ပဏီ Covata ရဲ့ ဒုတိယဥက္ကဋ္ဌ နစ်ကီပါ့ခ်ကာ(Nikki Parker)က "သိသာတဲ့အချက်က အင်တာနက်စာမျက်နှာထဲ ထိုးဖောက်ခိုးယူမှုတွေရဲ့ အတိုင်းအတာက ကြီးမားကျယ်ပြန့်နေတာပါ။ ရာဟူး(Yahoo)ကုမ္ပဏီအနေနဲ့ အာဏာပိုင်ပုဂ္ဂိုလ်တွေရဲ့ စောင့်ကြည့်စစ်ဆေးတာတွေကို ခံလာရနိုင်ပါတယ်။ မီဒီယာတွေကရော ပြည်သူတွေကပါ အသေအချာ စောင့်ကြည့်နေကြမှာပါ။ ကုမ္ပဏီအနေနဲ့ ဒီလိုထိုးဖောက်ခိုးယူမှုတွေကို ဖုံးကွယ်ထားလို့မရပါဘူး။ သူတို့အနေနဲ့ ချို့ယွင်းချက်တွေရှိနေတာကို ဝန်ခံဖို့လိုပါတယ်။ သူတို့ ဒီပြဿနာကို ဖြေရှင်းဖို့ သန္နိဋ္ဌာန်ချထားတယ်ဆိုတာကိုလည်း ပြသနိုင်ဖို့ လိုပါတယ်" လို့ ဝေဖန်ပြောဆိုထားပါတယ်။

ပြောရရင် ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက အမေရိကန်ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်တဲ့ Verizon က ရာဟူး (Yahoo) ကို ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံနဲ့ဝယ်ယူခဲ့ပါတယ်။ ဒီနေရာမှာ ရာဟူး (Yahoo) ကုမ္ပဏီရဲ့သမိုင်းကြောင်းကို ပြောဖို့လိုလာပါ တယ်။ ရာဟူး (Yahoo) ကုမ္ပဏီကို (၁၉၉၄) ခုနှစ်မှာ ထူထောင်ခဲ့တာပါ။ ၂၀၀၀ ပြည့်နှစ်မှာ ရာဟူး (Yahoo) ကုမ္ပဏီရဲ့တန်ဖိုးဟာ ဒေါ်လာ ၁၂၅ ဘီလီယံ အထိရှိခဲ့တာပါ။ ၂၀၀၂ ခုနှစ်မှာ ရာဟူး (Yahoo) ကုမ္ပဏီက ဂူးဂဲလ် (Google) ကုမ္ပဏီကိုတောင် ဒေါ်လာ သုံးဘီလီယံနဲ့ ဝယ်ယူဖို့ ကြိုးစားခဲ့ပါသေးတယ်။ Microsoft ကုမ္ပဏီကလည်း ၂၀၀၈ ခုနှစ်မှာ ရာဟူး (Yahoo)ကုမ္ပဏီကို ဒေါ်လာ ၄၄ ဒသမ ၆ ဘီလီယံနဲ့ ဝယ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် ရာဟူး (Yahoo) က လက်မခံခဲ့ပါဘူး။ ၂၀၁၅ ခုနှစ်မှာ ရာဟူး (Yahoo) ကုမ္ပဏီဟာ ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံအရှုံးပေါ်ခဲ့ပါတယ်။ ရာဟူး (Yahoo)ကုမ္ပဏီရဲ့အတက်အကျကြမ်းတဲ့ စီးပွားရေးဖြတ်သန်းမှုဖြစ်စဉ်ကိုတွေ့ရတော့ နိုကီရာ (Nokia) ကို ပြေးမြင်မိပါတယ်။ တစ်ချိန်က လက်ကိုင်ဖုန်းလောကမှာ နိုကီရာ (Nokia)ဟာ ဘုရင်တစ်ပါးဖြစ်ခဲ့ပေမယ့် ဒီကနေ့ ကမ္ဘာ့လက်ကိုင်ဖုန်းလောကမှာ နိုကီရာ (Nokia)ဆိုတာ ဒဏ္ဍာရီပုံပြင်ထဲက ယုံတမ်းစကားလိုဖြစ်သွားပါပြီ။ နည်းပညာ အခြေခံစီးပွားရေးလောကရဲ့ အတက်အကျကြမ်းပုံကတော့ တရားရစရာပါပဲလို့ ပြောရမှာပါ။ ။

**ကိုးကား-ဘီဘီစီ**

# နှစ်တိုနှစ်ရှည် အရစ်ကျဝယ်ယူနိုင်မည့် အိမ်ခန်းပေါင်း တစ်သောင်းကျော် ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂၄**

ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ပေါင်းစည်းကူညီပေးသည့်အနေဖြင့် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ယနေ့ ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင် ရွက်နေသော တန်းဖိုးသင့်၊ တန်ဖိုးမြင့်အိမ်ရာများ အပါအဝင် အိမ်ခန်းပေါင်း တစ်သောင်းကျော် ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။



အဆိုပါ အိမ်ရာနှင့်အဆောက်အအုံပြပွဲကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၃ ရက်က တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများအတွင်း ပြသထားသော အိမ်ရာများနှင့်အိမ်ရာ သုံးပစ္စည်းပြခန်းများကို ကြည့်ရှုအားပေး ခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ အိမ်ရာအခက်အခဲရှိသူ ပြည်သူတွေ ရန်ကုန်မြို့မှာရှိတဲ့ အိမ်ရာစီမံကိန်းများတစ်နေရာတည်းမှာ ကြည့်ရှုလေ့လာပြီး မိမိတို့စိတ်ကြိုက်ဝယ်ယူနိုင်မယ့် အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးတဲ့ အနေနဲ့ ဒီပြပွဲကြီးကို စီစဉ်ကျင်းပရတာဖြစ်ပါတယ်"ဟု Dagon Exhibitions လီမိတက်မှ ဒါရိုက်တာဦးအောင်အောင်က ပြောသည်။

ယင်းပြပွဲကြီးတွင် တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် တန်ဖိုးမြင့်အိမ်ခန်းများကို နှစ်တို၊ နှစ်ရှည် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် စီမံကိန်းအများအပြား ပါဝင်ပြသလျက်ရှိသည်။ လပေါင်း ၁၂၀ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသော စီမံကိန်းများလည်း ပါဝင်သည်။ ၁၄နှစ် အရစ်ကျ စီမံကိန်းလည်းပါဝင်သည်။

ပြပွဲတွင် အိမ်ရာပြခန်းများအပြင် အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းပစ္စည်းအမျိုးမျိုး၊ ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုးတို့ကို လူတိုင်းလက်လှမ်းမီနိုင်သော ဈေးနှုန်းဖြင့် ပြသလျက်ရှိရာပြပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသထား မည်ဖြစ်ကြောင်းသိရသည်။

ပြပွဲကာလပထမနေ့တွင် ဦးခင်မောင်ညို (ဘောဂဗေဒ) က အိမ်ခြံမြေဈေးကွက်နှင့် အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ဦးစိုင်းခွန်နောင် (အိမ်ခြံမြေ လုပ်ငန်းရှင်များဥက္ကဋ္ဌ)၊ ဦးကိုကိုလေး (Thre Friends Construction) နှင့် ဦးသိန်းဝေမြင့် (ကုန်သွယ်ရေးသင်တန်းကျောင်း) တို့က အိမ်ခြံမြေနှင့် စီးပွားရေး ရှေ့အလားအလာ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ပြီး စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒေါ်လှလှအောင် (မြန်မာနိုင်ငံ မြေလျှင်ကော်မတီ)၊ ဦးစောထွေးဇော် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) တို့က မြေငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ဘေးကင်းလုံခြုံသော ဆောက်လုပ်မှု အလေ့အကျင့်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ပိုင်းတွင် ဦးဝင်းဇော် (CHD Bank)၊ ဦးသက်နိုင်ဦး (Mavrick Management) နှင့် ဦးမျိုးမြင့် (MKT ဆောက်လုပ်ရေး) တို့က အိမ်ရာဖွံ့ဖြိုးရေးနှင့် အိမ်ရာစုဆောင်းငွေခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဟောပြောဆွေးနွေးကြ မည်ဖြစ်သည်။

အိမ်ရာဝယ်ယူနိုင်မည့် အခွင့်အလမ်းများ၊ ငွေစုဆောင်းနိုင်မှုများနှင့်ပတ်သက်၍ ပညာရှင်များက အသိပေးဟောပြော ရှင်းလင်းမှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-ထင်ပေါ်ဝင်း**

# ဝါရှင်တန်ရှိဈေးဝယ်စင်တာတွင် ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

**ဝါရှင်တန် စက်တင်ဘာ ၂၄**




ဝါရှင်တန် အနောက်မြောက်ပိုင်းရှိ ဈေးဝယ်စင်တာတစ်ခု၌ စက်တင်ဘာ ၂၃ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာအာဏာပိုင်များက သေနတ်သမားကို ရှာဖွေလျက်ရှိကြောင်း အမေရိကန်မီဒီယာများက ဖော်ပြခဲ့သည်။

ဆီတယ်မြောက်ပိုင်း (၁၀၅ ကီလိုမီတာ) ၆၅ မိုင်ခန့်ကွာဝေးသော ဝါရှင်တန် အနောက်မြောက်ပိုင်း ဘာလင်တန်ရှိ ဘတ်ကာ့ဒ်ဈေးဝယ်စင်တာတွင် စက်တင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ည ၇ နာရီခန့်က ဖြစ်ပွားသော ပစ်ခတ်မှုတွင် လူလေးဦး သေဆုံးခဲ့သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ကနဦးဖော်ပြခဲ့သည်။

သို့သော် အေဘီစီသတင်းဌာနနှင့်အခြားသော သတင်းဌာနများက သေဆုံးသူဦးရေမှာ လေးဦးမဟုတ်ဘဲ သုံးဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ပစ်ခတ်မှုတွင် အမျိုးသမီးသုံးဦး သေဆုံးပြီး အမျိုးသားတစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အခြားအမျိုးသမီးတစ်ဦးမှာလည်း ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း ဝါရှင်တန်လှည့်ကင်းတာဝန်ကျပြောရေးဆိုခွင့်ရှိသူ မာ့က်ခ် ဖရန်စစ်က ပြောကြားခဲ့သည်။

ဆီတယ်ရှိ ဟာဘော်ဗျူဆေးကုသဌာနမှ သေနတ်ပစ်ခတ်မှုတွင် အသည်းအသန် ဒဏ်ရာရရှိခဲ့သော အမျိုးသားတစ်ဦးကို ဆေးဝါးကုသမှုပေးနေကြောင်း ပြောခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများက သေနတ်သမားကို ရှာဖွေမှုများပြုလုပ်နေကြောင်း ဖရန်စစ်က တွစ်တာ၌ ပြောကြားခဲ့သည်။

သေနတ်သမားမှာ စပိန်နွယ်ဝင်အမျိုးသားဖြစ်ပြီး မီးခိုးရောင်အင်္ကျီကို ဝတ်ဆင်ထားကာ ဈေးဝယ်စင်တာအနီး အဝေးပြေးလမ်းမကြီးပေါ်တွင် နောက်ဆုံးတွေ့ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

**(ရိုက်တာ)**

# နျူကလီးယားလက်နက်စမ်းသပ်ခြင်းအား နိုင်ငံတော်ကာကွယ်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးပြောကြား




**ပြုံယမ်း စက်တင်ဘာ ၂၄**

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံ၏ နျူကလီးယားနှင့် ဒုံးလက်နက်စမ်းသပ်ခြင်း အစီအစဉ်များအား နိုင်ငံတော်ကာကွယ်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်က နယူးယောက်၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားသည် အမေရိကန်၏နျူကလီးယားခြိမ်းခြောက်မှုအန္တရာယ်ကိုကာကွယ်ရန်အတွက် နျူကလီးယားစမ်းသပ်မှုကို ၎င်းတို့အနေဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်နှင့် ပတ်သက်ပြီး တင်းမာမှုများ မြင့်တက်လာသည့်အတွက် အမေရိကန်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ပြစ်တင် လိုက်သည်။ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနှင့် ပတ်သက်ပြီး ရန်လိုသော မူဝါဒများကို ရှောင်ရှားသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးပူးတွဲလေ့ကျင့်မှုများကို ရည်ညွှန်းလျက် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ ယခုလအစောပိုင်းက ငါးကြိမ်မြောက် နျူကလီးယားလက်နက်စမ်းသပ်ခြင်းသည် အမေရိကန်ပြည်ထောင်စုအပါအဝင် ယင်းအပေါ်ရန်လိုသော တိုင်းပြည်များကို တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏နိုင်ငံတော် မူဝါဒသည်ပင်လျှင် နျူကလီးယား မူဝါဒပင်ဖြစ်ကြောင်း၊ ထို့အပြင် မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားတပ်ဖွဲ့ကြီးအား အင်အား ပိုမိုတောင့်တင်းရန်နှင့် အရေအတွက်ရော အရည်အချင်းပါ ပြည့်ဝနေစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်စစ်သွေးကြွအဖွဲ့အားကူညီသည့် ဟက်ကာအား ထောင်ဒဏ်နှစ် ၂၀ ချမှတ်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ အမေရိကန်စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ၏ သတင်းအချက်အလက်များအား ပေးပြီးနောက် အသက် ၂၁ နှစ်အရွယ်လူတစ်ဦးကို အမေရိကန်အကျဉ်းထောင်၌ နှစ် ၂၀ ကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကိုဆိုဗိုမှ အသက် ၂၁ နှစ်အရွယ်ရှိ အာဒစ်ဖာရီဇီသည် အမေရိကန်၏ အဓိကရန်သူဖြစ်သော အိုင်အက်စ်အကြမ်းဖက်သမားများအား သတင်းအချက်အလက်များပေးမှုနှင့်ပတ်သက်ပြီး ဗာဂျီးနီးယားတရားရုံး၌ ယင်းအမှုကိုကြားနာစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ကွန်ပျူတာဟက်ကာဖြစ်သူ ဖာရီဇီသည် အမေရိကန်စစ်ဘက်နှင့် အစိုးရအရာရှိ သတင်းအချက်အလက်ပေါင်း ၁၀၀၀ ကျော်ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

Th3Dir3ctorY ဟု အွန်လိုင်းနာမည်ရှိသည့် ဖာရီဇီကို မလေးရှားနိုင်ငံတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ ယခုနှစ်ဇန်နဝါရီတွင် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

**(ဘီဘီစီ)**

# အီရတ်မြောက်ပိုင်းတီကရစ်တွင် စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် လူ ၁၂ ဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက်က အီရတ်မြောက်ပိုင်း တီကရစ်ရှိ စစ်ဆေးရေးဂိတ်အား အကြမ်းဖက်သမားများဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူ ၁၂ ဦးသေဆုံးခဲ့ကြောင်း၊ ထို့အပြင် အကြမ်းဖက်သမားများက မြို့အဝင်တွင်လည်း ကားဗုံးဖောက်ခွဲခဲ့ကြောင်း အီရတ်ရဲများနှင့် စစ်ဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များတွင် ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုသည် မည်သည့်အဖွဲ့၏လက်ချက်ဖြစ်ကြောင်း လတ်တလောတွင် မသိရသေးပေ။ ထိုသို့တိုက်ခိုက်ခံရမှုသည် ယင်းမြို့တွင် ပထမဆုံးဖြစ်ကြောင်း သိရသည်။ ယင်းမြို့သည် ဘဂ္ဂဒက်မြောက်ဘက် ၁၅၀ ကီလိုမီတာ(၉၅ မိုင်) အကွာတွင်ရှိကြောင်း သိရသည်။

အခြားစစ်သွေးကြွနှစ်ဦးကလည်း မြို့နှင့် ၇ ကီလိုမီတာအကွာခန့်တွင် ပစ်ကပ်ကားကို ဗုံးဖောက်ခွဲမှုကြောင့် လူရှစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# သူပုန်ထိန်းချုပ်ရာ အလက်ပိုကို လေကြောင်းချီတိုက်ခိုက်မှုထပ်မံပြုလုပ်

**အလက်ပို စက်တင်ဘာ ၂၄**

စက်တင်ဘာ ၂၄ ရက်က ရုရှားထောက်ခံဆီးရီးယားတပ်ဖွဲ့က အလက်ပိုမြို့ကို လေကြောင်းချီတိုက်ခိုက်မှုများ ထပ်မံပြုလုပ်ခဲ့ကြောင်း ကယ်ဆယ်ရေးလုပ်သားများနှင့် စောင့်ကြည့်အဖွဲ့များက ပြောကြားခဲ့သည်။

"ကံမကောင်းစွာဘဲ တိုက်ခိုက်မှုတွေကို အလက်ပိုမြို့၌ ပြုလုပ်လျက်ရှိပြီး လေယာဉ်တွေက အလက်ပိုကောင်းကင်တွင် ဝဲပျံလျက်ရှိကြောင်း" အရပ်ဘက်ကာကွယ်ရေးခေါင်းဆောင် အမ်မာအယ်လ်ဆယ်လ်မိုက ပြောကြားခဲ့သည်။

"လေကြောင်းတိုက်ခိုက်မှုများဟာ အရှိန်အဟုန်ကောင်းကောင်းနှင့် ဆက်လက်ဖြစ်ပွားလျက်ရှိသည်"ဟု ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးအဖွဲ့ညွှန်ကြားရေးမှူး ရာမီအက်ဘ်ဒါရာဟမ်က ရိုက်တာသို့ပြောကြားခဲ့သည်။ တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေမှာ ၄၇ ဦးအထိ ဆက်လက်မြင့်တက်လာခဲ့ကြောင်း ယင်းအဖွဲ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# အမေရိကန်တပ်ဖွဲ့များအနေဖြင့် အိုကီနာဝါတွင် လေယာဉ်ပျက်ကျမှုထပ်မံမဖြစ်စေရန် ဂျပန်ကာကွယ်ရေးဝန်ကြီးတိုက်တွန်း

**တိုကျို စက်တင်ဘာ ၂၄**

ဂျပန်နိုင်ငံ အိုကီနာဝါနှင့် မဝေးသော ကမ်းလွန်တစ်နေရာ၌ ဂျက်တိုက်လေယာဉ်တစ်စင်း မကြာသေးမီက ပျက်ကျခဲ့ခြင်းကို အမေရိကန်စစ်ဘက်က ပြန်လည်သုံးသပ်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီး အီနာဒါက တိုက်တွန်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထို့အပြင် နောက်တစ်ကြိမ် ထိုသို့မဖြစ်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်လည်း တိုက်တွန်းလိုက်ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးသည် ဂျပန်နိုင်ငံ အိုကီနာဝါတွင် စက်တင်ဘာ ၂၄ ရက်က အမေရိကန်တပ်ဖွဲ့ ဒုတိယတပ်မှူး ဗိုလ်ချုပ်ချားလ်ချီယာရော့တီးနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ ထိုသို့ ဂျပန်နိုင်ငံ တောင်ဘက်စီရင်စုသို့ သွားရောက်ခြင်းသည် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူပြီးနောက် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ကမ်းတက် (မရိန်း)တပ်ဖွဲ့မှ ဟာရီယာဂျက်လေယာဉ် တစ်စင်းသည် စက်တင်ဘာ ၂၂ ရက်က အိုကီနာဝါနှင့် မဝေးလှသော ကမ်းလွန်နေရာ တစ်ခုတွင် ပျက်ကျမှုဖြစ်ပြီးနောက် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးအနေဖြင့် အမေရိကန်တပ်ဖွဲ့ ဒုတိယတပ်မှူးနှင့် ထိုသို့တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေယာဉ်ပျက်ကျရာတွင် လေယာဉ်မှူးမှာ ဘေးအန္တရာယ်တစ်စုံတစ်ရာမဖြစ်ဘဲ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်မှာ မလိုလားအပ်သော ကိစ္စရပ်ဖြစ်ကြောင်း၊ အကယ်၍ လူနေဒေသတွင်ပျက်ကျခဲ့ပါက ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ပေါ်နိုင်ကြောင်း၊ အိုကီနာဝါရှိပြည်သူများသာမက ဂျပန်နိုင်ငံတစ်ဝန်းရှိ ပြည်သူများပါ အဆိုပါကိစ္စကို စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ကြောင့် နောက်တစ်ကြိမ် ထိုသို့ထပ်မံမဖြစ်စေရန် ဂရုစိုက်ဆောင်ရွက်သင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များအနေဖြင့် ဟာရီယာ ဂျက်တိုက်လေယာဉ် စစ်ဆင်ရေးကို ရပ်ဆိုင်းထားရန်၊ ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းရန်နှင့် နောက်တစ်ကြိမ် ယင်းကဲ့သို့မဖြစ်ရန် ကာကွယ်မှုများပြုလုပ်ရန် ချီယာရော့တီးက အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့များအနေဖြင့် ဒေသခံများ အသက်အန္တရာယ်ကင်းဝေးပြီး လုံခြုံစိတ်ချမှုရှိရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



**အ**လက်ပိုမြို့ပေါ်တွင် မီးလောင်ဗုံးများဖြင့် မိုးများရွာချသလို ရွာချလို့နေပြန်ပါသည်။ ဗုံးမိုးများကြောင့် အပျက်အစီးများနှင့်အတူ လတ်တလောတွင် သေဆုံးသူဦးရေမှာ ၄၇ ဦးအထိ ရှိလာပြီဖြစ်သည်။

# တိမ်မယောင်နှင့်နက် လွယ်မယောင်နှင့်ခက်နေသည့် ဆီးရီးယားအရေး

**တင်လင်းအောင်**

ရုရှားနှင့် ဆီးရီးယားအစိုးရတို့က တိုက်ပွဲများရပ်တန့်ရန် အမေရိကန်၏ တောင်းဆိုမှုကို ပစ်ပစ်ခါခါ ငြင်းပယ်နေချိန် တစ်ဖက်ကလည်း စစ်လေယာဉ်များက သူပုန်ထိန်းချုပ်ရာ အလက်ပိုမြို့ကို လေကြောင်းတိုက်ခိုက်မှုများ လအတော်ကြာ ဆင်နွှဲလျက်ရှိသည်။ အပစ်ရပ်စဲရေး မျှော်လင့်ချက်ရောင်ခြည်မှာလည်း တိမ်ဖုံးလို့ လမသာဖြစ်ခဲ့ရပြီဖြစ်သည်။

အပစ်ရပ်စဲရေးသဘောတူကာလအတွင်း စစ်လေယာဉ်များအနေဖြင့် ဗုံးကြဲမချသင့်ကြောင်း အလက်ပိုအရှေ့ဘက် အရပ်ဘက်ကာကွယ်ရေးအဖွဲ့ခေါင်းဆောင် အမ်မာအယ်လ် ဆယ်လ်မိုက မကြာသေးမီက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကို ညှိနှိုင်းလုပ်ဆောင်သည်ဟု ထင်ရမလိုဖြစ်နေကြောင်း၊ အဘယ်ကြောင့်ဆိုသော် လေကြောင်းတိုက်ခိုက်ခြင်းခံရသောနေရာကို လက်နက်ကြီးဖြင့်လည်း ထပ်မံပစ်ခတ်သောကြောင့်ဖြစ်ကြောင်း၊ တစ်နည်းဆိုရသော် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးတိုက်ခိုက်မှုတို့သည် တစ်နေရာတည်းကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဆယ်လ်မိုက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနှင့် မဟာမိတ်ဖြစ်နေသည့် ဆီးရီးယားအစိုးရအနေဖြင့် လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်နေခြင်းမှာ မော်စကိုနှင့် ဒမတ်စကတ်နှစ်ဖက်စလုံးက ကူညီထောက်ပံ့ရေးပစ္စည်းများဖြန့်ဖြူးနိုင်ရေးနှင့် အပစ်ရပ်စဲရေး သဘောတူညီချက်ကို ပြန်လည်ထူထောင်နိုင်ရေးအတွက် တိုက်ပွဲများရပ်တန့်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ၏ တောင်းဆိုမှုကို ငြင်းပယ်နေသည်ဆိုသည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ထင်ရှားရှားတွေ့မြင်ရမည်ဖြစ်သည်။

စက်တင်ဘာ ၂၀ ရက်က ကုလသမဂ္ဂအစည်းအဝေး၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်နှင့် ဆွေးနွေးရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဗုံးကြဲခြင်းကိုရပ်တန့်ခြင်းသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းမှ ရှန်းထွက်ဖို့နည်းလမ်းတစ်ခုကို ရှာဖွေရန် နောက်ဆုံးအခွင့်အရေးတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က ဖြစ်ပေါ်နေသောတိုက်ပွဲများ အလျင်အမြန်ရပ်တန့်ရန် နည်းလမ်းရှာမတွေ့သေးကြောင်း၊ ဆော်ဒီအာရေဗျ၊ ကာတာ၊ တူရကီနှင့် အမေရိကန်ပြည်ထောင်စုတို့က အကြမ်းဖက်သမားများကို တစ်ဖက်တစ်လမ်းက ထောက်ပံ့နေသမျှကာလပတ်လုံး ဆီးရီးယားပြဿနာမှာ ကမ္ဘာ့ပဋိပက္ခအစိတ်အပိုင်းတစ်ခုအနေဖြင့် ဆက်လက်ဖြစ်နေဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သောနှစ်ပတ်က မော်စကိုနှင့် ဝါရှင်တန်တို့သည် ဆီးရီးယား အပစ်ရပ်စဲရေး သဘောတူညီချက်ကို ကြေညာခဲ့သော်လည်း သမ္မတအိုဘားမားအနေဖြင့် နောက်နှစ် ဇန်နဝါရီလ ၄င်းတာဝန်မှအနားမယူမီ ဆီးရီးယားပြဿနာကိုကျော်လွှားရန် နောက်ဆုံးကြိုးစားအားထုတ်မှုတွင် ကံကြမ္မာကမျက်နှာသာမပေးခဲ့ပေ။ ယခု အပစ်ရပ်စဲရေးနည်းလမ်းမှာလည်း ဆီးရီးယားပြည်သူထောင်ပေါင်းများစွာသေဆုံးခဲ့ပြီး ထက်ဝက်ကျော် အိုးအိမ်မဲ့ဘဝရောက်သွားသော ယခင်ငြိမ်းချမ်းမှုရရှိရန် ကြိုးစားမှုပုံစံအတိုင်း ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ ဝမ်းနည်းစရာကောင်းပေစွ။

စက်တင်ဘာ ၁၉ ရက်က ကုလသမဂ္ဂနှင့် ကြက်ခြေနီအဖွဲ့၏ အကူအညီပေးရေးယာဉ်တန်းကို တိုက်ခိုက်မှုပြုခြင်းဖြင့် အပစ်ရပ်စဲခြင်းကို ပျက်ပြားစေခဲ့သည်။ ယင်းတိုက်ခိုက်ခံရခြင်းတွင် ဝါရှင်တန်က ရုရှားစစ်လေယာဉ်များ၏ လက်ချက်ဟု စွပ်စွဲပြောဆိုထားသော်လည်း ရုရှားက ၄င်းတို့မပါဝင်ဟုဆိုကာ ငြင်းဆိုခဲ့သည်။ ယင်းဖြစ်စဉ်မတိုင်မီ အိုင်အက်စ်ဆန့်ကျင် အမေရိကန်ဦးဆောင်အဖွဲ့များက ဆီးရီးယားအစိုးရတပ်ဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သောကြောင့် ဝါရှင်တန်နှင့် မော်စကိုကြားတင်းမာမှုများ မြင့်တက်လာခဲ့သေးသည်။

အမေရိကန်ပြည်ထောင်စုက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆီးရီးယားတပ်ဖွဲ့များအား မှားယွင်းတိုက်ခိုက်မိခြင်းဖြစ်သည်ဟု စက်တင်ဘာ ၁၇ ရက်က ပြောဆိုခဲ့သော်လည်း အာဆတ်က တစ်နာရီကျော်ကြာသည့် ယင်းတိုက်ခိုက်မှုသည် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့သည်။

သို့သော်လည်း စက်တင်ဘာ ၂၂ ရက်က အလက်ပိုဗုံးကြဲတိုက်ခိုက်ခံရခြင်းအပေါ် ဆီးရီးယားစစ်ဘက်ဆိုင်ရာနှင့် နိုင်ငံပိုင်သတင်းစာများတွင် မည်သည့်ဖော်ပြချက်မှ မပြုလုပ်သေးကြောင်း သိရသည်။

လအတော်ကြာ အလက်ပိုမြို့ကို တိုက်ခိုက်ခြင်းထက် ယခုတိုက်ခိုက်ခြင်းသည် ပိုမိုပြင်းထန်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့မှ ညွှန်ကြားရေးမှူး ရာမီအက်ဘ်ဒါရာဟမ်က ပြောကြားခဲ့သည်။

အလက်ပိုအခြေစိုက် သူပုန်တပ်ဖွဲ့ဖြစ်သော လီးဗန့်ရှေ့တန်းတပ်ဖွဲ့မှ အရာရှိတစ်ဦးက “ ရုရှားတွေဟာ အရှုံးပေးတာပဲလိုချင်ကြတယ်။ သူတို့မှာ အခြားအဖြေမရှိဘူး”ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂက လုံခြုံရေးစစ်ဆေးပြီးနောက် ကူညီထောက်ပံ့ရေးပစ္စည်းများကို သူပုန်ထိန်းချုပ်ဒေသများတွင် စက်တင်ဘာ ၂၂ ရက်က ပြန်လည်ဖြန့်ဖြူးနိုင်ရေး လုပ်ဆောင်သွားခဲ့သည်။


ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်

**ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါတာ စတိန်မီယာက လတ်တလောတွင် ဆီးရီးယား၌ မည်သည့်တိုက်ခိုက်ခြင်းမှ မပြုလုပ်ရန် တိုက်တွန်းထားသည်။ မှန်ပေသည်။ တိုက်ခိုက်မှုကို မည်သူ့ဘက်ကစစ လက်ရှိအခြေအနေမှာ ပိုမိုဆိုးရွားသွားဖွယ်ရှိသည်။ နောက်ဆုံးတွင် စစ်ပွဲဒဏ်ကြောင့် အပြစ်မဲ့ပြည်သူတွေ ပိုမိုသေဆုံးမည်ဖြစ်ကာ အိုးအိမ်စွန့်ခွာထွက်ပြေးမှုများ ပိုမိုများပြားလာမည်ဖြစ် . . . . .**

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါတာစတိန် မီယာက လတ်တလောတွင် ဆီးရီးယား၌ မည်သည့်တိုက်ခိုက်ခြင်းမှ မပြုလုပ်ရန် တိုက်တွန်းထားသည်။ မှန်ပေ သည်။ တိုက်ခိုက်မှုကို မည်သူ့ဘက်ကစစ လက်ရှိအခြေအနေမှာ ပိုမိုဆိုးရွားသွားဖွယ်ရှိသည်။ နောက်ဆုံးတွင် စစ်ပွဲဒဏ်ကြောင့် အပြစ်မဲ့ပြည်သူတွေ ပိုမိုသေဆုံးမည်ဖြစ်ကာ အိုးအိမ်စွန့်ခွာထွက်ပြေးမှုများ ပိုမိုများပြားလာမည်ဖြစ်သည်။ ဤပုံစံအတိုင်းသာ တိုက်ခိုက်မှုများ ဆက်လုပ်နေပါက ဆီးရီးယားမှာ စစ်တလင်းအတိ ဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် ဆီးရီးယားငြိမ်းချမ်းရေးရရှိရန် အပစ်ရပ် စဲရေး သဘောတူညီမှုကို ပြန်လည်ထူထောင်သင့်ကြောင်း ကုလသမဂ္ဂမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဆီးရီးယားငြိမ်းချမ်းရေး ပြန်လည်စတင်ခြင်းသည် အကြမ်းဖက်မှုများကို ရပ်တန့်စေမည်ဖြစ်ကြောင်း၊ ထိုကိစ္စမှာလည်း မဖြစ်နိုင်စရာကိစ္စမဟုတ်ကြောင်း ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂဒုတိယအထူးအကြံပေး ပုဂ္ဂိုလ် ရမ်ဇီအက်ဇ်ဇယ်ဒင်ရမ်ဇီက ဂျီနီဗာတွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

မည်သို့ဆိုစေ ဆီးရီးယားပြဿနာဖြေရှင်းရန်နည်းလမ်းမှာ ကုလသမဂ္ဂမှ ပုဂ္ဂိုလ်များပြောသလို ငြိမ်းချမ်းရေးဆွေးနွေးမှု ပြန်လည်တည်ဆောက်ရမည်ဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ရန်လည်း လိုအပ်ကြောင်း ရှုမြင်မိပါသည်။ သို့မှသာ ခြောက်နှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော ဆီးရီးယားပြဿနာမှာ ချုပ်ငြိမ်းသွားမည်ဖြစ်ပါကြောင်း။ ။


အလက်ပိုမြို့ အပျက်အစီးများကြား ပြေးလွှားရုန်းကန်နေသူများကိုတွေ့ရစဉ်

## ဆီးရီးယားရှိ ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့ကို အမေရိကန်က စစ်လက်နက်များပေးပို့ခဲ့ဟု တူရကီသမ္မတပြောကြား

**အန်ကာရာ စက်တင်ဘာ ၂၄**

ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်တိုက်ခိုက်ရေးသမားများထံသို့ အမေရိကန်က နောက်ထပ်စစ်လက်နက်များကို ယခု တစ်ပတ်အတွင်း ပေးပို့ထောက်ပံ့ခဲ့ကြောင်း တူရကီသမ္မတ တေယစ်အာဒိုဂန်က စွပ်စွဲပြောကြားလိုက်သည်။

အကြမ်းဖက်အုပ်စုထံ စစ်လက်နက်များတင်ဆောင်ထားသည့် လေယာဉ်နှစ်စင်းကို ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့အား နှိမ်နင်းသော စစ်ဆင်ရေးတွင်ပါဝင်ခဲ့သည့် ကာ့ဒ်မျိုးနွယ် ဝိုင်ပီဂျီအင်အားစုများထံ အမေရိကန်က စစ်လက်နက်အကူအညီပေးခဲ့သည်ဆိုသော အဆိုပါ စွပ်စွဲမှုများသည် တူရကီနှင့်ဝါရှင်တန်အကြား နောက်ထပ်တင်းမာမှုများကို ပေါ်ပေါက်လာစေခဲ့သည်။

တူရကီသည် အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့ဝင်အဖြစ် အိုင်အက်စ်တို့ကိုတိုက်ခိုက်ရာတွင် ပါဝင်လျက်ရှိသည်။ သို့သော် ဆီးရီးယားနိုင်ငံသား ကာ့ဒ်အုပ်စုဝိုင်ပီဂျီနှင့် ၎င်း၏နိုင်ငံရေးအုပ်စုခွဲပီဝိုင်ဒီအား ၎င်း၏မြေပေါ်တွင် ဆယ်စုနှစ်သုံးခုကြာအောင် ပုန်ကန်ထကြွခဲ့သည့် ကာ့ဒ်စစ်သွေးကြွများ၏ တိုးချဲ့လာသည့် အုပ်စုများအဖြစ် ထင်မြင်လျက်ရှိသည်။

(ရိုက်တာ)

# သထုံမြို့နယ်အတွင်း စည်းကမ်းမဲ့ဆိုင်ကယ်များကို ပထမဆုံးအကြိမ်ဖမ်းဆီး

**သုဝဏ္ဏဝတီ စက်တင်ဘာ ၂၄**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ စည်းကမ်းမဲ့ မောင်းနှင်သောဆိုင်ကယ်များအား သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက သိမ်ဆိပ်နယ်မြေရဲစခန်းရှေ့၌ အခြေပြု၍ စက်တင်ဘာ ၂၁ ရက်က ရှောင်တခင် စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း ပညာပေးကာလ လွန်မြောက်ခဲ့ပြီဖြစ်သောကြောင့် စည်းကမ်းမဲ့ဆိုင်ကယ်များအား စစ်ဆေးအရေးယူမှုကို သထုံမြို့နယ်အတွင်း ပထမအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး စောင့်ဆိုင်းဖမ်းဆီးခဲ့သည့် အချိန်တိုအတွင်း စည်းကမ်းမဲ့ဆိုင်ကယ် အစီး ၅၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ “ပထမအကြိမ်ဖြစ်တဲ့အတွက် ဆိုင်ကယ်ဦးထုပ်မဆောင်းတဲ့ပြစ်ဒဏ် ဒဏ်ငွေကို သထုံတရားရုံးမှာသွားဆောင်ပြီး ဆိုင်ကယ်ကို ပြန်လည်ယူဆောင်ခွင့်ပြုမယ်။ နောက်လည်းဖမ်းမယ်။ နေ့စဉ် စစ်ဆေးအရေးယူသွားမယ်”ဟု သိမ်ဆိပ်နယ်မြေ ရဲစခန်းမှူး ရဲအုပ်စောယုလှိုင်က ပြောသည်။



သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးလက်တောရွာများတွင် ပညာပေးကာလအတွင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခဲ့သော်လည်း လိုက်နာကျင့်သုံးမှု နည်းပါးနေခဲ့ပြီး မကြာခဏ ယာဉ်တိုက်မှုဖြစ်ပွား၍ လူသေဆုံးမှုများပင် ရှိခဲ့သည်။ ယခုအကြိမ်ဖမ်းဆီးအရေးယူရာတွင် ဆိုင်ကယ်ဦးထုပ်မဆောင်းသည့် ပြစ်ဒဏ် ဒဏ်ငွေသုံးသောင်းကျပ်သာ ချမှတ်သော်လည်း နောက်ပိုင်းတွင် ကျူးလွန်သည့်ပြစ်မှုများကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေသစ်အရ သတ်မှတ်ပြစ်ဒဏ်များအတိုင်း အပြစ်ပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်အာရုံခံတန်ဆောင်းနှင့် မြောက်ဘက်စောင်းတန်းတို့၌ စုပေါင်းတံမြက်စည်းလှည်း သန့်ရှင်းရေးလုပ်ငန်းများကို အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်းကြီးကြပ်မှုဖြင့် ရှေ့တန်းအမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးတင်မင်းဦး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၈၀ တို့က စက်တင်ဘာ ၂၂ ရက်က ဆောင်ရွက်ကြစဉ်။ မင်းခေတ်

# ရမည်းသင်း နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပွဲ စည်ကားစွာကျင်းပမည်



**ရမည်းသင်း စက်တင်ဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်ဘုရားကြီး ဂေါပကအဖွဲ့ကဦးစီး၍ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ကျင်းပမြဲဖြစ်သော နှစ်ကျိုပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကို ယခုနှစ်တွင်လည်း စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့တွင် နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပွဲကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအခါ (၁၈)ကြိမ်ရှိပြီဖြစ်ကြောင်း၊ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း မြို့တွင်းသို့ ဘုရားများ လှည့်လည်အပူဇော်ခံပြီး ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ ပရဟိတအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့များနှင့် ရပ်ကွက်အလိုက် အဖွဲ့များက ဗုဒ္ဓရုပ်ပွားတော်များကို ကားများပေါ်၌ တင်ဆောင်ကာ အလှဆင်၍ လှည့်လည်ကြကြောင်း၊ မြို့နေပြည်သူများက ရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများ လှူဒါန်းကြပြီး ဘုရားများလှည့်လည်အပူဇော်ခံ၍ ရရှိသော နဝကမ္မအလှူငွေများကို ရန်အောင်မြင်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများတွင် ထည့်သွင်းလှူဒါန်းကြောင်း၊ ရမည်းသင်းမြို့၏ ထင်ရှားသော ပွဲတော်များတွင် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲမှာ ထင်ရှားသော ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

# ကြာချည်လုပ်ငန်းကြောင့် ဒေသခံများ ဝင်ငွေအဆင်ပြေ

**စလင်း စက်တင်ဘာ ၂၄**
မကွေးတိုင်းဒေသကြီး စလင်းမြို့မှ နှစ်ပေါင်းသက်တမ်း ၈၀၀ ကျော်ရှိ ဝက်သည်ကန်ကြီးအတွင်း သဘာဝအလျောက် ကန်လုံးပြည့်ပေါက်ရောက်နေသည့် ပဒုမ္မာကြာများမှ ကြာချည်ထုတ်လုပ်သည့်လုပ်ငန်းဖြင့် စလင်းမြို့နေ ဒေသခံများအနေဖြင့် ဝင်ငွေတိုးတက်ရရှိပြီး စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဝက်သည်းကန်အတွင်း ပဒုမ္မာကြာများသည် နှစ်စဉ် မတ်လမှစတင်ပေါက်ပြီး ဒီဇင်ဘာလလောက်တွင် ကြာသက်တမ်းကုန်ကြောင်း၊ ရှေးယခင်က ဒေသခံများအနေဖြင့် ကြာပန်းများကို ဘုရားပန်းအဖြစ်ရောင်းချခြင်း၊ ကြာခွက်၊ ကြာစွယ် ခူးယူရောင်းချခြင်းတို့လောက်သာ လုပ်ကိုင်ကြရာမှ လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစတင်၍ အင်းလေးဒေသမှ ကြာချည်ရက်လုပ်သောလုပ်ငန်းရှင်များ စလင်းဒေသသို့ရောက်ရှိလာကာ ဒေသခံများအား ပဒုမ္မာကြာမှ ကြာချည်ထုတ်လုပ်ပုံများကို လက်တွေ့သင်ကြားပေး၍ ထုတ်လုပ်စေခဲ့ပြီး ဒေသခံများထုတ်လုပ်သည့် ကြာချည်များကိုလည်း ပေါက်ဈေးဖြင့်ဝယ်ယူခဲ့ကြကြောင်း သိရသည်။



ယခုအခါ ကန်ကြီးအနီးတွင်နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ကန်ကြီးအတွင်းရှိ ကြာများမှ ကြာချည်ထုတ်လုပ်သည့်လုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိပေသည်။ ကြာချည်ထုတ်လုပ်ပုံအဆင့်ဆင့်မှာ ရှေးဦးစွာ ကန်အတွင်းမှ ကြာရိုးများကို ကြာရိုး ၄၀၀ ခန့်ပါသော ကြာထုံးများအဖြစ် စုစည်းရသည်။ ကြာထုံးတစ်ထုံးလျှင် ကျပ် ၂၀၀၀ ဈေးရှိပြီး လူနှစ်ဦး နုတ်ပါက တစ်ရက်လျှင် ခြောက်ထုံးခန့် နုတ်ယူနိုင်သည်။ ကြာတစ်ထုံးကို ကြာချည်ထုတ်ယူပါက ကြာချည်တစ်ကျပ်သားရရှိပြီး ကြာချည်တစ်ကျပ်သားလျှင် ကျပ် ၃၀၀၀ ရရှိသည်။ ကြာချည်တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၀ ဈေးဖြင့် အင်းလေးရှိ အဝယ်ဒိုင်များသို့ ပေးသွင်းကြသည်။

ကြာချည်ထုတ်လုပ်ငန်း တွင်ကျယ်လာသည်နှင့်အမျှ ဒေသခံများအနေဖြင့် မိသားစုစားဝတ်နေရေး များစွာ အဆင်ပြေလာကြပြီး ကြာချည်လုပ်ငန်းလုပ်ကိုင်နေကြသူများအနေဖြင့် လူနေမှုအဆင့်အတန်းများ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

**ဖခင်အမည်မှန်**
ကသာမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း (B) မှ မထွေးထွေးဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ညွှန့် ၅/ခဥန(နိုင်)၀၂၈၀၁၉ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်မှန်**
ဦးလှမြင့် ၁၁/ရဗန(နိုင်)၀၄၀၈၂၉၏သမီးတောင်ကုတ်မြို့နယ်၊ တောင်ကုတ်ကောလိပ်၊ ပထမနှစ်(ဓာတုဗေဒ) မှ မလှမြင့်ခိုင်၏ မွေးသက္ကရာဇ်မှန်မှာ ၂၇-၃-၁၉၉၈ ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**
မြိတ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(အတွဲ-၁၊ C )မှ မချစ်ချစ်စရာ၏ မိဘအမည်မှန်မှာ ဦးမြင့်ကိုနှင့် နော်ထီးမူးတို့ဖြစ်ပါကြောင်း။
**ဦးမြင့်ကို ၆/တသရ(နိုင်)၀၃၅၁၃**
**နော်ထီးမူး ၆/မအရ(နိုင်)၀၉၅၉၀၃**

**ဖခင်အမည်မှန်**
ကသာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရာဇာဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး(ခ)ဦးမောင်ဦး ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့၊ အထက (၁)၊ နဝမတန်းမှ မမေယမုံနှင့်မမေဝသုန်တို့၏ဖခင်အမည်မှန်မှာ ဦးမြကိုကိုဦး ၇/ပမန(နိုင်)၀၀၂၉၅၈ ဖြစ်ပါကြောင်း။ **ဦးမြကိုကိုဦး**

**ဖခင်အမည်မှန်**
အထက(၁)၊ မြိတ်မြို့၊ သတ္တမတန်း(ခ)မှ မချောဆုဆုဟန်နှင့် အလက(၅) မြိတ်မြို့ စတုတ္ထတန်း(က)မှ မောင်ဟိန်းဆက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၆/မအရ(နိုင်)၀၄၅၆၂၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ကသာမြို့နယ်၊ ဘွက်ရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းမင်းကို၏ ဖခင်အမည်မှန်မှာ ဦးတင်(ခ)ဦးမောင်တင် ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့၊ ရွှေညောင်ဖူး၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ချစ်နော်၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုး ၁၃/ရစန(နိုင်)၀၂၇၂၂၇ဖြစ်ပါကြောင်း။ **ဦးစိုးစိုး**

**ဖခင်အမည်မှန်**
ပခုက္ကူမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(C)မှ မရွှန်းလဲ့ဝတီ၏ဖခင်အမည်မှန်မှာ ဦးအောင်စန်းဦး ဖြစ်ပါသည်။ **ဦးအောင်စန်းဦး ၈/ပခက(နိုင်)၁၇၉၇၉၇**

**ဖခင်အမည်မှန်**
ကသာမြို့နယ်၊ဘွက်ရွာ၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်း(ခ)ဦးစိုးထွန်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ပေါင်မြို့နယ်၊ မုတ္တမ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မစိုးသန္တာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၁၀/ပမန(နိုင်)၁၀၃၄၁၀ ဖြစ်ပါကြောင်း။ **ဦးသိန်းဝင်း**

**ပျောက်ဆုံး**
ကျွန်မ ဒေါ်မြကြည်ဖြူ ၁၁/ကဖန(နိုင်)၀၀၁၆၁၆ ၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၅၄၆၁၁၃**

## မော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ် ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

မော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ် ၂၈ဧက၊ ဘုန်းကြီးကျောင်းမြေကျယ်ကျယ် စုပေါင်းဝယ်ယူလှူဒါန်းလိုသူများနှင့် တရားရိပ်သာဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များ စိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာဝကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေး လွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။

**ကျပ်သိန်း (၁၂၀၀၀)**

**ဆက်သွယ်ရန်ဖုန်း - ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၂၅၀၁၆၅၅၁၉၊ ၀၉-၄၃၂၉၂၉၂၉**

**မွေးသက္ကရာဇ်အမှန်**
မြင်းခြံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အဘ ဦးအေးကြိုင်၏သား၊ မြင်းခြံမြို့ အထက(၃)၊ နဝမတန်း(B) မှ မောင်မင်းသန့်ကြိုင် ၉/မခန(နိုင်) ၂၇၂၂၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၁-၂၀၀၂ခုနှစ် ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာမြို့သစ်၊ အမှတ်(၁၀)ခ/၆၆နေ ဦးအေးကို၏ဇနီး၊ မောင်ကျော်စွာမင်းထက်၊ မအင်ကြင်းကိုကိုတို့၏ မိခင်ဒေါ်တင်သက်ထားအား ဒေါ်ထားရွှေ ၇/အဖန(နိုင်)၀၁၇၂၁၀ ဟု ပြောင်းလဲခေါ်ပါရန်။ **ဒေါ်ထားရွှေ**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဖိုးလူးလူ ၂/ဒမဆ(နိုင်) ၀၅၀၃၇၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၃၃၉၄၅၁**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်စောဘေရီထူး ၂/ဒမဆ(နိုင်)၀၃၁၅၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၃၃၇၇၇၈**

# အရှုံးအနိုင်မပေါ် သရေကျခဲ့သည့် စိုးမောင်ဦး(မြန်မာ)နှင့် အိဗ်(ပြင်သစ်)တို့ စိန်ခေါ်ပွဲ



မန္တလေး စက်တင်ဘာ ၂၄

**မန္တလေး အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားခန်းမ၌ စက်တင်ဘာ ၂၃ ရက် ညပိုင်းက မြန်မာ-ပြင်သစ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပရာ သုံးချီစိန်ခေါ်ပွဲ ၁၁ ပွဲ၊ လေးချီစိန်ခေါ်ပွဲ ခြောက်ပွဲ စုစုပေါင်း ပွဲစဉ် ၁၇ ပွဲ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြသည်။**

သုံးချီစိန်ခေါ်ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ရိုးရာလက်ဝှေ့အားကစားသမားများ သက်လုံကြံ့ခိုင်မှု၊ လေ့ကျင့်မှု အားနည်းနေခြင်းတို့ဖြင့် ထိုးသတ်ယှဉ်ပြိုင် ကစားမှုအပေါ် လက်ဝှေ့ဝါသနာရှင်များ အကြိုက်မတွေ့ဘဲ စိတ်ဘဝင်မကျဖြစ်ခဲ့ပြီး သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်သော လေးချီစိန်ခေါ်ပွဲများကို နှစ်သက်စွာအားပေး၍ ယှဉ်ပြိုင်ခဲ့သော လက်ဝှေ့အားကစားသမားများကို ဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

သုံးချီစိန်ခေါ် ပွဲစဉ်များတွင် အောင်သူ (အဏ္ဏဝါကျော်ကြီး)နှင့် သူရဆင်(စွမ်းကေကေ)၊ မြွေပွေးပေါက်(မြွေပွေး)နှင့် အောင်သူလင်း (ရွှေလက်သီး)တို့ပွဲစဉ်များက ပူးတွဲသရေပွဲဖြစ်ခဲ့ပြီး ရန်နိုင်(စစ်ကိုင်း)က ညိုကြီး(မြွေပွေး)ကို လည်းကောင်း၊ ဇော်ဝဏ္ဏ(မြဇမ္ဗူ)က မျိုးဆက်သစ်(မြွေပွေး)ကို လည်းကောင်း၊ ထွန်းထွန်းဦး(မြွေပွေး)က ကျားငကျော်(ကျားရဲ)ကိုလည်းကောင်း၊ မောင်ထန်း(ကျားရဲ)က နေသူဝင်း(မြွေပွေး)ကိုလည်းကောင်း၊ ဝင်းထွန်းအောင်(သထုံ)က အောင်နိုင်သိန်း(မြစ်ကြီးနား)ကိုလည်းကောင်း အနိုင်ရရှိပြီး သက်ကို(မြွေပွေး)က ကျားရဲနိုင်(ကျားရဲ)ကို လည်းကောင်း၊ အောင်ပန်းဇော်(ကျားရဲ)က မျိုးဆက်သစ်(မြွေပွေး)ကို လည်းကောင်း၊ ထက်အောင် (ကောလင်း)က မြွေပွေးကိုယ်ပွား (မြွေပွေး)ကို လည်းကောင်း ပထမအချီ၌ အလဲထိုးအနိုင်ရရှိကြသည်။ သက်ကြီးအထူးပွဲစဉ်တွင် မြကျည်ဆံ(မန္တလေး)နှင့် ခွန်ကျော်ဆွေ (သထုံ)တို့ ပူးတွဲသရေကျခဲ့သည်။

လေးချီစိန်ခေါ်ပွဲတွင် သူရလိပ်(စွမ်းကေကေ)နှင့် အာကာမင်း(သထုံ)၊ ရွှေကျောင်းသား(သထုံ)နှင့် ဗျူဟ (မန္တလေး)တို့ ပွဲစဉ်၌ ဘတစ်ပြန် ကျားတစ်ပြန် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ထိုးသတ်ကြရာ အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

ငမန်းရိုင်း(သထုံ)က ဇော်ဝဏ္ဏ(မန္တလေး)ကို ပထမအချီ၌ လည်းကောင်း၊ ဗထူးမောင်(ရတနာပုံ)က ရွှေကျား(စစ်ကိုင်း)ကို တတိယအချီတွင်လည်းကောင်း၊ ရဲရင့်သွေး(မန္တလေး)က သားကျော်ဖြောင့်(သထုံ)ကို ဒုတိယအချီတွင်လည်းကောင်း အလဲထိုးအနိုင်ရရှိကြသည်။

မန္တလေးမြို့မှ ရိုးရာလက်ဝှေ့ အားကစားဝါသနာရှင်များ မျှော်လင့်စောင့်စားကြည့်ရှုခဲ့ရသည့် စိုးမောင်ဦး(မြန်မာ)နှင့် စိန်ခေါ်သူ Yves အိဗ်(ပြင်သစ်)တို့၏ လေးချီစိန်ခေါ်ပွဲတွင် **(ဝဲပုံ)**နှစ်ဦးစလုံး ဘတစ်ပြန် ကျားတစ်ပြန် သူနိုင်ကိုယ်နိုင် ရေကုန်ရေခန်း ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာ လက်ဝှေ့ဝါသနာရှင် ပရိသတ်တို့ အကြိုက်တွေ့ခဲ့ကြပြီး ပူးတွဲသရေကျခဲ့သည်။

စိုးမောင်ဦး(မြန်မာ)ထက် အိဗ်(ပြင်သစ်)က အရပ်အမောင်း ကိုယ်အလေးချိန် ကြံ့ခိုင်မှုအင်အား သာလွန်ကောင်းမွန်ပြီး ဇွဲသတ္တိနှင့် ခံနိုင်ရည်စွမ်းရည်အပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့ပြီး တတိယအချီတွင် စိုးမောင်ဦး(မြန်မာ)၏ ဒူးပျံတိုက်ချက်ထိမိခဲ့သဖြင့် အိဗ်(ပြင်သစ်) အနားတောင်းခံခဲ့သည်။

"မျိုးဆက်သစ် ရိုးရာလက်ဝှေ့ အားကစားသမား တစ်ဦးဖြစ်တဲ့ စိုးမောင်ဦး(မြန်မာ)ဟာ ယခုပွဲမှာ အောင်မြင်ခဲ့ပါတယ်။ ပွဲက မျှတမှုရှိခဲ့ပြီး အိဗ်(ပြင်သစ်)က မြန်မာ့ရိုးရာလက်ဝှေ့ပွဲကို တစ်ကြိမ်တစ်ခါမျှ ထိုးသတ်ဖူးခြင်း မရှိခဲ့ပါဘူး။ စိုးမောင်ဦး(မြန်မာ)ထက် အိဗ်(ပြင်သစ်)က အားအင်ကြံ့ခိုင်မှု သာလွန်ကောင်းမွန်ပေမယ့်လည်း အနိုင်ရရှိအောင် မထိုးသတ်နိုင်ခဲ့ပါဘူး"ဟု အောင်သမာဓိ စိန်ရွှေရတနာဆိုင်၏ အဓိကပံ့ပိုးကူညီမှုဖြင့် ပွဲစီစဉ်သူ ဦးဒသက ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၄**

Rio 2016 Paralympic Games တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော အောင်ပွဲရ မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီ က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မသန်စွမ်းအားကစားလေ့ကျင့်ရေး စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့် (ဗိုလ်မှူးကြီး၊ငြိမ်း)က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသားမီတာ ၄၀၀ ၌ နိုင်ငံပေါင်း ၁၈ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံမှ အဆင့်(၈)ဖြင့် ရရှိခဲ့သော အားကစားသမား ကျော်ကျော်ဝင်း၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲနှင့် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၌ နိုင်ငံပေါင်း ၂၄ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံမှ အဆင့် ၁၄ ဖြင့် ရရှိခဲ့သော အားကစားသမား အောင်မြင့်မြတ်တို့အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဗိုလ်မှူးကြီး ကျော်စိုးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် အမှုဆောင်များ၊ တာဝန်ရှိသူများက သိလိုသည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပရီမီယာလိဂ် ပွဲစဉ်(၆) မန်ယူတို့ လက်စတာကို ဂိုးပြတ်အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၆) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် မန်ယူနှင့် လက်ရှိချန်ပီယံ လက်စတာတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ယူအသင်းက လေးဂိုး- တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နည်းပြ မော်ရင်ဟိုသည် မန်ယူအသင်းကို ၄-၂-၃-၁ ပုံစံဖြင့် အီဘရာဟီမိုဗစ်ကို အထောင်ထားကာ ပွဲထွက်ခဲ့သည်။ လက်စတာ အသင်းမှာ ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၂ မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် စမောလင်းက ခေါင်းတိုက်သွင်းယူကာ မန်ယူတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ၃၇ မိနစ်တွင် မာတာ၊ မိနစ်၄၀တွင် ရက်ရ်ဖို့ဒ်၊ ၄၂ မိနစ်တွင် ပေါ့ဂ်ဘာက **(ယာပုံ)** သွင်းယူခဲ့၍ မန်ယူအသင်း ပထမပိုင်းတွင် လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ယခုနှစ်ရာသီတွင် မန်ယူတို့ အသစ်ဝယ်ယူခဲ့သော နာမည်ကြီးကစားသမား ပေါ့ဂ်ဘာမှာ ယနေ့ပွဲတွင် မန်ယူအသင်းအတွက် ပထမဆုံးဂိုး သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် လက်စတာအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဗာဒီနေရာတွင် လူစားဝင်လာသော ဂရေးက မိနစ် ၆၀ တွင် သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်အနက် ခုနစ်ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ပွဲစဉ်(၆)အပြီး မန်ယူက ရမှတ် ၁၂ မှတ် ရရှိထားပြီး လက်စတာမှာ ခုနစ်မှတ်သာ ရရှိထားသည်။



အခြားပရီမီယာလိဂ် ပွဲစဉ်များတွင် ဘုန်းမောက်က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးက ဟားလ်စီးတီးကို ငါးဂိုး-တစ်ဂိုး၊ စပါးက မစ်ဒယ်ဘရော့ကို နှစ်ဂိုး - တစ်ဂိုး၊ ပဲလေ့စ်က ဆန်းဒါးလန်းကို သုံးဂိုး-နှစ်ဂိုး၊ မန်စီးတီးက ဆွမ်ဆီးကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရပြီး စတုတ်နှင့် ဝက်စ်ဘရွန်းတို့ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

**ဘွန်ဒက်စ်လီဂါပွဲစဉ် (၅)**

ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ် (၅) အဖြစ် ဂလာဘတ်က အင်ဂိုစတက်ကို နှစ်ဂိုး - ဂိုးမရှိ၊ လေဗာကူဆင်က မိန့်ဇ်ကို သုံးဂို -နှစ်ဂိုး၊ ဘိုင်ယန်မြူးနစ်က ဟမ်းဘတ်ကို တစ်ဂိုး-ဂိုးမရှိ၊အော့စ်စဘတ်က ဒမ်စတက်ကို တစ်ဂိုး - ဂိုးမရှိတို့ဖြင့် အနိုင်ရသည်။ ဖရန့်ဖတ်နှင့် ဟာသာဘာလင်တို့ပွဲမှာ သုံးဂိုးစီ သရေဖြစ်ခဲ့သည်။

**သီဟ**

**စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း**
**တတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်**

"စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော တတိယအကြိမ်စုပေါင်း သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ အောက်တိုဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ ကြက်ဥ ၁၀ လုံး၊ UV နေရောင်ခြည်ကာကွယ်သော ထီးကြီး၊ ဦးထုပ်နှင့် 100% Cotton Sport-Shirt လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း-၀၉-၇၃၁၄၄၂၀၁၊ ၀၉-၄၅၅၇၈၅၄၂၀၊ ၀၉-၇၉၉၅၈၃၉၄၂ ဖုန်းနံပါတ်များသို့ ၃၀-၉-၂၀၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်နှင့် အလှူငွေထည့်ဝင်လိုပါက ဖုန်း-၀၉-၅၁၃၅၅၁၅သို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးစန်းမောင်မြင့် @ နန်းဦးလွင်၊ ၁၁၅ကြိမ် သွေးလှူရှင် (လူမှုထူးချွန်-ပထမဆင့်)**
**၁၃၉၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အထကထန်းတောဗောဓိ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဇင်ကိုဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မိုး ၅/ဒပယ(နိုင်)၀၅၅၀၆၁ ဖြစ်ပါကြောင်း။

**ဦးဇော်မိုး**

**ဖခင်အမည်မှန်**

ဘုတလင်မြို့ အထက တက္ကသိုလ်ဝင်တန်း(SE4)မှ မောင်ဇော်ဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မြင့်သန်း ၆/မမန(နိုင်)၁၄၀၉၄၂ ဖြစ်ပါကြောင်း။ **ဦးဇော်မြင့်သန်း**

**ပျောက်ဆုံးကြောင်း**

မြိုင်မြို့နယ် ကိုင်းတောမကျေးရွာနေ မောင်ဆန်းဝေမင်း (ဘ)ဦးမောင်ဝင်း ၈/မမန(နိုင်)၁၆၃၃၁၀ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၉၇၀၁၈၃၃၅၆**

**ဖခင်အမည်မှန်**

မုံရွာမြို့၊ မုံရွေး-ကြေးမုံ အထက (ခွဲ) နဝမတန်းမှ မောင်ဇင်မင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဌေး ၅/မရန(နိုင်)၁၆၁၁၅၆ ဖြစ်ပါကြောင်း။

**ဦးအောင်ဌေး**

**ပျောက်ဆုံးကြောင်း**

မြိုင်မြို့နယ် ငါးဝင်းကျေးရွာနေ မောင်အောင်မျိုးဆွေ (ဘ)ဦးရွှေလေး ၈/မမန(နိုင်)၁၈၈၉၉၆ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၂၅၉၈၄၄၁၃၀**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ချစ်ကို၏ ဖခင်အမည်မှန်မှာ ဦးထွေးမောင် ၅/တဆန(နိုင်)၀၂၅၈၄၇ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ရေစကြိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မောင်အောင်သူဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင်ဦး ၉/မနမ(နိုင်)၁၀၂၆၇၄ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်ဦး**

**ပျောက်ဆုံးကြောင်း**

ပခုက္ကူမြို့နယ် စို့တွင်းကျေးရွာနေ ကိုသိန်းဇော်မြင့် (ဘ) ဦးဗိုလ်ဆန်း ၈/ပခက(နိုင်)၂၉၁၇၄၇ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်းပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၇၉၂၁၉၄၄၁၃**

**ဖခင်အမည်မှန်**

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက တက္ကသိုလ်ဝင်တန်း (C)မှ မောင်ရန်နောင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးအောင် ၅/တဆန(နိုင်)၀၈၂၂၈၅ ဖြစ်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**
**မီးသတ်ဦးစီးဌာန**
**မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အောက်ပါပစ္စည်းများကို တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တူညီဝတ်စုံ (ဘူးလော့ပိတ်ထူ) | ၄၁၇၇ထည် |
| (ခ) | လက်မောင်းတံဆိပ်စုံ | ၄၁၇၇ စုံ |
| (ဂ) | ဦးထုပ်+တံဆိပ် | ၄၁၇၇ လုံး |
| (ဃ) | ခါးပတ် (LOGO) ပါ | ၄၁၇၇ ချောင်း |
| (င) | စစ်ဖိနပ် (ပုံစံ-၁) | ၄၁၇၇ ရန် |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာယူရန်** | - ၂၆-၉-၂၀၁၆ရက်မှ ၃၀-၉-၂၀၁၆ရက်ထိ |
| (ခ) | **တင်ဒါတင်သွင်းရက်** | - ၃-၁၀-၂၀၁၆ရက် |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၁၀-၁၀-၂၀၁၆ရက် |

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း-၀၅၇-၂၇၂၄၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

**ရွှေမဟာဆေးသုတ်လုပ်ငန်း**
**Rutty (2) Coat Sealer (2) Coat Paint (3) Coat.**

| | | | | |
|---|---|---|---|---|
| 1. | Unitex | 1'x1' | - | ၂၂ဝိ/ - |
| 2. | Orient | 1'x1' | - | ၂၈ဝိ/ - |
| 3. | Premier | 1'x1' | - | ၃၈ဝိ/ - |
| 4. | ICI (or) Nippon | 1'x1' | - | ၄၅ဝိ/ - |

ပစ္စည်းလက်ခအပြီး လက်ရာသေသပ်ရန် အာမခံပါသည်။ ပေါ်လစ်တိုက်သည်။ **ဖုန်း-၀၉-၄၅၀၉၉၄၆၆၇၀**

**အိမ်အရောက် သင်ကြားပေးသည်**

ဆရာမဒေါ်မြင့်မိုရ် (၁၀ တန်းသီးသန့်)
(၅ လပြတ်)
အာမခံဖြင့် အောင်ရန်သင်ကြားပေးသည်။

**ဖုန်း-၀၉-၄၅၅၀၄၆၁၉၄၊ ၀၉-၄၅၅၀၄၆၁၉၅**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

| | | |
|---|---|---|
| ၁။ ဒေါ်ငွေကြည် | နှင့် | ၁။ ဒေါ်အုန်းသိန်း |
| ၂။ ဒေါ်ခင်တင့်(၎င်းတို့၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဝင်းတင့်) | | ၂။ ဦးပေါရွှေ |
| | | ၃။ ဒေါ်ဝင်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေဝန်းအနောက်ရပ်နေ ဦးပေါရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ငွေကြည် ပါ-၂ ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၂ ရက် (၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**

# နေရစ်ခဲ့တော့ ဟောင်သရောမြစ်....ရေ

**မြင့်စိုး(နတလ)**

ဟောင်သရောမြစ်ထဲမှာ စက်လှေစီးနေစဉ်ခဏ ဖျတ်ခနဲ အတွေးရောက်လိုက်တာကတော့ ဩော်...နယ်စပ်ဒေသတွေကို သွားရင်းလာရင်း စက်လှေ၊ စပိဒ်ဘုတ်စီးရတဲ့ ခရီးတော်တော်များများနဲ့လည်း ကြုံခဲ့ရပါပကောလားဟူ၍ပင်...။ ကြည့်လေ- နာဂဒေသလို့ပြောလိုက်သည်နှင့် လူတော်တော်များများကတော့ နာဂတောင်တန်းကြီးများကို ပြေး၍မြင်ကြမည်သာ။ အကောက်အကွေ့များစွာနှင့် မြင့်မားဝေသီနေသော လဟယ်-ဒုံဟီးလမ်း မိုင် ၆၀၊ ဟိုဘက်ဆက်သွားလျှင် ဒုံဟီး-နန်းယွန်းလမ်း စသည်ဖြင့်။ သို့သော်ငြားလည်း နန်းယွန်းမြို့နယ်ထဲက ဦးကွမ်ဘေးတို့ နာဂငြိမ်းချမ်းရေးအဖွဲ့များရှိရာ တကားကျေးရွာကို သွားသောခရီးစဉ်၌ ခန္တီးမှ ချင်းတွင်းမြစ်အတိုင်း တိုက်တီးသို့ စက်လှေသုံးဆင့်ပြောင်း၍ စီးရသည်။ ထိုခရီး၌ သဘာဝအတိုင်းဖြစ်တည်နေသော ဆည်ကြီး၊ ကျောက်စိမ်းဆည်ဆိုသည့် ကျောက်တုံးကျောက်ဆောင်ကြီးများကို ကျော်ဖြတ်၍သွားရသောကြောင့် စက်လှေကို ဟိုဘက်ခရီး၊ သည်ဘက်ခရီးပြောင်း၍စီးကြရပုံ၊ နတ်သမီးဆည်ကိုဖြတ်ရပုံ၊ တကားရွာမှအပြန် တကားချောင်းအတိုင်း စက်လှေစီး၍ တနိုင်းခချောင်းနှင့် ဝိုင်ပုံသဏ္ဌာန်နေရာတွင် ပြန်လည်ပေါင်းဆုံကြပုံတို့အား "တနိုင်းခကိုဖြတ်ခဲ့သည်" ဆောင်းပါး၌ ကျွန်တော်ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

အလားတူ ရခိုင်ဒေသခရီးစဉ်မှာရော မင်းချောင်းတံတားကြီးအောက်မှနေ၍ မေယုမြစ်အတိုင်း ဘူးသီးတောင်သို့ စပိဒ်ဘုတ်စီးပြီးသွားခဲ့ရသလို စစ်တွေမှ ဖရုံကာကျွန်းစုများသို့သွားရာတွင်လည်း စက်လှေစီး၍ သွားခဲ့ကြရသည်။ လှိုင်းကြီးလေထန်ချိန်တွေလည်း ရှိခဲ့သပေ့ါ။ သို့တစေ ငါဟဲ့ ရောဝတီတိုင်းသား၊ ငယ်စဉ်ကျောင်းသားဘဝကတည်းက ဝန်မြစ်ထဲက လှေတစ်စီးပေါ်မှာ ဦးပဲပေါက်ပေါက်၊ ပဲ့ကပဲထိုင်ထိုင် မြင်းဇက်ကိုကိုင်သကဲ့သို့ လှေနဲ့ရေကို နိုင်ခဲ့သူတွေပဲလေ၊ ဘဇာကိုမှုရမတုန်း ဆိုသည့်စိတ်ဖြင့် သွားခဲ့လာခဲ့သည်ချည်းသာ။ အမှန်တကယ်လည်း သည်လိုရေလမ်းခရီးတွေကို သဘောကျနှစ်ခြိုက်မိပါသည်။ သွားရင်းလာရင်းနှင့်လည်း မိမိဇာတိမြေက ငယ်စဉ်တောင်ကျေး ကလေးဘဝတွေကို ပြန်လည်သတိရ တမ်းတခဲ့မိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဟိုမိန်းလိုနေရာမျိုးကို သွားရင်တော့ဖြင့် သံလွင်မြစ်ကို တာစွတ်တိန်း ကူးတို့ဆိပ်မှာ ကားကူး ကူးတို့ဖောင်ဖြင့် ဖြတ်ကျော်ရသည်။ ထိုသို့သွားရင်းလာရင်းနှင့် ကလိုထူးဘော၏အဓိပ္ပာယ်ကို မေးမြန်းကြည့်ရာ ကလိုဆိုတာက ကရင်လို ဗားစည်ဖြစ်ကြောင်း၊ ထူးက ရွှေ၊ ဘောဆိုသည်မှာ အဝါရောင်၊ အားလုံးပေါင်းလိုက်သောအခါ ရွှေဝါရောင်ဗားစည်ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။

**နယ်မြေဒေသတစ်ခုခု၌ လမ်း/တံတားလုပ်ငန်းအပါအဝင် အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဒေသအတွက် အမှန်တကယ်အကျိုးပြု/မပြု၊ ထိုအကျိုးကျေးဇူးကိုခံစားရမည့် ကျေးရွာအုပ်စု၊ ကျေးရွာပေါင်း၊ လူဦးရေ စသည်စသည်တို့၏ လွှမ်းခြုံမှု၊ အခြားသော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ လုပ်ငန်းများနှင့် လုပ်ငန်းချင်းထပ်နေ/မနေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထား၊ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံတော်၏ပထဝီအနေအထားကို ထိပါးနိုင်သောလုပ်ငန်းမျိုးဖြစ်နေပါက တိုင်းစစ်ဌာနချုပ်များ၏ သဘောထားအမြင် စသည်တို့ကို ကြိုတင်သိရှိရယူထားနိုင်ရေးအတွက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေသို့ ကွင်းဆင်းဆောင်ရွက်ကြရမည်ဖြစ်သည် . . .**

သော အချိန်မျိုးတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တာကော်အက် ကူးတို့ဆိပ်နှင့် နမ့်တိန်းချောင်းတို့တွင် တံတားကြီးများဖြစ်ပေါ်မလာမီ ပွန်တွန်းကူးတို့ဖောင်များဖြင့်ကူးကြရသော ၁၉၈၀ ပြည့်လွန်များဆီသို့ စိတ်အာရုံက အလိုလိုရောက်သွားတော့၏။

ယခုလည်း ဟောင်သရောမြစ်ထဲမှာ စက်လှေစီးရင်း အတွေးပင်လယ်ကြောမှာ မျောနေသည့် ကျွန်တော့်စိတ်အာရုံတွေကို ပြန်လည်စုစည်းလိုက်မိသောအခါ မကြာမီကမှ ဖွင့်လှစ်ခဲ့သော ကြာအင်းတံတားကြီးနှင့် စက်လှေစတင်ထွက်ခွာလာသည့် ကြာအင်းကျေးရွာဆိပ်ကမ်းလေးက တော်တော်ဝေးဝေးမှာ ကျန်ခဲ့ပါပကောလား။ စက်လှေပေါ်မှာ အတူပါလာသူများကတော့ DKBA(ကလိုထူးဘော)အဖွဲ့မှ ဦးစောမိုရှေး၊ ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်နောင်၊ နတလရုံးချုပ်မှ ကျွန်တော်နှင့် အတူလိုက်ပါလာသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ မိတ်ဆွေများဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးအောင်ကျော်ထွန်း၊ အလွန် ရယ်စရာ မောစရာ ပြောတတ်သော ကရင်တိုင်းရင်းသား ကိုထိခေါင်တို့အပါအဝင် ဦးစောမိုရှေး၏ DKBA (ကလိုထူးဘော) တပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။



တောင်ကမ္မရိုက်ကျေးရွာသို့အဝင်မြစ်ကွင်း

ထိုနည်းတူစွာ "ကိုထိခေါင်ရေ၊ ခင်ဗျားအမည်က စိုးလွင်လွင်ရဲ့ ဒုံးယိမ်းညသီချင်းထဲက ထိခေါင်-ထိခေါင်-ထိခေါင်လားဟေ့နဲ့ တူသလား" မေးတော့ သူကရယ်လျက် "အဲသည်လိုမျိုး အတူတူပါပဲ၊ နိုင်ငံ(သို့မဟုတ်)တိုင်းပြည်ပေ့ါဗျာ"တဲ့။ ခမရ(၁၄) ကျောက်ဆည်မှာနေတုန်းက ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးစောစေးဝါးညွန့်၊ အန်တီလုတို့မိသားစုနှင့် ရင်းနှီးခင်မင်သောကြောင့် ကရင်စကား တစ်ခွန်းစနှစ်ခွန်းစ သင်ယူနားထောင်ခဲ့ဖူးကြသည်။ အခုလည်း ထိခေါင်ဆိုတာ ပိုးကရင်စကားပါဟု ကိုထိခေါင်က ရှင်းပြသည်။ ခရီးသွားနေတုန်းကတော့ ကျွန်တော်တို့ရောက်ခဲ့သည့် ကမ္မရိုက်ကျေးရွာ၏ အမည်နာမအဓိပ္ပာယ်ကို မေးမလာမိခဲ့။ နတလရုံးချုပ်သို့ပြန်ရောက်တော့မှ ကရင်တိုင်းရင်းသူဝန်ထမ်းများဖြစ်သော လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်စီဘလုနှင့် ဒုဦးစီးမှူး မေချမ်းမြေ့အောင်တို့ကို မေးမြန်းကြည့်ရာ ကမ္မရိုက်ဆိုတာ တလိုင်းကရင်စကားအရတော့ 'လာပါ လာပါ'ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ဒါဆိုရင် ဟောင်သရောမြစ်၏ တစ်ဖက်ကမ်းဆီမှာရှိနေသော မြောက်ကမ္မရိုက်နှင့် တောင်ကမ္မရိုက် ကျေးရွာများ၊ တောင်ကမ္မရိုက်ရွာ၏ တောင်ဘက်ရှိ ကမ္မရိုက်လေးကျေးရွာများသည် မိတ်ဆွေသင်္ဂဟများကို အမြဲတမ်းဖိတ်ခေါ်ကြိုဆိုနေသည့်ရွာများ ဖြစ်လို့နေသည်ပေ့ါ။ 'ခါတစ်လှည့် လာခဲ့ပ့ါ ကမ္မရိုက်ကျေးရွာ' ဟူ၍များ ဖိတ်ခေါ်နေကြရော့သလားမသိ။

ကမ္မရိုက်ကျေးရွာများသို့ ကျွန်တော်တို့ရောက်ရှိရခြင်းအကြောင်းအရင်းကို ယခုမှစပြီး ပြောရပါတော့မည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချမှတ်ထားသောမူဝါဒများအရ နယ်မြေဒေသတစ်ခုခု၌ လမ်း/တံတားလုပ်ငန်းအပါအဝင် အခြားသောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဒေသအတွက် အမှန်တကယ်အကျိုးပြု/မပြု၊ ထိုအကျိုးကျေးဇူးကိုခံစားရမည့် ကျေးရွာအုပ်စု၊ ကျေးရွာပေါင်း၊ လူဦးရေ စသည်စသည်တို့၏ လွှမ်းခြုံမှု၊ အခြားသော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ လုပ်ငန်းများနှင့် လုပ်ငန်းချင်းထပ်နေ/မနေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထား၊ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံတော်၏ပထဝီအနေအထားကို ထိပါးနိုင်သောလုပ်ငန်းမျိုးဖြစ်နေပါက တိုင်းစစ်ဌာနချုပ်များ၏ သဘောထားအမြင် စသည်တို့ကို ကြိုတင်သိရှိရယူထားနိုင်ရေးအတွက် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေသို့ ကွင်းဆင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုလည်း ကျွန်တော်တို့အဖွဲ့အနေဖြင့် ဒေါနတောင်တန်းအနောက်ခြမ်းတွင် တည်ရှိနေသော ကမ္မရိုက်ကျေးရွာဒေသများတွင် လမ်းဖောက်လုပ်ပေးရေးလုပ်ငန်း၊ ဒေသခံများ အားထားစိုက်ပျိုးနေသည့် စပါးစိုက်ပျိုးရေးလုပ်ငန်းအတွက် တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရေးအတွက် ထိုဒေသများတွင် လေ့လာကြည့်ရှုရန် ကွင်းဆင်းခဲ့ကြခြင်းဖြစ်သည်။

တောင်ကမ္မရိုက်ကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားများအတွက် တောင်ကမ္မရိုက်-ကမ္မရိုက်လေး မြေလမ်း ၄ မိုင် ၅ ဖာလုံကို ဖောက်လုပ်ပေးနိုင်ပါက ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်ပေးမည့် သမိန်ဒွတ်-ကျွဲဖြူအင်း-ဆင်ကူး-ကညင်တိုက် မြေလမ်း ၉ မိုင်နှင့် ဆက်စပ်မိပြီး ကျိုက်မရောမြို့နှင့် မော်လမြိုင်မြို့များသို့လည်းကောင်း၊ ကညင်တိုက်မှတစ်ဆင့် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းသို့လည်းကောင်း ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ကြမည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ထိုဒေသရှိ ရင်သွေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပေသည်။ တောင်ကမ္မရိုက်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ခွင့်ရရှိထားပြီး ကျောင်းသားကျောင်းသူ ၃၄၆ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ ကျောင်းအုပ်ဆရာကြီး ဦးအုန်းသိန်းမှာ ဧရာဝတီတိုင်းသားဖြစ်၍ အမြိုးစပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သေး၏။ ကမ္မရိုက်လေးကျေးရွာတွင်လည်း အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူပေါင်း ၁၉၄ ဦး တက်ရောက်သင်ယူလျက်ရှိကြသည်။ ကမ္မရိုက်ကျေးရွာများနှင့် လာလယ၊ ကျွဲဖြူအင်း၊ ကော့ခီး၊ ခူနီ၊ ဝင်းဒဝယ်၊ ကညင်ကတိုက်၊ သမိန်ဒွတ်၊ ကညင်ကျောက်ဖြာ၊ မွန်ကုန်းကျေးရွာများအပါအဝင် ထိုဒေသနေ ကရင်တိုင်းရင်းသားသွေးချင်းများသည် လယ်ယာစိုက်ပျိုးခြင်းကို အားထားလုပ်ကိုင်လျက်ရှိကြရာ စိုက်ပျိုးဧက ၄၀၀၀ ကျော် တွေ့ရှိခဲ့ရသည်။


ဟောင်သရောမြစ်အတိုင်းစုန်ဆင်းလာရာမှ ကမ္မရိုက်ကျေးရွာသို့ရောက်ခါနီးတွင် တင့်တယ်သပ္ပာယ်စွာစံနေတော်မူသော စေတီတစ်ဆူကို လှမ်း၍ဖူးမြော်လိုက်ရသည်။ ဘုန်းတော်ကြီးကျောင်းကလည်း အတော်ပင် ကြီးမားလှသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲလည်း ရှိသည်။ တစ်လက်စတည်းဆက်ပြောရလျှင် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးမည့် လမ်း/တံတားလုပ်ငန်းများအပေါ်လည်း အလွန်မျှော်လင့်အားထားလျက်ရှိကြောင်း တွေ့ရသည်။ လမ်းဖောက်မည့်နေရာသို့ လိုက်လံပြသပေးကြသူများထဲတွင် ကျေးရွာအလိုက် အုပ်ချုပ်ရေးမှူးများပါဝင်သကဲ့သို့ ရွာသားဦးရေကလည်း မနည်းမနော၊ တစ်ရွာလုံးနီးပါးဟုသာ ဆိုလိုက်ချင်တော့သည်။ တစ်ပျော်တစ်ပါးလိုက်၍ ပြသပေးကြသည်။ ဆရာကြီးဦးအုန်းသိန်း၏ တပည့်များဖြစ်သော ဆရာမများ၊ ကျောင်းသူများ ချက်ပြုတ်ကျွေးမွေးသည့် ကရင်တိုင်းရင်းသားရိုးရာ ထမင်း၊ ဟင်းများကို စားရသည်မှာလည်း ခံတွင်းတွေ့လှ၏။ စေတနာဗရပွနှင့်မို့ ကျေးဇူးလည်း တင်ရပါပေသည်။

ကမ္မရိုက်ဒေသမှာ ညအိပ်ခွင့်မရခဲ့။ နောက်တစ်နေ့ခရီးစဉ်မှာ မြဝတီမှတစ်ဆင့် ဆုံဆည်းမြိုင်၊ ဝါလေဒေသသို့ သွားရောက်ရန်ဖြစ်ပါသည်။ သည့်အတွက် ယနေ့ညမှာပင် မြဝတီမြို့သို့အရောက် ခရီးဆက်ကြရပေဦးမည်။ ကမ္မရိုက်ကျေးရွာမှပြန်အထွက် စက်လှေပေါ်မှနေ၍ စေတီတော်မြတ်ကို ဦးခိုက်ခဲ့ပါသည်။ ရေဆန်ဖြစ်သော်လည်း ဟောင်သရောမြစ်ပေါ်မှာ စက်လှေကလေးက တစ်ရိပ်ရိပ်ပြေးလျက်။ ကြာအင်းကျေးရွာ ဆိပ်ကမ်းအတက်တွင်မူ မြစ်ပြင်သို့ သမင်လည်ပြန်စောင်းငဲ့ကြည့်ရင်း သံယောဇဉ်ကြီးစွာနှုတ်ဆက်လိုက်မိသည်။ နေရစ်ခဲ့တော့ ဟောင်သရောမြစ် ....ရေ။





ဟောင်သရောမြစ်ကူး ကြာအင်းကျေးရွာ တံတားကို အဝေးမှ တွေ့ရစဉ်
















# သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့

**မောင်ခင်မင်(ဓနုဖြူ)**

"ဆရာပြောပြတဲ့ 'နိုင်ငံတော့်မျက်နှာ' သရုပ်ဖော်အဖွဲ့ အကြောင်းနားထောင်ပြီး အိမ်ပြန်ရောက်တော့ သတိရတာနဲ့ သမီးဆယ်တန်းတုန်းက ကျောင်းမှာရေးရတဲ့ စာစီစာကုံး စာအုပ်ကလေးပြန်ရှာကြည့်တော့ သမီးသရုပ်ဖော်ထားတဲ့ စာစီစာကုံးကလေးတွေ့လို့ ဝမ်းသာသွားပါတယ်ဆရာ"

"သြော်...ဘာအကြောင်းရေးထားတာလဲသမီးရဲ့"

"ခေါင်းစဉ်က 'ကျေးလက်ညနေခင်း' ပါဆရာ။ အတန်းထဲမှာဆရာမကအဲဒီခေါင်းစဉ်ပေးလို့ သမီးရောက်ဖူးတဲ့ရွာကလေးတစ်ရွာအကြောင်းရေးလိုက်တာပါ။ ဆရာမက ၈ မှတ်တောင် ပေးထားပါတယ်ဆရာ"

"တယ်ဟုတ်ပါလား။ ၁၀ မှတ်မှာ ၈ မှတ်ရတယ်ဆိုတော့ ကောင်းလို့ပေါ့။ သမီးကဘာတွေ သရုပ်ဖော်ထားသလဲ"

"ညနေခင်းမှာသူငယ်ချင်းတွေနဲ့အတူ လမ်းလျှောက်ကြရင်းမြင်ရတဲ့ မြင်ကွင်းတွေပါဆရာ။ ရွာနံဘေးက ချောင်းကလေးနားမှာထုံးဖြူဖြူနဲ့ စေတီတော်တစ်ဆူကိုဖူးရတာ၊ စေတီတော်က ဆည်းလည်းသံကလေးတွေသာသာယာယာကြားရတာ၊ ချောင်းကမ်းနားတစ်လျှောက်လမ်းလျှောက်တဲ့သူကလျှောက်၊ ကစားတဲ့ကလေးတွေက ကစား၊ ကောင်းကင်ပြာပြာမှာ ငှက်ကလေးတွေ အိပ်တန်းတက်ဖို့ ပျံသွားကြတာလည်းပါတယ်ဆရာ"

"သြော်..."

"ပြီးတော့ ရွာထိပ်ကညောင်ပင်ကြီးအောက်မြေကွက်လပ်မှာ ရွာသားတွေ၊ လူကြီးတွေရော လူငယ်တွေရော ခါးတောင်းကျိုက်ပြီး ပျော်ပျော်ပါးပါးခြင်းခတ်နေကြတဲ့ မြင်ကွင်းလည်းပါတယ်ဆရာ။ အဲဒီတုန်းကမြင်ခဲ့တာတွေရော၊ စိတ်ကူးမိတာတွေရောထည့်ပြီး ရေးလိုက်တာပါ"

"အဲဒီလိုအရေးကောင်းလို့သမီးအခု 'ဂျာနယ်လစ်' ဖြစ်နေတာပေါ့ကွယ်။ စာစီစာကုံးဆိုတာ အလွတ်ကျက်ပြီးပြန်ရေးရတဲ့စာမျိုးမှမဟုတ်ဘဲ။ ကိုယ့်စိတ်ကူးနဲ့ကိုယ်ပိုင်အရေးအသားနဲ့ ရေးရတဲ့စာမျိုးလေ။ ရေးတဲ့သူက ကိုယ်ပိုင်အရည်အသွေးကိုအပြနိုင်ဆုံး သက်သေပေါ့ကွယ်။ စကားစပ်မိလို့ပြောတာပါ"

"ဟုတ်ကဲ့ပါ...သမီးကငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါတော့ စာများများဖတ်ပါတယ်ဆရာ။ ဒီတော့ ကျောင်းစာတွေကို အလွတ်ကျက်စရာမလိုဘဲ အချက်အလက်ကိုမှတ်ပြီး ကိုယ့်ဟာကိုယ်ပြန်ရေးတဲ့ အလေ့အကျင့်မျိုး ငယ်ငယ်ကတည်းက ရှိပါတယ်ဆရာ"

"ကောင်းတာပေါ့ကွယ်။ ကဲ...သရုပ်ဖော်အဖွဲ့အကြောင်း အဆုံးသတ်ရအောင်။ ဝတ္ထုတွေထဲမှာပါတဲ့ ဇာတ်ဆောင်တွေ အဘိုးအိုတစ်ယောက်၊ ဒါမှမဟုတ်မိန်းမပျိုကလေးတစ်ယောက် ရဲ့ပုံပန်းသဏ္ဌာန်တို့၊ အဝတ်အစားတို့၊ ဟန်ပန်အမူအရာတို့ကို အသေးစိတ်သရုပ်ဖော်ထားတာမျိုးတွေ တွေ့မှာပါ။

အရောင်အသွေးကိုပါမျက်စိထဲပေါ်လာအောင် သရုပ်ဖော်တာတွေလည်းရှိတယ်မဟုတ်လား။ ဆရာဒဂုန်တာရာရေးတဲ့ဝတ္ထုတွေ၊ မှတ်တမ်းတွေ၊ အတ္ထုပ္ပတ္တိတွေမှာဆိုရင် အရောင်အသွေးပါ အသေးစိတ်ဖွဲ့လေ့ရှိပါတယ်။ လေ့လာကြည့်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆိုရင်နောက်အဖွဲ့တစ်မျိုးအကြောင်း ဆက်မှာပေါ့နော်"

"နောက်တစ်မျိုးက ဖြစ်စဉ်ပြအဖွဲ့ပေါ့။ အင်္ဂလိပ်လို narration ပေါ့။ ဖြစ်စဉ်ပြလို့ဆိုတဲ့အတိုင်း အဖြစ်အပျက်ကို ဖြစ်စဉ်အတိုင်း ဖော်ပြတဲ့အဖွဲ့မျိုးပေါ့။ ထင်ရှားတဲ့ သာဓကကတော့ ဝတ္ထုဇာတ်လမ်းတွေပေါ့ကွယ်"

"ဟုတ်ကဲ့။ ငယ်ငယ်ကစာစီစာကုံးတွေမှာလည်း ဖြစ်စဉ်ပြအဖွဲ့တွေပါတာပေါ့နော်ဆရာ"

"ပါတာပေါ့။ သမီးစဉ်းစားမိတဲ့ခေါင်းစဉ်ပြောပါဦး"

" 'ကျွန်မ၏တစ်နေ့တာ' တို့၊ 'စိတ်ဝင်စားဖွယ်ခရီးတစ်ခု' တို့လိုခေါင်းစဉ်မျိုးဖြစ်မယ်ထင်ပါတယ် ဆရာ"

"ဟုတ်တာပေါ့။ 'ကျွန်မ၏တစ်နေ့တာ' ဆိုရင် မိုးလင်းအိပ်ရာထချိန်ကနေမိုးချုပ်လို့အိမ်ရာဝင်တဲ့အထိ တစ်နေ့လုံးဘာတွေလုပ်တယ်ဆိုတာကို ဖြစ်စဉ်အတိုင်းရေးရမှာပေါ့။ 'စိတ်ဝင်စားဖွယ်ခရီးတစ်ခု' ဆိုရင်လည်း ခရီးအစက အဆုံးအထိလမ်းတစ်လျှောက်မှာ တွေ့ကြုံရတာတွေကို စီကာစဉ်ကာရေးရမှာပေါ့"

"ဟုတ်ကဲ့ပါ။ အဲဒီလိုပဲရေးခဲ့ပါတယ်ဆရာ"

"ဇာတ်လမ်းအကျဉ်းချုပ်တို့၊ သမီးတို့ရေးလေ့ရှိတဲ့ဖြစ်စဉ်အကျဉ်းချုပ်တို့ဟာလည်း ဖြစ်စဉ်ပြအဖွဲ့တွေပါပဲ။ အရေးကြီးတာက ရှေ့ကဖြစ်ရပ်နဲ့နောက်ကဖြစ်ရပ် ကွင်းဆက်မိဖို့ပါပဲ"

"ဟုတ်ကဲ့ပါ"

"အဲဒီကွင်းဆက်တွေက ရှေ့နောက်အကြောင်းအကျိုးဆက်စပ်နေတတ်တယ်။ ဝေဿန္တရာဇာတ်တော်ကို အကျဉ်းချုပ်ရေးမယ်ဆိုပါစို့။ ဝေဿန္တရာမင်းကြီးက ပစ္စယဆင်ဖြူတော်ကို ပုဏ္ဏားတွေလှူလိုက်လို့ တိုင်းသူပြည်သားတွေစိတ်ဆိုးပြီး ဝေဿန္တရာမင်းကြီးနဲ့မဒီဒေဝီရော၊ သားနဲ့ သမီးရောဝင်္ကပါတောင်ကို အနှင်ခံရတယ်။ ကလေးတွေဝင်္ကပါတောင်ရောက်နေတော့ ဇူဇကာပုဏ္ဏားက လာအလှူခံတဲ့အတွက် မင်းကြီးကလှူလိုက်တယ်။ ပုဏ္ဏားကခေါ်သွားလို့ကလေးတွေဘိုးတော်သိဉ္စည်းမင်းကြီးဆီရောက်သွားတယ်။ ဘိုးတော်က အကြောင်းစုံသိသွားလို့ ဝေဿန္တရာမိသားစုကို ပြန်ခေါ်တယ်။ အားလုံးဟာရှေ့နောက်အကြောင်းအကျိုးဆက်ပြီး ကွင်းဆက်ဖြစ်သွားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဖြစ်စဉ်ပြအဖွဲ့တွေထဲမှာ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ငါးရာ့ငါးဆယ်လို့ခေါ်တဲ့ ဇာတ်ဝတ္ထုတွေပဲ။ ဂေါတမဘုရားရှင်ရဲ့ အတိတ်ဘဝဖြစ်တော်စဉ်တွေကို ရေးထားတာလေ။ စုစုပေါင်း ၅၄၇ ဇာတ်ရှိတယ်။ မှတ်ရလွယ်အောင် ငါးရာ့ငါးဆယ်လို့ခေါ်ကြတာ။ သမီး တချို့ဝတ္ထုတွေဖတ်ဖူးမှာပေါ့"

> **"ဖြစ်စဉ်ပြအဖွဲ့တွေထဲမှာ ထင်ရှားတဲ့ သာဓကတစ်ခုကတော့ ငါးရာ့ငါးဆယ်လို့ခေါ်တဲ့ ဇာတ်ဝတ္ထုတွေပဲ။ ဂေါတမဘုရားရှင်ရဲ့ အတိတ်ဘဝဖြစ်တော်စဉ်တွေကို ရေးထားတာလေ။ စုစုပေါင်း ၅၄၇ ဇာတ်ရှိတယ်။ မှတ်ရလွယ်အောင် ငါးရာ့ငါးဆယ်လို့ခေါ်ကြတာ . . .**

"ဖတ်ဖူးပါတယ်ဆရာ။ ဆန္ဒနီဆင်မင်းဝတ္ထုတို့၊ ဥမ္မာဒန္တီဝတ္ထုတို့ ပြီးတော့ ဇာတ်ကြီး ဆယ်ဘွဲ့ဝတ္ထုတွေ"

"ဟုတ်တယ်။ အဲဒီဝတ္ထုတွေကိုကြည့်ရင် ပစ္စုပ္ပန်ဝတ္ထုရယ်၊ အတိတ်ဝတ္ထုရယ်၊ ဇာတ်ပေါင်းခန်းရယ်ဆိုပြီး အပိုင်းသုံးပိုင်းတွေ့နိုင်တယ်။ ပစ္စုပ္ပန်ဝတ္ထုကအဲဒီဇာတ်ကို ဘုရားရှင်ဟောတော်မူရတဲ့အကြောင်းပေါ့။ ဘယ်သူ့ကို ဘယ်ဖြစ်ရပ်ကိုအကြောင်းပြုပြီး ဟောတယ်ပေါ့။ အတိတ်ဝတ္ထုကတော့ ဝတ္ထုတစ်ပုဒ်လုံးပဲ။ ပြီးတော့မှ ဇာတ်ပေါင်းခန်းမှာ အတိတ်ဘဝက ဘယ်သူဟာအခုဘဝမှာဘယ်သူဖြစ်တယ် စသည်ဖြင့် ဆက်စပ်ပြပြီး နောက်ဆုံးအတိတ်ဘဝက ဝေဿန္တရာ မင်းကြီးဟာ ခုဘဝမှာ ငါဘုရားဖြစ်လာတယ်ဆိုပြီး ဇာတ်ပေါင်းတာလေ"

"ဟုတ်ကဲ့ပါ။ သမီးဖတ်ဖူးပါတယ်ဆရာ"

"သမီးစဉ်းစားကြည့်လေ။ အဲဒီဇာတ်ဝတ္ထုတွေရေးပုံက ဝလုံးကလေးဝိုင်းလိုက်သလိုပဲ။ ပစ္စုပ္ပန်ဝတ္ထုကအစချီပြီး အတိတ်ဝတ္ထုကို သွားတယ်၊ ပြီးတော့ ပစ္စုပ္ပန်ကိုပြန်လာတယ်။ စထွက်တဲ့နေရာမှာ ပြန်ဆုံးတော့ဝလုံးကလေးဝိုင်းလိုက်သလို စည်းစည်းလုံးလုံးရှိတာပေါ့။ ဇာတ်လမ်းကလည်း ရှေ့နောက်အချိတ်အဆက်မိမိ ကွင်းဆက်ကောင်းကောင်းနဲ့ရေးထားတာပေါ့ကွယ်။ ဖြစ်စဉ်ပြအဖွဲ့ကောင်းတွေပါပဲ"

"ဟုတ်ကဲ့...သမီးမှတ်သားထားပါ့မယ်ဆရာ။ သမီးတစ်ခု စဉ်းစားမိတာပြောချင်လို့ပါ"

"ပြောလေ"

"သရုပ်ဖော်အဖွဲ့နဲ့ဖြစ်စဉ်ပြအဖွဲ့ ရောနေတဲ့စာမျိုးတွေလည်းရှိတယ်ထင်လို့ပါ။ ဝတ္ထုတွေမှာဆိုရင် ဇာတ်လမ်းကိုဖွဲ့ရင်းနဲ့ဇာတ်ဆောင်တွေကိုလည်း သရုပ်ဖော်တာမျိုး တွေ့ရလို့ပါ"

"ဟုတ်တာပေါ့။ အဲဒီအဖွဲ့နှစ်မျိုးဟာ ရောနေတတ်ပါတယ်။ ခုနပြောတဲ့ဝေဿန္တရာဇာတ်တော်ပဲကြည့်လေ။ တစ်ပုဒ်လုံးကတော့ ဇာတ်လမ်းအစကအဆုံးအထိဖြစ်စဉ်ပြအဖွဲ့ပဲပေါ့။ အဲဒီအထဲမှာ ဟိမဝန္တာချီးမွမ်းခန်းဆိုရင် ဟိမဝန္တာရဲ့သာယာကြည်နူးစရာမြင်ကွင်းတွေကို သရုပ်ဖော်ထားတာပဲ မဟုတ်လား။ 'ထိုတောစုံမြိုင်ခန်း၌ လမ်းနှစ်ဖက်မှ ခက်လက်ညွှန့်ဖူးယှက်ကူးသိုင်းမို့ စိမ်းညိုမှိုင်းဝေ ပင်ခြေ ရှင်းရှင်းသင်းသင်းပျံ့မွှေးသောတောခလေ့၏ တင့်တယ်ခြင်း' ဆိုတာမျိုးပေါ့"

"ဟာ....ဆရာက အဲဒီအဖွဲ့တွေအလွတ်ရတယ်နော်"

"ငယ်ငယ်ကသဘောကျလို့ ကျက်ထားတာပါကွယ်။ အဲဒီလိုပဲ ဇူဇကာပုဏ္ဏားရဲ့သူယုတ်လက္ခဏာတွေဆိုရင်လည်း အသေးစိတ်သရုပ်ဖော်ထားတာပဲလေ။ မဒီဒေဝီ သားနဲ့သမီးကိုမတွေ့လို့ ငိုယိုမြည်တမ်းနေပုံတွေ၊ ဝေဿန္တရာမင်းကြီးက ကလေးနှစ်ယောက်ကို ဇူဇကာပုဏ္ဏားကို လှူတဲ့မြင်ကွင်း၊ ကလေးတွေကိုပုဏ္ဏားကရိုက်လို့ငိုယိုပြီး ပြန်ပြေးလာတဲ့ မြင်ကွင်းတွေဟာ အသေးစိတ်သရုပ်ဖော်ထားတဲ့အဖွဲ့တွေပေါ့"

"သရုပ်ဖော်တဲ့အဖွဲ့တွေက မျက်စိထဲ မြင်ယောင်လာနိုင်တာမို့ စိတ်ဝင်စားဖို့ကောင်းတာပေါ့နော်ဆရာ"

"အေးပေါ့။ သမီးတို့ဂျာနယ်ထဲမှာ ရေးတဲ့သတင်းတွေလည်း အဖြစ်အပျက်သက်သက်ချည်းမရေးဘဲ ပါဝင်တဲ့သူတွေရဲ့အသွင်အပြင်အမူအရာကလေးတွေထည့်ရေးရင်ပိုပြီး စိတ်ဝင်စားစရာကောင်းတယ်မဟုတ်လား။ နောက်ဆုံးလူသတ်မှုဖြစ်ပွားတဲ့သတင်းမှာတောင် သေတဲ့သူကို ဘယ်နေရာမှာ ဘယ်လိုဒဏ်ရာတွေနဲ့ သေဆုံးနေတာတွေ့ရတယ်ဆိုတာမျိုး သရုပ်ဖော်ကွက်ကလေးတွေပါရင် ထင်သာမြင်သာဖြစ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"သရုပ်ဖော်အဖွဲ့နဲ့ဖြစ်စဉ်ပြအဖွဲ့ကိုပေါင်းပြီး 'ရုပ်အဖွဲ့၊ ရုပ်အမူအရာအဖွဲ့' လို့လည်း ခေါ်လေ့ရှိတယ်ကွဲ့။ ရုပ်ဝတ္ထုကိုမြင်ယောင်လာအောင်ဖွဲ့တဲ့အဖွဲ့ပေါ့ကွယ်။ ကဲ...နားကြဦးစို့"။

# ဆီးကျိတ်ကင်ဆာဖြစ်တိုင်း လွန်ကဲစွာကုသမှုခံယူရန်မလိုအပ်

**ကလျာမိုးမြင့်**



ယနေ့အခါမှာ အမျိုးသားများစွာတို့ဟာ ဆီးမထိန်းနိုင်ခြင်းနဲ့၎င်းတို့ရဲ့လိင်ပိုင်းဆိုင်ရာကို ထိခိုက်စေတဲ့ကုထုံးတွေနဲ့ လွန်ကဲစွာကုသမှုခံယူနေကြရတယ်လို့ ဗြိတိန်က သုတေသနပညာရှင်တွေက သတိပေးထားပါတယ်။

ဆီးကျိတ်ကင်ဆာအသေးစားရှိတဲ့ လူ ၁၆၄၃ ဦးကို လေ့လာခဲ့တဲ့ရလဒ်တွေအရ ၎င်းတို့ဟာ ခွဲစိတ်ကုသမှု၊ ဓာတ်ရောင်ခြည်ကုထုံးနဲ့သမားရိုးကျအကျိတ် ထိန်းချုပ်တဲ့ နည်းတွေနဲ့ ကုသမှုခံယူပြီး ဆယ်စုနှစ်တစ်ခုအကြာမှာ အားလုံးဟာ တူညီစွာနဲ့ အသက်ရှင်သန်နှုန်း ၉၉ ရာခိုင်နှုန်းရှိတယ်ဆိုတဲ့ အဖြေထွက်ပေါ်လာပါတယ်။ ထွက်ပေါ်လာတဲ့ရလဒ်တွေက အမျိုးသားတွေအတွက် အလွန်အားတက်စရာကောင်းနေတယ်လို့ ကျွမ်းကျင်သူတွေက မှတ်ချက်ချခဲ့ပါတယ်။ အောက်စဖို့ဒ်တက္ကသိုလ်က ပါမောက္ခ ဖရက်ဒီဟမ်ဒီကတော့ လူနာတွေဟာ လိုအပ်တာထက်ပိုတဲ့ ကုသမှုတွေခံယူနေကြရပြီး ဒီကိစ္စဟာ တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ပြဿနာဖြစ်လာနေပြီလို့ ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့ပါတယ်။

အကယ်၍ အသက် ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦးမှာ မိသားစုရှိပြီး ကင်ဆာဝေဒနာခံစားရတဲ့ သူရှိနေပြီဆိုကြပါစို့။ မိသားစုဝင်ရဲ့အသက်အန္တရာယ် မထိခိုက်ရေးအတွက် လုပ်နိုင်တာ မှန်သမျှလုပ်မှာဖြစ်တဲ့အတွက် ဒါကို နားလည်သဘောပေါက်ဖို့မခဲယဉ်းပါဘူး။

လေ့လာမှုအတွင်းမှာ အဲဒီအမျိုးသားတွေရဲ့ ဆီးကျိတ်ကင်ဆာကို Prostate Specific Antigen (PSA)စစ်ဆေးခြင်းနည်းအားဖြင့်စစ်ဆေးစမ်းသပ်ခဲ့တာဖြစ်ပြီး အဲဒီဆီးကျိတ်ကို ဖယ်ရှားဖို့ခွဲစိတ်ကုသမှုနဲ့ ဓာတ်ရောင်ခြည်အားဖြင့် ကုသမှုကို လူနာတွေက ကုသမှုခံယူခဲ့ပါတယ်။

ကျန်းမာရေးသုတေသနတက္ကသိုလ်(NHS)သုတေသနအဖွဲ့ရဲ့ ကူညီပံ့ပိုးမှုနဲ့ ဆီးကျိတ်ကင်ဆာဝေဒနာရှင် အမျိုးသားတွေကို ၁၀ နှစ်ကြာလေ့လာခဲ့တာဖြစ်ပါတယ်။ အသက်ရှင်သန်နိုင်မှုနှုန်းအားဖြင့် တူညီခဲ့ကြပေမယ့် ကုထုံးကြောင့် ဘေးထွက်ဆိုးကျိုးသက်ရောက်မှုနှုန်းကလည်း ပိုများခဲ့ပါတယ်။

ခွဲစိတ်ကုသမှုလုပ်ဆောင်ခဲ့တဲ့အမျိုးသားတွေမှာ ဆီးမထိန်းနိုင်ခြင်းနဲ့လိင်ပိုင်းဆိုင်ရာ ပြဿနာတွေဟာနှစ်ဆလောက်ဖြစ်ပွားမှုရှိခဲ့ပါတယ်။ ဓာတ်ရောင်ခြည်ကုထုံးကတော့ ခန္ဓာကိုယ်အတွင်းပိုင်းမှာ ရောဂါဖြစ်ပွားမှုနှုန်းကို တိုးပွားစေတာကို တွေ့ရှိခဲ့ပါတယ်။

ဒါပေမယ့်လေ့လာစောင့်ကြည့်မှုကနေရရှိခဲ့တဲ့ ဆုလာဘ်တစ်ခုရှိခဲ့ပါတယ်။ အဲဒါကတော့ ဆီးကျိတ်ကင်ဆာဖြစ်ပွားသူငါးယောက်မှာ တစ်ယောက်သာပိုဆိုးလာတဲ့ အခြေအနေမျိုးရှိခဲ့တာပါ။ ဒီလိုဖြစ်လာတဲ့အမျိုးသားတွေဟာကုသမှုခံယူနိုင်ပါတယ်။ ဒါပေမယ့်ကုသမှုက ရေရှည်အသက်ရှင်သန်မှုကို ထိခိုက်လာနိုင်တယ်လို့ဆိုပါတယ်။

ဘရစ်စတိုတက္ကသိုလ်ပါမောက္ခဂျယ်နီဒိုနိုဗန်က ဓာတ်ရောင်ခြည်ကုထုံး၊ ခွဲစိတ်ကုသမှုနဲ့ ဆီးကျိတ်ကင်ဆာကို ထိန်းချုပ်တဲ့ ကုသမှုတစ်ခုချင်းစီမှာ ကောင်းကျိုးနဲ့ဆိုးကျိုးတွေ ရှိနေပြီး နောက်ထပ်အချိန်ယူလေ့လာဖို့လိုအပ်တယ်လို့ ၎င်းကပြောခဲ့ပါတယ်။

ဗြိတိန်ဆီးကျိတ်ကင်ဆာကုသမှုဆိုင်ရာစေတနာရှင်အဖွဲ့ကဒေါက်တာမက်သူးဟောဘ်က အခုအချိန်မှာအမျိုးသားတော်တော်များများဟာ ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး မသေချာမရေရာတဲ့အကျိုးသက်ရောက်မှုနဲ့ ဒီကိစ္စကြောင့်ဖြစ်လာမယ့်စိုးရိမ်သောကတွေကို ကြောက်ရွံ့တဲ့အတွက် အနီးကပ်စောင့်ကြည့်လေ့လာမှုကို မပြုလုပ်ဖို့ဆုံးဖြတ်လိုက်တာကို တွေ့နေရကြောင်း ပြောကြားခဲ့ပါတယ်။

တစ်နေ့ကိုမိနစ် ၂၀ လောက်လမ်းလျှောက်ပေးခြင်း(သို့မဟုတ်)စက်ဘီးနင်းပေးခြင်းဟာ ဆီးကျိတ်ကင်ဆာကြောင့် သေဆုံးရမှုကိုလျှော့ကျစေတယ်လို့သိရပါတယ်။

**ကိုးကား (ဘီဘီစီ)**

မြန်မာ့ရိုးရာအားကစား

# ကစားသမားဘဝအနားယူရင် ရိုးရာလက်ဝှေ့သမားများကို လေ့ကျင့်သင်ကြားပေးသွားမယ်ဆိုတဲ့ အောင်လအန်ဆန်နဲ့ တွေ့ဆုံမှုခဏတာ

တွေ့ဆုံမေးမြန်း-မောင်စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ- မင်းထက်

**ယနေ့** ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ(MMA)ပြိုင်ပွဲလောကမှာ မစ်ဒယ်ဝိတ်တန်း၌ ပြိုင်ဘက်များက မြန်မာ့စပါးကြီးမြွေဟု တင်စားခေါ်ဝေါ်ခံရလောက်အောင် တဟုန်ထိုးနာမည်ရလာတဲ့ အမိမြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွားMMAလက်ဝှေ့ကျော် အောင်လအန်ဆန်ဟာ ယခုလာမယ့် အောက်တိုဘာ ၇ ရက် (သောကြာနေ့)ညမှာတော့ ရန်ကုန်မြို့သုဝဏ္ဏ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံကြီးမှာ ပိုလန်နိုင်ငံသား မိုက်ကယ် ပက်စတားနက်နဲ့ မြန်မာ့မြေပေါ်မှာ ဒုတိယအကြိမ် လာရောက်ယှဉ်ပြိုင် ထိုးသတ်မှာဖြစ်ပါတယ်။



အောင်လအန်ဆန်

အောင်လအန်ဆန်ဟာ ပြီးခဲ့တဲ့မတ်လက မြန်မာနိုင်ငံမှာ ONE Championship ရဲ့ ဒုတိယအကြိမ်ကျင်းပခဲ့တဲ့ ပြိုင်ပွဲမှာလည်း MMA လက်ဝှေ့ကျော် အီဂျစ်နိုင်ငံသား မိုဟာမက် အလီကို ပထမအချီမှာပင် ဒိုင်ပွဲရပ်နဲ့ အနိုင်ရခဲ့ပါတယ်။ သူဟာ ယခုဒုတိယအကြိမ်မှာတော့ ကမ္ဘာ့ဂျူဂျစ်စု ပညာရှင်နဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ မိုက်ကယ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ရမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ အောင်လအနေနဲ့ အနိုင်ယူဖို့ခက်ခဲမယ်လို့ ပရိသတ်အများစုက ယူဆနေကြသော်လည်း ရလဒ်ကောင်းထွက်ခဲ့ရင်တော့ သူမျှော်မှန်းထားတဲ့ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ ချန်ပီယံရှ်ခါးပတ်ကို လုခွင့်ရဖို့အခွင့်အရေး ပိုင်ဆိုင်မှာ ဖြစ်ပါတယ်။

သူကိုယ်တိုင်ကလည်း ယခုပြိုင်ပွဲဟာ သူ့ဘဝရဲ့ အောင်မြင်မှုတစ်ဆစ်ချိုးဖြစ်တာကြောင့် ယခင်ပြိုင်ပွဲတွေထက် ပိုမိုပြီး ကြိုးစားလေ့ကျင့်မှုတွေပြုလုပ်နေသလို ပြိုင်ဘက်ကို အကောင်းဆုံးနဲ့အနိုင်ယူဖို့လည်း ကြိုးပမ်းလျက်ရှိပါတယ်။ ဒီပြိုင်ပွဲရဲ့ရလဒ်ကိုကြည့်ပြီး လာမယ့်ဒီဇင်ဘာလမှာ ဘန်ကောက်မှာကျင်းပမယ့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှ်ခါးပတ်ပြိုင်ပွဲကို ပါဝင်နိုင်ဖို့ အခွင့်အလမ်းကောင်းကို စောင့်မျှော်ရမှာဖြစ်ပါတယ်။ ယခုပြိုင်ပွဲမှာ မြန်မာပရိသတ်ရဲ့အားပေးမှုဟာလည်း သူ့အတွက် အဓိကအရေးပါမှု တစ်ရပ်ပါဟု ပြောလာတဲ့ အောင်လအန်ဆန်နဲ့ ခဏတာတွေ့ဆုံခိုက် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းမှုကို ရေးသားဖော်ပြလိုက်ပါတယ်။

မေး။ ။အောင်လအနေနဲ့ ဒီ MMA လောကထဲကို ဘယ်လိုခံယူချက်မျိုးနဲ့ဝင်ဖြစ်ခဲ့တာလဲ။ အသက်အားဖြင့် ဘယ်အရွယ်လောက်ကတည်းကလဲ။

အောင်လ။ ။ကျွန်တော် ငယ် ငယ်ကတည်းက ကရာတေး ကစားခဲ့တယ်။ လက်ဝှေ့လည်း ဝါသနာပါခဲ့တယ်။ ဒါပေမယ့် အမေနဲ့ အဖေက မကစားခိုင်းခဲ့ဘူး။ ဒါပေမယ့် ကောလိပ်တက်တော့ အားတဲ့အချိန် ဂျူဂျစ်စု၊ မွေထိုင်း၊ ဘောက်စင်စတဲ့ ကိုယ်ခံပညာပေါင်းစုံကို ဂရေစီကလပ်မှာ သွားကစားဖြစ်ခဲ့တယ်။ အဲဒီကဆရာတွေနဲ့ စတင်လေ့ကျင့်မှုတွေပြုလုပ်ပြီးတော့ ပထမဆုံးပွဲကို ကစားဖြစ်ခဲ့တယ်။ အဲဒီကနေ ဆက်ကာဆက်ကာကစားရင်း ခုဆိုရင် MMA ပြိုင်ပွဲတွေ ကစားခဲ့တာ ၁၂ နှစ်ထဲရောက်ပြီ။

မေး။ ။ဖြတ်သန်းခဲ့တဲ့ကစားသမားဘဝ ဘဝအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့သလဲ။ ဘယ်လိုမျိုး စိတ်ခံစားမှုသွင်းပြီး ကျော်ဖြတ်ခဲ့ရတာလဲဆိုတာ ပြောပြပေးပါဦး။

အောင်လ။ ။ခုချိန်ထိ အခက်အခဲတွေကတော့ အများကြီးကျော်ဖြတ်ခဲ့ရတယ်။ စကစားတုန်းကဆို အမေရော၊ အဖေကရော ဒီအလုပ်ကို သဘောမတူခဲ့ဘူး။ လွယ်လွယ်နဲ့ အခုလိုဖြစ်လာတာတော့ မဟုတ်ဘူး။ ကျွန်တော် စထိုးတုန်းကဆို စိတ်ပျက်စရာကောင်းအောင် ရှုံးခဲ့တာနော်။ ဒါပေမယ့် ဇွဲမလျှော့ဘဲ ဆက်ကြိုးစားခဲ့လို့ အခုလို အတန်းတစ်ခုအထိ ရပ်တည်နိုင်ခဲ့တာ။ ခုဆိုရင် မိဘတွေက နည်းနည်းတော့ အားပေးလာပြီ။

မေး။ ။ဘဝအတွက် ဘယ်လိုရည်မှန်းချက်၊ ဘယ်လိုစိတ်ကူးအိပ်မက်တွေရှိလဲ။ ယခုလက်ရှိရော ဘယ်လိုဆုတံဆိပ်တွေ ပိုင်ဆိုင်ခွင့်ရထားလဲ။

အောင်လ။ ။ယခုလက်ရှိတော့ ဂျူဂျစ်စုခါးပတ်ပဲ ရထားပါတယ်။ ကျွန်တော့်ရဲ့MMA ကစားသမားဘဝ စိတ်ကူးအိပ်မက်ကတော့ အခုကျွန်တော်ရောက်နေတဲ့ မစ်ဒယ်ဝိတ်တန်းမှာ ကမ္ဘာ့ရှ်ခါးပတ်ပိုင်ဆိုင်ခွင့်ရချင်တာပါ။ ဒါကြောင့်လည်း ကြိုးစားနေပါတယ်။ လာမယ့် ဒီဇင်ဘာ ဘန်ကောက်မှာလုပ်မယ့် ကမ္ဘာ့ချန်ပီယံလုပွဲမှာ ပါဝင်ကစားခွင့်ရရင်တော့ ကောင်းမှာပါ။ အဲဒီပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ကို အခု မိုက်ကယ်နဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်ပွဲက အဖြေပေါ်မှာပဲ။ ကျွန်တော်ကတော့ အဲဒီအတွက် အစွမ်းကုန် ကြိုးစားပြင်ဆင်နေပါတယ်။

မေး။ ။အောင်လအနေနဲ့ အသက် ၁၈ နှစ်ကျော်ကတည်းက ထိုးလာတာဆိုတော့ ဘယ်အရွယ်လောက်မှာ ကစားသမားဘဝက အနားယူမလဲ။ ရှေ့ဘယ်လို ခရီးဆက်ဖို့ စိတ်ကူးထားပါသလဲ။

အောင်လ။ ။ကျွန်တော်အခုဆိုရင် အသက် ၃၁ နှစ်ရှိပါပြီ။ ကစားခဲ့တာ ၁၂ နှစ်တောင်ကြာပြီ။ ကျွန်တော့်ရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုအရ နောက်ထပ် အလွန်ဆုံးသုံးလေးနှစ်ပဲ ထိုးတော့မယ်လို့ စိတ်ကူးထားတယ်။ ဒီကစားသမားဘဝ အနားယူရင်တော့ မြန်မာ့ရိုးရာလက်ဝှေ့သမားတွေကိုလည်း ကျွန်တော်တတ်နိုင်တဲ့ဘက်က ကူညီသင်ကြားပေးသွားမယ်။ ခုဆိုလည်း ဟိုမှာ ကျွန်တော်ကလပ်ငယ်လေးတစ်ခု ထောင်ထားတာရှိတယ်။ မြန်မာနိုင်ငံက ချင်းလူမျိုး တစ်ယောက်တောင် လာပြီးလေ့ကျင့်နေတာရှိတယ်။ မြန်မာ့ရိုးရာလက်ဝှေ့က Stand Fight မှာ တော်တော်လေး ကောင်းကြပါတယ်။ ကျွန်တော့်ဘက်က တတ်နိုင်တာ ကူညီသင်ကြားပေးသလို သူတို့ဆီကလည်း လေ့လာသင်ယူရမှာတွေ ရှိပါတယ်။ ကျွန်တော့်ကလပ်က ကလေးတွေ တောင် ဒီက ရိုးရာလက်ဝှေ့ကလပ်တွေကို လာရောက်လေ့လာဖို့ ကျွန်တော်စီစဉ်ထားတယ်။

မေး။ ။မြန်မာနိုင်ငံကနေ အမေရိကန်ကို ဘယ်နှခုနှစ် လောက်က ပြောင်းရွှေ့သွားတာလဲ။ မိသားစုအကြောင်းရော သိခွင့်ရမလား။

အောင်လ။ ။ကျွန်တော်တို့မိသားစု ဒီမြန်မာနိုင်ငံကနေ ပြီးခဲ့တဲ့ ၂၀၀၃ခုနှစ်က အမေရိကားကို ပြောင်းသွားတာပါ။ မိသားစုက ငါးယောက်ရှိပါတယ်။ အဖေက ဦးဆန်ထူးအောင်၊ အမေက ဒေါ်နန်ဘူပါ။ သားသမီးငါးဦးအနက် ကျွန်တော်က စတုတ္ထမြောက်သားဖြစ်ပါတယ်။ ကျောင်းပြီးတာကတော့ အင်ဒရူး တက္ကသိုလ်ကနေ ၂၀၀၇ ခုနှစ်မှာ စိုက်ပျိုးရေးနဲ့ ဘွဲ့ရခဲ့ပါတယ်။ မိဘတွေက သင့်တော်တဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုမှာ လုပ်စေချင်ခဲ့ကြတာ။ ဒါပေမယ့်လည်း ကျွန်တော်ဝါသနာပါတာက ဒီလက်ဝှေ့ထိုးတာကိုပဲဆိုတော့ ဒီလောကထဲကိုပဲ ရောက်လာတာပါ။ ခုခြောက်လအရွယ်ကျွန်တော့်သားကိုတော့ အင်ဂျင်နီယာတို့၊ ဆရာဝန်တို့ပဲ လုပ်စေချင်ပါတယ်။ ဒါပေမယ့်လည်း သူဝါသနာပါရင်တော့ ဘယ်အလုပ်မဆို တားဆီးမှာမဟုတ်ပါဘူး။



ဖခင်အောင်လအန်ဆန်နှင့်သားအောင်သီး

အောင်လအန်ဆန်ဟာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က အမေရိကန်နိုင်ငံသူနှင့် ဖူးစာဖက်ဆုံစည်းလက်ထပ်ခဲ့ပြီး ယခုအခါ ခြောက်လသားအရွယ် အောင်သီးကို မွေးဖွားခဲ့သည့် ဖခင်တစ်ဦးဖြစ်ပါတယ်။ သူကိုယ်တိုင် ဖခင်အရွယ်ရောက်တဲ့အချိန်မှာတော့ သားဖြစ်သူအောင်သီးကို အင်ဂျင်နီယာနဲ့ ဆရာဝန်ပဲ လုပ်စေချင်ပါတယ်လို့ ရင်ဖွင့်ခဲ့ပါတယ်။ သူဟာ ဂျူဒို၊ ဂျူဂျစ်စု၊ နပန်း၊ လက်ဝှေ့၊ မွေထိုင်း၊ ဘောက်စင် စသည့်ကိုယ်ခံပညာပေါင်းစုံ တတ်ကျွမ်းထားသူတစ်ဦးဖြစ်သလို မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားကာ လေ့လာနေသူတစ်ဦးလည်းဖြစ်ပါတယ်။

ယခုယှဉ်ပြိုင်ထိုးသတ်ထားတဲ့ ပွဲပေါင်း ၂၉ ပွဲမှာ ကိုး ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားပြီး နိုင်ပွဲအများစုမှာ ဂျူဂျစ်စုနည်းနဲ့ အနိုင်ရခဲ့တဲ့ပွဲ ပိုများတာကို တွေ့ရပါတယ်။ သူ့ကိုအားပေးတဲ့၊ လက်ဝှေ့ချစ်ဝါသနာရှင်များတဲ့ ဒီအမိမြန်မာမြေမှာ MMA ပွဲစီစဉ်ဖြစ်တိုင်း ပရိသတ်အားပေးမှုခံရလို့ လာထိုးချင်သလို အခု ဒုတိယအကြိမ်မြောက်မှာလည်း မြန်မာပြည်သူများ ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ခဏတာတွေ့ဆုံခိုက်မှာ ရင်ဖွင့်ခဲ့ပါတော့တယ်။ ။

**ဒီပြိုင်ပွဲဟာ အောင်လအနေနဲ့ အနိုင်ယူဖို့ခက်ခဲမယ်လို့ ပရိသတ်အများစုက ယူဆနေကြသော်လည်း ရလဒ်ကောင်းထွက်ခဲ့ရင်တော့ သူမျှော်မှန်းထားတဲ့ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှ်ခါးပတ်ကို လုခွင့်ရဖို့ အခွင့်အရေးပိုင်ဆိုင်မှာဖြစ် ယခုပြိုင်ပွဲဟာ သူ့ဘဝရဲ့အောင်မြင်မှုတစ်ဆစ်ချိုးဖြစ်တာကြောင့် ယခင်ပြိုင်ပွဲတွေထက်ပိုမိုပြီး ကြိုးစားလေ့ကျင့်မှုတွေပြုလုပ်နေသလို ပြိုင်ဘက်ကို အကောင်းဆုံးနဲ့အနိုင်ယူဖို့ ကြိုးပမ်းလျက် ဒီပြိုင်ပွဲရဲ့ရလဒ်ကိုကြည့်ပြီး လာမယ့်ဒီဇင်ဘာလ ဘန်ကောက်မှာ ကျင်းပမယ့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံရှ်ခါးပတ်ပြိုင်ပွဲကို ပါဝင်နိုင်ဖို့ အခွင့်အလမ်းကောင်းကို စောင့်မျှော်ရမှာဖြစ် ယခုပြိုင်ပွဲမှာ မြန်မာပရိသတ်ရဲ့အားပေးမှုဟာလည်း သူ့အတွက် အဓိကအရေးပါမှု တစ်ရပ်**

ခ ရီး သွ ား ဆော င်း ပါး

# ရွှေတောင်ကအပြန်

**သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ - မောင်ချစ်ကြည်**

ဟင်းရည်ကိုဇွန်းနှင့်အသာမွှေပြီး ပန်းကန်ထဲခပ်ထည့်လိုက်သည်။ အနည်းငယ်ကျဲသော်လည်း ဟင်းရည်ထဲတွင် ကြက်သားတုံးငယ်များပါလာသည်။ ခေါက်ဆွဲထည့်ထားသော ပန်းကန်အတွင်းဟင်းရည်ကို အနေတော်ထည့်ကာ သမအောင်တစ်ချက်၊ နှစ်ချက်မွှေပြီး တစ်ဇွန်းစားကြည့်လိုက်သည်။ ချိုဆိမ့်ပြီး ထူးခြားသောအရသာက စွဲမက်စရာ။ ကြက်သားဖတ်၊ ခေါက်ဆွဲ၊ ဟင်းရည်တို့ပေါင်းစပ်ထားသော အရသာက ထူးခြားလှ သည်။ အော်...ဒါကြောင့် ရွှေတောင်ခေါက်ဆွဲကနာမည်ကြီးတာကိုး.... ဟု တွေးမိသည်။ နူးညံ့ပြီးခေါက်ဆွဲအမျှင်ကသေးသော်လည်း ဟင်းရည်နှင့်ခပ်ထွေးထွေးရှိနေရာ စားရသူများအတွက် လျှာရင်းမြက်စရာဖြစ်နေသည်ကအမှန်ပင်။

ရန်ကုန်မြို့မှ နံနက် ၅ နာရီ မထိုးခင်ကတည်းက ကားဖြင့် ထွက်လာသော ကျွန်တော်တို့ ရွှေတောင်မြို့ရောက်ချိန် နံနက် ၈ နာရီခွဲခန့်ရှိနေပြီဖြစ်သည်။ ရွှေတောင်မြို့သည် ရန်ကုန်မှ ၂၇၁ ကီလိုမီတာခန့်ကွာဝေးရာ ကားဖြင့်လာလျှင် လေးနာရီခန့် ကြာမြင့်လေသည်။ လမ်းတွင်အပေါ့အပါး သွားသည်ကလွဲပြီး မရပ်နားခဲ့၊ လက်ဖက်ရည်ဆိုင် လည်းမထိုင်ဖြစ်ခဲ့၊ တောက်လျှောက်မောင်းလာရာ ရွှေတောင်မြို့ရောက်သည့်အခါ ဗိုက်ကဆာလာသည်။ တစ်လမ်းလုံးစကားပြောလိုက်၊ ပတ်ဝန်းကျင်လေ့လာလိုက် နှင့်လာခဲ့ရာ တစ်နေရာရာ၊ တစ်ဆိုင်ဆိုင်တွင်မှ ဝင်မစားဖြစ်ခဲ့၊ ရွှေတောင်မြို့ရောက်ချိန်တွင်မှ တစ်ခုခုစားမည်ဟု စိတ်ကူးထားရာ ရွှေတောင်မြို့ရောက်ချိန်အတွင်း ရွှေတောင်ခေါက်ဆွဲစားရန်အကြံရသဖြင့် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ရွှေတောင်ဈေးရှေ့အနီးတွင်ရှိသော ရွှေတောင်ခေါက်ဆွဲဆိုင်တစ်ဆိုင်သို့ ဝင်ရောက်စားကြခြင်းဖြစ်သည်။ တကယ်လည်း ရွှေတောင်ခေါက်ဆွဲအရသာကို အပြည့်အဝခံစားလိုက်ရသဖြင့် ကျေနပ်သွားသည်။

နယ်ခရီးစဉ်များသွားတိုင်း ဒေသအစားအစာများကို ဦးစားပေးစားလေ့ရှိသည့်အပြင် ထူးခြားသောအရသာနှင့်ခံစားမှုလည်း ရရှိသဖြင့် စားဖြစ်အောင်စားသည်။ ယခုလည်း ရွှေတောင်မြို့ရောက်ခိုက် ရွှေတောင်ခေါက်ဆွဲကို စားဖြစ်ခြင်းဖြစ်သည်။ ကျွန်တော်တို့ ရွှေတောင်မြို့ကို နေ့ချင်းပြန်ခရီးလာရောက်သည်ဖြစ်ရာ အချိန်ရခိုက်မြို့တွင်းသို့လိုက်လံလေ့လာခဲ့သည်။

ရွှေတောင်မြို့သည် မြို့ငယ်တစ်မြို့ဖြစ်သော်လည်း ရန်ကုန်-ပြည်လမ်းပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းတည်ရှိပြီး ရန်ကုန်မြို့နှင့် ၂၇၁ ကီလိုမီတာဝေးကာ ပြည်မြို့တောင်ဘက် ၁၄ ကီလိုမီတာခန့်အကွာတွင် တည်ရှိသည်။ မကွေးမြို့နှင့် ၁၆၆ ကီလိုမီတာဝေးပြီး မင်းဘူးမြို့နှင့် ၁၇၄ ကီလိုမီတာကွာဝေးသကဲ့သို့ ချောင်းသာနှင့် ၁၉၆ ကီလိုမီတာ အကွာတွင်တည်ရှိသောမြို့ဖြစ်သည်။ ရွှေတောင်မြို့က ပုသိမ်မြို့နှင့်လည်း ၂၁၈ ကီလိုမီတာအကွာ၌တည်ရှိနေရာ ဒေသတွင်းခရီးသွားလာရေးလုပ်ငန်းအတွက် အထောက်အကူပြုရာမြို့တစ်မြို့လည်းဖြစ်နေကြောင်း သတိပြုမိသည်။

ရွှေတောင်မြို့သည် ရခိုင်ရိုးမနှင့် ၁၀၇ ကီလိုမီတာခန့်သာ ကွာဝေးသလို မာန်အောင်ကျွန်းနှင့် ၁၆၉ ကီလိုမီတာအကွာတွင်ရှိနေပြီး ကျောက်ဖြူမြို့နှင့် ၁၉၇ ကီလိုမီတာအကွာ၌ တည်ရှိနေသည်။ ထို့ကြောင့် ရွှေတောင်သည် ပဲခူး၊ ဧရာဝတီ၊ မကွေးတိုင်းဒေသကြီးများနှင့်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သလို ရခိုင်ပြည်နယ်သို့လည်း သွားရောက်ရန်ခရီးလမ်းသင့်လေသည်။

ရွှေတောင်မြို့ကနေအိမ်တိုက်တာများဖြင့် တိုးတက်ဖွံ့ဖြိုးမှုအခြေအနေကို တွေ့မြင်ရသည်။ အဓိကကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် အိမ်ဆိုင်များ၊ စတိုးဆိုင်များကိုတွေ့မြင်ရသလို မြန်မာနိုင်ငံတစ်ဝန်း မြို့တိုင်းနီးပါးတွင် မြင်ရသည့်လက်ကိုင်ဖုန်းရောင်းချသည့်ဆိုင်များကိုလည်း တွေ့ရသည်။ မြို့တွင်းဆိုင်ကယ်နှင့်ကားများမောင်းနှင်သွားလာနေကြရာ ယခင်ကာလများကထက် အသွားအလာပိုမိုစည်ကားလာသောမြို့တစ်မြို့အဖြစ် မြင်တွေ့နေရပြီဖြစ်သည်။ စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြသူလည်းများပြားသည့် မြို့တစ် မြို့ဖြစ်သည်။

ကျွန်တော်တို့ရွှေတောင်မြို့ရှိ နာမည်ကြီး ရွှေမျက်မှန်ဘုရားသို့သွားရောက်ဖူးမြော်လေ့လာခဲ့သည်။ ရွှေမျက်မှန်ဘုရားကထူးခြားသည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ မျက်လုံးတော်နှစ်ဖက်စလုံးကို မျက်မှန်ကြီးတစ်လက်တပ်ဆင်ထားသဖြင့် ရွှေမျက်မှန်ဘုရားဟု အမည်တော်ခေါ်ဆို ခြင်းဖြစ်သည်။ ရွှေမျက်မှန်ဘုရားကို ဒွတ္တဘောင်မင်းနှင့် ဗိဿနိုးမိဖုရားတို့က မဟာသက္ကရာဇ် ၂၅၀ ပြည့်နှစ်၌ စတင်တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒွတ္တဘောင်မင်းနှင့် ဗိဿနိုးမိဖုရားတို့သည် တည်ကုန်းအရပ်တွင်ခေတ္တနားခိုကျိန်းစက်ရာ ဗိဿနိုးမိဖုရားက အနောက်မြောက်အရပ် တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ရကြောင်းအိပ်မက်အရ လိုက်လံရှာဖွေရာ ဖျောက်ဆိပ်ကုန်း၌ရောင်ခြည်တော်များ ကွန့်မြူးသည်ကိုတွေ့ရပြီး ယင်းနေရာတွင် ဗုဒ္ဓရုပ်ပွားတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဒွတ္တဘောင်မင်းကြီး မျက်စိအလင်းကွယ်ခဲ့ရာ အဆိုပါရုပ်ပွားတော်ကြီး၏ မျက်လုံးတော်နှင့်ကိုက်ညီသည့် မျက်မှန်တစ်စုံကပ်လှူလျှင် မျက်စိအလင်းပြန်မြင်မည်ဖြစ်ကြောင်း အဆိုရှိသဖြင့် ကပ်လှူခဲ့ရာ မျက်စိအလင်းပြန်ရခဲ့ကြောင်း သိရသည်။

ထိုင်လျက်ဗုဒ္ဓရုပ်ပွားတော်၏ မျက်နှာတော်တွင် မျက်မှန်ကပ်လှူထားသည့် မြင်ကွင်းမှာ ထူးခြားသော်လည်း သမိုင်းမှတ်တမ်း များရှိနေရာ စိတ်ဝင်စားစရာဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်၏ မျက်နှာတော်ကို ဖူးမြော်ကြည်ညိုရင်း လေ့လာခဲ့ဖူးသော ရွှေမျက်မှန်ဘုရား၏ သမိုင်းတစ်စကို ပြန်သတိရမိသည်။ ကုန်းဘောင်ခေတ်တွင် ရွှေတောင်မြို့စား ဇေယျနန္ဒမိတ်က ရွှေတောင်မြို့သူမြို့သားများနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်ကြီးကို ပြုပြင်ခဲ့ပြီး ဒွတ္တဘောင်မင်းကြီးလှူဒါန်းထားသော မျက်မှန်ကိုငုံကာ ရွှေမျက်မှန်တော်ကြီးအား ကပ်လှူခဲ့သည်။ ထို့နောက် ကိုလိုနီခေတ်ဦးတွင် ရွှေမျက်မှန်တော်ခိုးယူခံခဲ့ရသဖြင့် ရွှေတောင်မြို့ဝန်ထောက် ဦးမဲက ရွှေမျက်မှန်တော်ကို ကပ်လှူခဲ့ပြီးနောက် တိုင်းပြည် မငြိမ်မသက်ဖြစ်ရာ ကာလလုံခြုံရေးအရ ရွှေမျက်မှန်

**ရွှေတောင်မြို့ကို မဇ္ဈိမဒေသမှလာရောက်သည့် သူရတမိမင်းသားက မြို့ရိုး၊ ကျုံး၊ အရံအတားစုံလင်စွာဖြင့် စတင်တည်ထောင်ခဲ့ပြီး ကဥ္စနာဂီရိဟုမြို့အမည်ပေးခဲ့သည်။ ထို့နောက် မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက် ၁၇၈၃ ခုနှစ်တွင် မြို့ဝန်စတင်ခန့်အပ်ခဲ့ရာ ပထမဆုံး ရွှေတောင်မြို့တော်ဝန်မှာ မင်းရဲမင်းလှကျော်ထင်ဘွဲ့ခံ ဦးအင်္ဂါဖြစ်သည်။ ဦးအင်္ဂါမှာ ဘိုးတော်ဘုရား၏တူတော်သူဖြစ်ကြောင်း သိရသည်။ ရွှေတောင်မြို့ကို မြို့ဝန်အဆက်ဆက် အုပ်ချုပ်ခဲ့ရာ နောက်ဆုံးမြို့တော်ဝန်မှာ ဦးမှုံဖြစ်ပြီး အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ရွှေတောင်မြို့မှာ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသည် . . .**

တော်ကို ဖြုတ်ယူကာ ရုပ်ပွားတော်ကျောဘက်ရှိ စေတီ၌ဌာပနာသွင်းထားခဲ့ကြောင်း သိရသည်။

နောက်ပိုင်းကာလတွင် ရွှေတောင်နယ်ပိုင်ဝန်ထောက် မစ္စတာဟတ်တနီး၏ ကတော်ဖြစ်သူမှာ မျက်စိဝေဒနာခံစားရသဖြင့် ရွှေမျက်မှန်ကျောင်းဆရာတော်ထံ လျှောက်ထားရာ မျက်မှန်တော်ကပ်လှူရန် မိန့်ဆိုခဲ့ရာ ရွှေမျက်မှန်အသေးတစ်လက်ကို အဓိဋ္ဌာန်ပြုပြီး ရုပ်ပွားတော်၏လက်တော်ပေါ်တင်ကာ လှူဒါန်းခဲ့ရာ မျက်စိအလင်းပြန်လည်ရရှိခဲ့သည်။ ထိုသို့ မျက်စိအလင်းပြန်ရရှိမှုကြောင့် သဒ္ဓါအားထက်သန်ကာ ရွှေအလေးချိန် ခြောက်ပိဿာခန့်ရှိသော မျက်မှန်တော်ကြီးပြုလုပ်ကာ မျက်လုံးတော်ရှေ့တွင်တပ်ဆင်လှူဒါန်းခဲ့သည်။ နောင်နှစ်ကာလကြာလာသည်နှင့်အမျှ ရွှေမျက်မှန်တော်ကြီးပျက်စီးလာသဖြင့် ၁၉၀၁ ခုနှစ်တွင် ရန်ကုန်မြို့မှ ဦးလုဝင်းနှင့်ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းမိသားစု က ရွှေစင် ၃၉ ကျပ်သားရှိသော မျက်မှန်တော်အားကပ်လှူ



ရွှေမျက်မှန်ဘုရား

ပူဇော်ထားခဲ့ခြင်းဖြစ်သည်ကို လေ့လာခဲ့သမျှ ပြန်လည်သတိရတွေးနေမိသည်။

ရွှေမျက်မှန်ဘုရားကို ဦးချဖူးမြော်ပြီးနောက် ကျွန်တော်တို့ပြန်ထွက်လာခဲ့ကြသည်။ ထူးခြားမှုများနှင့် တည်ထားကိုးကွယ်ထားသည့် ရွှေမျက်မှန်ဘုရားသို့ ပြည်တွင်း ပြည်ပဘုရားဖူးများ၊ လေ့လာသူများမပြတ်တမ်း လာရောက်ကြကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ထူးခြားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအဖြစ် ကမ္ဘာလှည့်ခရီးသွားများကလည်း စိတ်ဝင်စားပြီး တကူးတကလာရောက်လေ့လာကြသည်ဟု ဆိုသည်။

ကျွန်တော်တို့ရွှေတောင်မြို့တောင်ဘက်သို့ ထွက်လာခဲ့ကြရင်း ရွှေတောင်မြို့သမိုင်းကြောင်းကို လေ့လာခဲ့ဖူးသမျှ ပြန်သတိရနေမိသည်။ ရွှေတောင်မြို့ကို မဇ္ဈိမဒေသမှလာရောက်သည့် သူရတမိမင်းသားက မြို့ရိုး၊ ကျုံး၊ အရံအတားစုံလင်စွာဖြင့် စတင်တည်ထောင်ခဲ့ပြီး ကဥ္စနာဂီရိဟုမြို့အမည်ပေးခဲ့သည်။ ထို့နောက် မြန်မာဘုရင် ဘိုးတော်ဘုရားလက်ထက် ၁၇၈၃ ခုနှစ်တွင် မြို့ဝန်စတင်ခန့်အပ်ခဲ့ရာ ပထမဆုံး ရွှေတောင်မြို့တော်ဝန်မှာ မင်းရဲမင်းလှကျော်ထင်ဘွဲ့ခံ ဦးအင်္ဂါဖြစ်သည်။ ဦးအင်္ဂါမှာ ဘိုးတော်ဘုရား၏တူတော်သူဖြစ်ကြောင်းသိရသည်။ ရွှေတောင်မြို့ကို မြို့ဝန်အဆက်ဆက် အုပ်ချုပ်ခဲ့ရာ နောက်ဆုံးမြို့တော်ဝန်မှာ ဦးမှုံဖြစ်ပြီး အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ရွှေတောင်မြို့မှာ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်နှင့် ဘီအိုင်အေတပ်များ တိုက်ခိုက်ခဲ့သည့် ရွှေတောင်တိုက်ပွဲ မှာ သမိုင်းဝင်တိုက်ပွဲဖြစ်ခဲ့သည်။

ရွှေတောင်မြို့အကြောင်းတွေးနေရာ ရွှေနတ်တောင်စေတီသို့ရောက်မှ အတွေးပြတ်သွားသည်။ ရွှေနတ်တောင်စေတီမှာ ရွှေတောင်မြို့ တောင်ဘက် လေးမိုင်ခန့်အကွာတွင်တည်ရှိပြီး အေးချမ်းတိတ်ဆိတ် ငြိမ်းချမ်းလှသည်။ ဒေဓာဂီရိ သို့မဟုတ် ကဥ္စနာဂီရိကုန်းတော်ပေါ်တွင် တည်ထားသော ရွှေနတ်တောင်စေတီက ကြည်ညိုဖွယ်ရာအတိဖြစ်သည်။ ရင်ပြင်တော်တွင် ဘုရားဖူးအချို့သာရှိပြီး တိတ်ဆိတ်ငြိမ်သက်စွာ လှည့်လည်ဖူးမြော်ကြည်ညိုနေကြသည်ကို တွေ့ရသည်။ တန်ဆောင်းအတွင်း ပုံသဏ္ဌာန်နှင့်အရွယ်အစားတူညီသော ဗုဒ္ဓရုပ်ပွားတော်များကို ဖူးတွေ့ရပြီး ဗုဒ္ဓရုပ်ပွားတော်များရှေ့တွင် အလှူခံပုံးများထားရှိသည်။

ယခုတောင်ကုန်းသို့ ဗုဒ္ဓမြတ်စွာသည် နတ်သားအသွင်ဖြင့်သီတင်းသုံးပြီး ခုနစ်ရက်တိုင်တိုင် တရားဟောကြားပြီးနောက် ကိုးကွယ်နိုင် ရန်အတွက် နတ်သားအသွင်နိမ္မိတရုပ်ပွားတော်ကိုထားတော်မူခဲ့သည်ဆို၏။ ရွာသားများက ယင်းရုပ်ပွားတော်မထိခိုက်မပျက်စီးစေရန် အင်္ဂတေဖြင့်ငုံပြီး စေတီတည်ခဲ့ကြရာ မြတ်စွာဘုရား နတ်သားအသွင်သီတင်းသုံးခဲ့ရာကို အစွဲပြုကာ ရွှေနတ်တောင်ဟုခေါ်ဆိုခဲ့သလို စေတီကိုလည်း ရွှေနတ်တောင်စေတီဟု ခေါ်ဆိုခဲ့ကြသည်။ ထူးခြားသည်မှာ စေတီတော်တည်သည့်အချိန်၌ လူတစ်ရစ် နတ်တစ်ရစ်တည်ခဲ့ ကြသည်ဟုလည်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့သည်ကို လေ့လာခဲ့ဖူးသည်။

အမြင့်ပေ ၁၂၀ ရှိသော ရွှေနတ်တောင်စေတီကို ဦးချဖူးမြော်ပြီးနောက် ကျွန်တော်တို့စောင်းတန်းအတိုင်း ပြန်ဆင်းလာခဲ့သည်။ စောင်းတန်းတစ်လျှောက် ဘုရားဖူးအဆင်းအတက် ကျဲပါးသဖြင့် တိတ်ဆိတ်အေးချမ်းလျက်ရှိနေသည်။ တရားဘာဝနာပွားများသူများအတွက် ငြိမ်းချမ်းစွာတည်ရှိသော စေတီတစ်ဆူပင်ဖြစ်သည်။

ကျွန်တော်တို့ရွှေတောင်မြို့ဘက်သို့ပြန်လာခဲ့ကြသည်။ လမ်းဘေးဝဲယာတွင် စပါးစိုက်ခင်းများနှင့် ရွာငယ်အချို့ကို လှမ်းမြင်ရသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်ရှိသော ရွှေတောင်မြို့အနီး ဝါးလည်ရွာမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဇာတိဖြစ်ရာ အတွေးဖြင့် ဂါရဝပြု မိသည်။ မြန်မာ့သမိုင်းတွင် မမေ့အပ်သောပုဂ္ဂိုလ်တစ်ဦးပင်၊ ရွှေတောင်မြို့တွင် မနားတော့ဘဲ ရန်ကုန်သို့ပြန်လာခဲ့သည်။ ရွှေတောင်မြို့က ခရီးသွားများအတွက် စိတ်ဝင်စားစရာကောင်းသည့်အပြင် ရောက်အောင်သွားသင့်သည့်မြို့တစ်မြို့အဖြစ် ပုံဖော်နိုင်လျှင်ကောင်းမည်ဟု အတွေးဝေနေမိသည်။ ။



ရွှေနတ်တောင်စေတီဆောင်းတန်းနှင့် အနီးဝန်းကျင်ကို တွေ့မြင်ရစဉ်

အခွင့်အလမ်းဖွေရှာဘဝအတွက်တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် ပြည်တွင်းပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ်ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှကူညီပံ့ပိုးသူများဖြစ်လာစေရန်ရည်ရွယ်ကာ ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။ (မြန်မာ့အလင်း)**

# အလုပ်ရဖို့ အလုပ်သမားရုံးမှာ သွားရောက်လျှောက်ထားနိုင်ပါတယ်

**သတင်းဆောင်းပါး-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး၊**

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က အသက် ၁၈နှစ် အရွယ် မှတ်ပုံတင်အသစ်လေးကို ကိုင်ဆောင်ထားတဲ့ လူငယ်လေးတစ်ဦးက တာမွေကန်တော်ကြီးစောင်းတွင် အလုပ်သမားရုံးလေးတစ်ခုမှာ လေဘာကတ်လို့ခေါ်တဲ့ အလုပ်သမားမှတ်ပုံတင်ကတ်ကလေးနဲ့ အလုပ်အကိုင်ပေါင်းများစွာကို ရှာဖွေခဲ့ဖူးပါတယ်။

"အဲဒီအချိန်က အစိုးရရုံးတွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်ခေါ်တာတွေအများဆုံးပဲ။ နှစ်လတစ်ကြိမ် ကတ်ပြားလေးကို အသစ်လဲရသလို ကြော်ငြာသင်ပုန်းမှာ ကပ်ထားတဲ့ အလုပ်ခေါ်စာတွေကိုလည်း မမောတမ်း မပန်းတမ်းကြည့်ရင်း အလုပ်လျှောက်ခဲ့ရဖူးတယ်။ ဒီလိုနဲ့ပဲ အခုဆိုရင် လုပ်သက် ၃၀ ကျော်လာခဲ့ပြီ"လို့ အောက်ခြေမှ အဆင့်ဆင့်ကျော်ဖြတ်ကာ အကြီးတန်းအရာရှိအဆင့်အထိ ရောက်ရှိခဲ့သူတစ်ဦးက ပြောပြပါတယ်။

ပညာတတ်မြောက်သည်ဖြစ်စေ၊ ပညာဆုံးခန်းမပြီးမြောက်သည်ဖြစ်စေ၊ အတတ်ပညာကျွမ်းကျင်သူဖြစ်စေ၊ အတတ်ပညာအားနည်းသူဖြစ်စေ စားဝတ်နေရေးအတွက် အလုပ်လုပ်နိုင်တဲ့ အသက်အရွယ်ရောက်လာတာနှင့် တစ်ပြိုင်နက် အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံတစ်ခုဖြစ်ပေမယ့် တောင်သူအများစုဟာ မိမိတို့သားသမီးတွေကို လယ်ယာမြေထဲမှာ ပင်ပန်းစွာလုပ်ကိုင်ရတာထက်ခိုင်မာပြီး သက်သောင့်သက်သာရှိတဲ့ အလုပ်အကိုင်တွေကို ရရှိစေလိုတဲ့ အကြောင်းကြောင့်လည်း ရန်ကုန်၊ မန္တလေးနဲ့ စက်မှုဇုန်တွေလိုနေရာတွေမှာ အလုပ်အကိုင်တွေရရှိဖို့ ကြိုးပမ်းမှုတွေဟာ အဆများစွာ မြင့်တက်နေသလို ပွင့်လင်းလာတဲ့ မြန်မာ့စီးပွားရေးတံခါးသစ်တွေကြောင့်လည်း လူငယ်တွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ပိုမိုပွင့်လန်းလာခဲ့ပါပြီ။

* * *

အသက် ၂၀ အရွယ်သာရှိသေးတဲ့ မသီဂီထွန်းက ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ကို နောက်ဆုံးတစ်ကြိမ် ပြန်လည်စိစစ်ပြီး လူငယ်တွေရဲ့ အလုပ်လျှောက်ထားလွှာတွေကို လက်ခံပေးနေတဲ့ အလုပ်အကိုင်အေဂျင်စီ တစ်ခုရဲ့ စားပွဲဆီကို လျှောက်သွားပါတယ်။ အလုပ်လျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နဲ့အတူ မသီဂီထွန်းရဲ့ရင်ထဲမှာ အလုပ်အကိုင်အခွင့်အလမ်းအတွက် မျှော်လင့်ချက်တချို့လည်း ပါရှိပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက လူငယ်တွေ အားကိုးအားထားရာ လေဘာရုံးလို့ခေါ်တဲ့ မြို့နယ်အသီးသီးက အလုပ်သမားရုံးတွေဟာ အခုအချိန်မှာ အားကောင်းစွာနဲ့ ပြန်လည်သက်ဝင်လှုပ်ရှားလာသလို အလုပ်အကိုင်နေရာချထားရေးဌာနခွဲ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ တစ်နိုင်ငံလုံးမှာကျင်းပပေးနေတဲ့ အလုပ်အကိုင်ပြပွဲတွေကနေတစ်ဆင့် လူငယ်ပေါင်းများစွာဟာ လုပ်ငန်းခွင်ဆီကို လွယ်ကူစွာနဲ့ လျှောက်လှမ်းလာနိုင်တာကို မြင်တွေ့ရပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနကနေ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတို့မှာ ခရိုင်၊ မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံး ဖွင့်လှစ်ထားပြီး ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေအရ အလုပ်ရှာဖွေသူတွေအတွက် မှတ်ပုံတင်ပေးတဲ့ လုပ်ငန်းကို လုပ်ကိုင်နေခဲ့တယ်လို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက သိရှိရပြီး အလုပ်သမားမှတ်ပုံတင် ကိုယ်ရေးမှတ်တမ်း (ပုံစံ-၁)နဲ့ အလုပ်ရှာဖွေသူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို ဖြည့်သွင်းထားတယ်လို့ သိရပါတယ်။

အဲဒီနောက်မှာ အလုပ်သမားမှတ်ပုံတင်လက်မှတ် (ပုံစံ-၂) ထုတ်ပေးလိုက်ပြီး အလုပ်ရရှိလိုသူတွေအနေနဲ့ အလုပ်အကိုင်ရှာဖွေတာတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ အစိုးရဌာနတွေ၊ အလုပ်သမားငါးဦးနဲ့အထက်ရှိတဲ့ ပုဂ္ဂလိက၊ သမဝါယမနဲ့ ဖက်စပ်လုပ်ငန်းတွေကနေ အလုပ်သမားအလိုရှိနေတဲ့ အလုပ်ရှင်တွေရဲ့အလုပ်သမားလိုကြောင်း အကြောင်းကြားစာ (ပုံစံ-၃)တွေကိုလက်ခံပြီး မှတ်ပုံတင်ထားတဲ့ အလုပ်ရှာဖွေသူတွေထဲကနေ အလုပ်ရှင် အကြောင်းကြားစာပါ အရည်အချင်းနဲ့ ကိုက်ညီသူတွေကို ရွေးချယ်ပေးနေတယ်လို့ အလုပ်အကိုင်နေရာချထားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက ပြောပြပါတယ်။

အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွေမှာ ကြော်ငြာသင်ပုန်းကို လူအများမြင်သာတဲ့နေရာတွေမှာ ထားရှိပြီး အလုပ်ရှင်တွေက အလုပ်သမားလိုအပ်ကြောင်း အမှာစာတွေကို ကြော်ငြာပေးတဲ့ နည်းလမ်းနဲ့လည်း အလုပ်သမားစုဆောင်းပေးနေတယ်လို့ သိရပါတယ်။

အလုပ်ရှင်ထံကိုလည်း အလုပ်ရှင်ရဲ့အမှာစာပါ သတ်မှတ်ချက်များနဲ့ ကိုက်ညီသူတွေကို ရွေးချယ်ခန့်ထားနိုင်ဖို့အတွက် စုဆောင်းပေးပို့တယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာ အလုပ်ရှင်က ခန့်ထားရန် ရွေးချယ်ပြီးတဲ့အခါ မြို့နယ်အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးကို အရွေးချယ်ခံစာရင်း ပြန်လည်ပေးပို့လာသူတွေအတွက် အလုပ်ခန့်ထားရေးကတ်ပြား (ပုံစံ-၇)တွေကို ထုတ်ပေးလျက်ရှိတယ်လို့ သိရပါတယ်။

ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေအနေနဲ့ ခရိုင်/မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (၇၈)ရုံးအနက် မိမိနှင့်နီးစပ်ရာ ရုံးတစ်ရုံးမှာ မိမိသွားရောက်အလုပ်လုပ်ကိုင်လိုတဲ့နိုင်ငံကို ဖော်ပြပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားအဖြစ် မှတ်ပုံတင်ထားသင့်တယ်လို့ သိရပါတယ်။ ဒါမှသာ ပြည်ပကိုရောက်ရှိပြီး ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာခဲ့ရင် အလုပ်သမားတွေအတွက် အခွင့်အရေးတွေ ပိုမိုရရှိနိုင်ပါတယ်။

ဒီလို မှတ်ပုံတင်ရာမှာ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးတွေအနေနဲ့ အလုပ်သမားတွေရဲ့ အလုပ်သမားမှတ်ပုံတင်ကိုယ်ရေးမှတ်တမ်း(ပုံစံ-၁)နဲ့ အလုပ်ရှာဖွေသူရဲ့ ကိုယ်ရေးအချက်အလက်တွေ ဖြည့်သွင်းပြီး ပြည်ပအလုပ်သမားမှတ်ပုံတင်လက်မှတ် (ပုံစံ-၂) ထုတ်ပေးတာ၊ အလုပ်သမားတွေအတွက် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေနဲ့ချိတ်ဆက်ပေးပြီး ပြည်ပအလုပ်အကိုင်ရရှိနိုင်ရေးတွေကို အခမဲ့ဆောင်ရွက်ပေးနေတာ မြင်တွေ့ရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိစေဖို့ ရည်ရွယ်ထားတဲ့ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလကနေစတင်ပြီး အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးတွေကို ပိုမိုတိုးမြှင့်ဖွင့်လှစ်ခဲ့သလို အဆင့်မြှင့်တင်မှုတွေကိုလည်း ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမရှိသေးတဲ့ နယ်မြေဒေသတွေမှာ Mobile Team တွေနဲ့ ကွင်းဆင်းပေးပြီး အလုပ်သမားမှတ်ပုံတင်ပေးတာ၊ အလုပ်ရှင်တွေရဲ့ အလုပ်သမားလိုနေတဲ့အကြောင်း အမှာစာတွေ လက်ခံဖြန့်ဝေပေးတာ၊ အလုပ်ရှင်နှင့် အလုပ်သမားတွေကိုတိုက်ရိုက်ဆက်သွယ်ပေးတာတွေကို အလုပ်ရှာဖွေသူတွေ ကုန်ကျစရိတ်နဲ့ အချိန်ကုန်သက်သာပြီး အလုပ်ရရှိစေရေးအတွက် လုပ်ကိုင်ပေးလျက်ရှိတယ်လို့ ဒေါ်တင်တင်ဌေးက ပြောပါတယ်။

ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိစေဖို့အတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးလုပ်ငန်း ဆောင်ရွက်လိုသည့် ကုမ္ပဏီတွေကို ၂၀၁၀ ပြည့်နှစ်ကနေစပြီး ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်တွေ ချထားပေးလျက်ရှိတယ်လို့သိရပြီး လက်ရှိမှာ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင် လိုင်စင်ရ အေဂျင်စီ ၉၀ ခုအထိရှိနေပြီလို့ သိရပါတယ်။

နိုင်ငံရဲ့အလုပ်လက်ရှိ ( employed persons)နဲ့ အလုပ်လက်မဲ့(unemployment)ကို ဆန်းစစ်ဖို့အရေးမှာ လုပ်သားအင်အား (Labour Force)က အလွန်အရေးကြီးပါတယ်။ နိုင်ငံအတွင်းက အလုပ်လက်ရှိ (employed persons) ဦးရေနဲ့အလုပ်လက်မဲ့ (unemployed persons) ဦးရေ၊ အလုပ်ရှာဖွေနေသူ (who are looking for work or seeking for work) ဦးရေ၊ မည်မျှရှိတယ်ဆိုတာကို သိနိုင်မှသာ နိုင်ငံအတွက်လည်း အရေးကြီးတဲ့ ကိန်းဂဏန်းတွေကို ပြည့်စုံအောင်ရရှိမှာဖြစ်လို့ အလုပ်သမားတိုင်း၊ အလုပ်ရရှိလိုသူတိုင်း မှတ်ပုံတင်သင့်တယ်လို့ သိရပါတယ်။

အလုပ်ရှင်တွေအနေနဲ့လည်း မိမိခန့်လိုက်တဲ့ အလုပ်သမားတွေရဲ့ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (ပုံစံ-၂) တွေကို စုစည်းပြီး သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွေမှာ ပြန်လည်အပ်နှံပြီး အလုပ်ခန့်ထားရေးကတ်ပြား(ပုံစံ-၇)ကို ထုတ်ယူပါမှ နိုင်ငံမှာအလုပ်ရဦးရေ ဘယ်လောက်ရှိတယ်ဆိုတာကို သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါမှလည်း မူဝါဒချမှတ်သူတွေအနေနဲ့ နိုင်ငံအတွက်လိုအပ်သလို အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။




အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ ပြည်တွင်း၊ ပြည်ပအေဂျင်စီတွေ ပူးပေါင်းပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိစေရန် ရည်ရွယ်၍ အလုပ်ရှာဖွေတဲ့ အလုပ်သမားနဲ့ အလုပ်သမားရှာဖွေသူ အလုပ်ရှင်တွေကို တစ်နေရာတည်း၊ တစ်ချိန်တည်းမှာ One Stop Service နဲ့ အလုပ်ရရှိရေးတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) တွေကိုလည်း ကျင်းပလျက်ရှိပါတယ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တွေမှာ အလုပ်အကိုင် အခွင့်အလမ်းပြပွဲတွေပြသပြီး အလုပ်ရအောင် လုပ်ပေးနေတာ (၂၅)ကြိမ် ရှိနေပြီဖြစ်တဲ့အပြင် ရန်ကုန်တိုင်းဒေသကြီးမှာ (၁၇) ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ (၆) ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှာ (၁) ကြိမ်နဲ့ မကွေးတိုင်းဒေသကြီးမှာ (၁)ကြိမ် ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ဝန်ကြီးဌာနအနေနဲ့ အလုပ်ရှာဖွေတဲ့လူငယ်တွေအတွက် ကောင်းမွန်သင့်တော်တဲ့ အလုပ်အကိုင်ရရှိစေဖို့နဲ့ သင့်တော်တဲ့ အလုပ်သမားတွေ ရွေးချယ်ခန့်ထားနိုင်ဖို့အတွက် ထိရောက်တဲ့ အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ကို အကောင်အထည်ဖော်နေတယ်လို့ ဒေါ်တင်တင်ဌေးက ပြောပြပါတယ်။

တည်ဆဲအလုပ်ခန့်ထားရေးနဲ့ပတ်သက်ပြီး ဥပဒေတွေကို ပြဋ္ဌာန်းထားပြီးသားဖြစ်ပြီး ပြင်ဆင်ဖို့လိုအပ်တဲ့ ဥပဒေတွေကိုလည်း ခေတ်နဲ့အညီ ပြင်ဆင်ပြဋ္ဌာန်းသွားဖို့ ဝန်ကြီးဌာနက ကြိုးစားနေတယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး နည်းဥပဒေတွေနဲ့ ၂၀၁၃ ခုနှစ် အလုပ် အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့က အလုပ်အကိုင်ရရှိမှုအတွက် အထောက်အကူဖြစ်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ရဲ့ ခွင့်ပြုချက်နှင့်အညီ မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်တဲ့ နိုင်ငံခြားသားအလုပ်သမားတွေကို မှတ်ပုံတင်ပေးခြင်း၊ သက်သေခံကတ်ပြားထုတ်ပေးခြင်းနဲ့ သက်တမ်းတိုးပေးတဲ့ ကိစ္စရပ်တွေကို ရန်ကုန်မြို့မှာဆိုရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ကနေ One Stop Service နဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးတယ်လို့ သိရပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ သီလဝါအထူးစီးပွားရေးဇုန်တွေမှာ ဝင်ရောက်လုပ်ကိုင်တဲ့ နိုင်ငံခြားသားအလုပ်သမားတွေကိုတော့ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ ပုဒ်မ ၇၇ အရ မှတ်ပုံတင်ပေးခြင်းနဲ့ သက်တမ်းတိုးပေးခြင်းတွေကို လုပ်ဆောင်ပေးတယ်လို့ ဒေါ်တင်တင်ဌေးက ပြောပြပါတယ်။

အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံခြားသားအလုပ်သမားတွေကို တရားဝင် အလုပ်လုပ်ကိုင်ခွင့်ပြုပေးနိုင်ဖို့နဲ့ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံခြားသား အလုပ်သမားဥပဒေကို မူကြမ်းရေးဆွဲထားတယ်လို့သိရပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဒုတိယအကြိမ် တင်ပြထားပါတယ်။ ဥပဒေပြဋ္ဌာန်းပြီးသွားရင်တော့ မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်နေတဲ့ နိုင်ငံခြားသား အလုပ်သမားတွေကို နိုင်ငံခြားသား အလုပ်သမားဥပဒေသစ်နှင့်အညီ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ပြုပြီး အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကိုလည်း ထုတ်ပေးမယ်လို့ ဝန်ကြီးဌာနကနေ သိရပါတယ်။

မည်သူမဆို အသက် (၁၈နှစ်)ပြည့်ပြီးသူတိုင်း အလုပ်အကိုင်အတွက် အလုပ်သမားရုံးတွေနဲ့ ဆက်သွယ်ချိတ်ဆက်နိုင်ပါတယ်။ နိုင်ငံရဲ့ လူအင်အားအရင်းအနှီးတွေကို အထိရောက်ဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချနိုင်ဖို့ အတွက် ကျွန်မတို့ ဝန်ကြီးဌာနကနေ ကြိုးစားလုပ်ဆောင်နေတာဖြစ်တာကြောင့် အလုပ်အကိုင်အတွက် ဆက်သွယ်ကြဖို့ တိုက်တွန်းပါတယ်လို့ အလုပ်သမားညွှန်ကြားရေးဦး စီးဌာန အလုပ်အကိုင်နေရာချထားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက ပြောပါတယ်။

**(မြန်မာ့အလင်း)**

# ရောဂါကပ်ဆိုးကျရောက်မှုများနဲ့ အိန္ဒိယ

**ကလျာမိုးမြင့်**



အိန္ဒိယနိုင်ငံရဲ့ မြို့ကြီးမြို့ငယ်တွေနဲ့ ကျေးလက်တောရွာတွေမှာ တစ်နေ့မဟုတ်တစ်နေ့ဆိုသလို ဗိုင်းရပ်စ်ကြောင့် ဖျားနာရတဲ့သတင်းတွေဟာ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် အချိန်မှန်ရောက်ရှိလို့လာနေပါတယ်။ နေရာတိုင်းလိုလိုဖျားနာနေကြတာတွေချည်းပါပဲ။

မြို့တော်ဒေလီမှာ ဆင်ဖြူတော်တုပ်ကွေး (chikungunya) ရောဂါဖြစ်ပွားမှုကိုရင်ဆိုင်နေရပြီး အခြားတစ်ဖက်မှာတော့ ဟာရာနာဟာ ငှက်ဖျားရောဂါနဲ့အကြိတ်အနယ်တိုက်ပွဲဆင်နေရပါတယ်။ တောင်ပိုင်းမှာလည်း သတင်းအချက်အလက်နဲ့နည်းပညာအချက်အချာဖြစ်တဲ့ ဘန်ဂလောဒေသဟာ ရောဂါနှစ်မျိုးလုံးနဲ့ နပန်းလုံးနေရတဲ့ အခြေအနေပါ။ ကာလကတ္တားနဲ့အိမ်နီးချင်းဒေသတွေမှာဆိုရင် သွေးလွန်တုပ်ကွေးရောဂါဟာ လွန်ကဲအဆင့်ရောက်ရှိနေခဲ့ပါပြီ။ ဥတ္တရာပရာဒေ့ရှ်မှာ ရှိသမျှဆေးပေးခန်းတွေဟာလည်း ဖျားနာသူတွေနဲ့ ပြွတ်သိပ်ကျပ်ညပ်နေခဲ့ပါတယ်။ ဒီတော့ အိန္ဒိယတစ်နိုင်ငံလုံး ရောဂါကပ်ဆိုးရဲ့လက်အောက်ကျရောက်ခဲ့ရပြီလား။

ဒေလီမှာ အခြေစိုက်ထားတဲ့ ကမ္ဘာ့အကြီးဆုံး ဆေးသုတေသနအဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ အိန္ဒိယဆေးသုတေသနကောင်စီ (ICMR) ရဲ့သုတေသနပြုလေ့လာမှုက သဲလွန်စအချို့ကိုပေးခဲ့ပါတယ်။

အိန္ဒိယနိုင်ငံတစ်ဝန်းမှာရှိတဲ့ ICMR's ဓာတ်ခွဲခန်းပေါင်း ၄၀ ဟာ တစ်လမှာ သွေးနမူနာပေါင်း ၁၀၀၀ ကျော်ကို ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်နေပါတယ်။ ဓာတ်ခွဲခန်းတွေရဲ့ ၁၂ ရာခိုင်နှုန်းမှာ ဇန်နဝါရီလကတည်းကစတင်ပြီး သွေးလွန်တုပ်ကွေးပိုးစစ်ဆေးတွေ့ရှိမှုဟာ ၁၂ ရာခိုင်နှုန်းထိရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က ၅ ရာခိုင်နှုန်းလောက်တွေ့ရှိခဲ့ရာကနေ မြင့်တက်လာတဲ့ပမာဏဖြစ်ပါတယ်။ သွေးနမူနာများရဲ့ ၁၀ ရာခိုင်နှုန်းမှာတော့ ဗိုင်းရပ်စ် ပိုးရှိနေတာကို ဇူလိုင်လကတည်းကစမ်းသပ်တွေ့ရှိခဲ့ပါတယ်။ မိုးရွာသွန်းမှုစတင်လာချိန်ကစပြီး ဓာတ်ခွဲခန်းတွေမှာ စစ်ဆေးဖို့ရောက်ရှိလာတဲ့သွေးနမူနာအရေအတွက်ဟာလည်း နှစ်ဆဖြစ်လာပါတယ်။

သွေးလွန်တုပ်ကွေးနဲ့ ဆင်ဖြူတော်တုပ်ကွေးရောဂါနှစ်မျိုးလုံးဟာ နေ့ခင်းအချိန်တွေမှာ ကိုက်တဲ့ခြင်တွေကသယ်ဆောင်လာတဲ့ဗိုင်းရပ်စ်ကြောင့် ဖြစ်တဲ့ရောဂါတွေဖြစ်ပါတယ်။ ရှည်ကြာတဲ့ မုတ်သုံမိုးရွာသွန်းမှုက ရေဝပ်လာ အောင်အားပေးတဲ့အတွက် ဒီရောဂါကို သယ်ဆောင်တဲ့ခြင် တွေပေါက်ပွားမှုနှုန်း ပိုများလာပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဟာ အချိန်မီမကုသရင် အသက်အန္တရာယ်ထိခိုက်နိုင်ပြီး ဆင်ဖြူတော် တုပ်ကွေးရောဂါခံစားရတဲ့ ဝေဒနာရှင်တွေကတော့ အဆစ်အမျက်တွေ အကြီးအကျယ်နာကျင်ကိုက်ခဲနိုင်ပါတယ်။

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းမှာ သွေးလွန်တုပ်ကွေးနဲ့ ဆင်ဖြူတော်တုပ်ကွေးဖြစ်ပွားမှုက အတော်လေးထိုးနှက်တိုက်ခိုက်နေတယ်လို့ ICMR ရဲ့ အထွေထွေဒါရိုက်တာ ဒေါက်တာ ဆိုမျာဆွာမင်နသန်က ပြောခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး။ အိန္ဒိယတစ်လွှားမှာ လူပေါင်း ၃၆၀၀၀ ကျော် သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံနေရပြီး လူ ၇၀ ကျော်သေဆုံးခဲ့ရတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဆိုထားပါတယ်။ အိန္ဒိယအရှေ့ပိုင်းမှာ ဆိုရင် အော်ရီဆာနဲ့ တောင်ပိုင်းမှာ ကီရာလာနဲ့ ကာနာတာကာတို့မှာ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်းသတင်း ဖော်ပြခဲ့ပါတယ်။

ဒါတင်မကဘဲ ယခုနှစ်အတွင်း ဆင်ဖြူတော်တုပ်ကွေးရောဂါဖြစ်ပွားမှုဟာ လူ ၁၄၆၅၀ အထိရှိခဲ့ပါတယ်။ ဒေလီနဲ့ အနောက်ပိုင်းမဟာရာတ်ရှ်ထရာပြီးရင် ကာနာတာကာမှာ အဆိုးဆုံးကူးစက်ခံရပြီး ၉၄၂၇ ဦးအထိရှိခဲ့တာပါ။ ငှက်ဖျားရောဂါကလည်း ကြောက်ခမန်းလိလိ ဆက်လက်ဖြစ်ပွားနေပါတယ်။ အိန္ဒိယရဲ့ ငှက်ဖျားရောဂါဖြစ်ပွားမှုဟာဒီနှစ်ထဲမှာတင် ရှစ်သိန်းကျော်ရှိခဲ့ပြီးလူ ၁၁၉ ဦးအထိသေဆုံးခဲ့ရပါပြီ။

အထက်မှာဖော်ပြခဲ့တဲ့ ကိန်းဂဏန်းတွေဟာ မှတ်တမ်းတင်လို့ရသမျှ ရောဂါဖြစ်ပွားမှုနဲ့သေဆုံးမှုတွေပဲရှိပါသေးတယ်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပိုင်းမှာ အားနည်းချက်တွေရှိနေတဲ့ နိုင်ငံအတွင်းမှာ မှတ်တမ်းမဝင်သေးတဲ့အခြားသောရောဂါဖြစ်ပွားသေဆုံးမှုဖြစ်ရပ်တွေ ထောင်နဲ့ချီပြီးရှိနေနိုင်ပါသေးတယ်။

ရောဂါဖြစ်ပွားမှု မြင့်တက်လာရခြင်းရဲ့အကြောင်းတစ်ခုကတော့ မြို့ကြီးရောမြို့ငယ်တွေပါမကျန် ရောဂါစစ်ဆေးစမ်းသပ်မှုနဲ့သတင်းပေးပို့မှုအခြေအနေတိုးတက်လာမှုကြောင့်ဖြစ်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုတစ်မျိုးတည်းပင်လျှင် ၂၀၁၀ ပြည့်နှစ်က ၂၈၂၉၂ ခုရှိခဲ့ရာ ကနေ ၂၀၁၅ ခုနှစ်မှာ တစ်သိန်းနီးပါးလောက်ခုန်တက်လာခဲ့ပါတယ်။ ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာလည်း နှစ်စဉ်နှစ်တိုင်း လူ ၁၁၀နဲ့ ၂၄၂ ဦးအတွင်းမှာရှိနေပါတယ်။

အိန္ဒိယဟာ မုတ်သုံမိုးရွာသွန်းချိန်ဆိုရင် သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တိုက်ဖွိုက်၊ တုပ်ကွေးနဲ့ရေကြီးရေလျှံမှုကြောင့်ဖြစ်တဲ့ Leptospirosis အဖျားရောဂါစတဲ့အပူပိုင်းရောဂါတွေနဲ့ မစိမ်းတဲ့နိုင်ငံပါ။

ကျွမ်းကျင်သူတွေကတော့ ရောဂါကျရောက်မှုဟာ ရာသီဥတုပြောင်းလဲမှုနဲ့ မြို့ပြတည်ထောင်မှုတွေများလာတဲ့အတွက်ကြောင့် ဖြစ်တယ်လို့ယုံကြည်နေကြပါတယ်။

**မိုးအဆက်မပြတ်ရွာသွန်းမှု**

နေ့စဉ်နဲ့အမျှ မိုးရွာသွန်းမှုကလည်း အတောမသတ်နိုင်အောင်ပါပဲ။ မြို့ပြဧရိယာဝန်းကျင်မှာခြင်တွေတွယ်ကပ်ပေါက်ပွားလာကြတယ်။ တစ်နှစ်ပတ်လုံးလုပ်ကိုင်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေက ရေဆိုးတွေစုပြုံခိုအောင်းလာစေတာကြောင့် ရေဆိုးတွေထဲကနေခြင်တွေ အလွယ်တကူ ပေါက်ပွားလာတယ်လို့ ဆွာမင်နသန်က ပြောပါတယ်။ ခြင်ကနေပေါက်ပွားတဲ့ဗိုင်းရပ်စ်တွေဟာ ဇီဝပြောင်းလဲမှုရှိပြီးဆေးဒဏ်ကို ခုခံနိုင်စွမ်းများလာပါတယ်။

အိန္ဒိယဟာ ဒီဗိုင်းရပ်စ်တွေကို ထိန်းချုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ အင်းဆက်သတ်မြူနှင်းထုတစ်ခုကိုဖန်တီးမယ့် လဟာပြင်ရွှေ့လျား Fogging စနစ်ကိုအသုံးပြုနိုင်ဖို့ အစဉ်တစိုက်ကြိုးပမ်းနေပါတယ်။ ဒီနည်းဟာမျက်စိအားဖြင့်မြင်နိုင်တဲ့ထိန်းချုပ်မှု နည်းလမ်းတစ်ခုဖြစ်သော်ငြားလည်း အရွယ်ရောက်ပြီးခြင်တွေကို တိုက်ထုတ်နိုင်ပေမယ့် ခြင်သားလောင်းတွေကိုမနှိမ်နင်းနိုင်တဲ့အတွက် ရံဖန်ရံခါထိရောက်မှုမရှိပါဘူး။ ခြင်တစ်ကောင်ရဲ့သက်တမ်းဟာသုံးပတ်ကြာမြင့်ပြီး ၎င်းရဲ့သက်တမ်းအစောပိုင်းအချိန်မှာ ရောဂါဖြစ်စေတဲ့အရာကို ယူဆောင်ဖြန့်ဝေမှုလုပ်တာဖြစ်တဲ့အတွက် ခြင်ရဲ့အသက်ရှင်သန်မှုကို လျှော့ချပစ်တဲ့နည်းက ပိုပြီးထိရောက်မှုရှိနိုင်ပါတယ်။

ဒီတော့ အိန္ဒိယကနောက်ထပ်လုပ်ဆောင်ဖို့ လိုအပ်နေတဲ့အရာကတော့ ခြင်သားလောင်းတိုက်ဖျက်မှုအစီအစဉ်တွေဖြစ်ပြီး ခြင်သားလောင်းနှိမ်နင်းတဲ့ဆေးတွေကို ရေပုံးရေကန်တွေ၊ အမှိုက်ပုံးတွေ၊ အိမ်သာနဲ့ဖုံးအုပ်ထားခြင်းမရှိတဲ့ ရေရှိရာနေရာတွေမှာ ထည့်သွင်းဖို့ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ခွင့်ပြုခဲ့ပါတယ်။ ခြင်သားလောင်းတွေမပေါက်ပွားဖို့ဒီလိုပိုးသတ်ဆေးတွေကို အများပြည်သူလူထုအတွင်းဖြန့်ဖြူးကြဖို့လည်း ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားလိုက်ပြီဖြစ်ကြောင်း အာဏာပိုင်တွေကဆိုပါတယ်။

သွေးလွန်တုပ်ကွေးရောဂါကိုနှိမ်နင်းဖို့ဗက်တီးရီးယားကူးစက်ခံထားရတဲ့ခြင်တွေကို ကိုင်တွယ်ဖြေရှင်းနိုင်မယ့် အစီအမံတွေကိုလည်း အိန္ဒိယအစိုးရက ရေးဆွဲနေပါတယ်။ ဝူဘာချီရာ (Wolbachia) လို့ခေါ်တဲ့ ဆဲလ်အတွင်းပိုင်းမှာနေထိုင်တဲ့ ဗက်တီးရီးယားတစ်မျိုးဟာ လူ့ထံသို့ကူးစက်ဝင်ရောက်နိုင်ခြင်းမရှိသလို သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ကို သယ်ဆောင်တဲ့ အေးဒီးစ်အေ ဂျစ်ပတီခြင်ကို ၎င်းရဲ့ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်တွေ ပွားများမလာအောင် ကာကွယ်ပေးပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ ဒီအစီအမံတွေကို ပိုမိုကျယ်ပြန့်တဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ပူးပေါင်းပါဝင်မှုနဲ့ အင်တိုက်အားတိုက် ထိန်းချုပ်ဆောင်ရွက်နိုင်ခြင်းမရှိသေးသမျှကာလပတ်လုံးကတော့ ငှက်ဖျားရောဂါနဲ့ နာမကျန်းဖြစ်မှုတွေက အိန္ဒိယကို နှောင့်ယှက်ကျီစယ်နေဦးမှာပါပဲ။

**ကိုးကား-ဘီဘီစီ(၂၁-၉-၂၀၁၆)**

**ကာလကတ္တားနဲ့ အိမ်နီးချင်းဒေသတွေမှာဆိုရင် သွေးလွန်တုပ်ကွေးရောဂါဟာ လွန်ကဲအဆင့် ရောက်ရှိနေခဲ့ပါပြီ။ ဥတ္တရာပရာဒေ့ရှ်မှာ ရှိသမျှဆေးပေးခန်းတွေဟာလည်း ဖျားနာသူတွေနဲ့ ပြွတ်သိပ်ကျပ်ညပ်နေခဲ့ပါတယ်။ ဒီတော့ အိန္ဒိယတစ်နိုင်ငံလုံး ရောဂါကပ်ဆိုးရဲ့လက်အောက် ကျရောက်ခဲ့ရပြီလား။**



## မဆီလျော်သည့် ဝတ်စားဆင်ယင်မှုကြောင့် တရုတ်ဂျာနယ်လစ်တစ်ဦး အလုပ်မှရပ်နားခံရ

**ပေကျင်း စက်တင်ဘာ ၂၄**

တရုတ်နိုင်ငံ၌ နေရောင်ခြည်ကာကွယ်ရန် ထီးတစ်လက်ကိုင်ဆောင်ပြီး နေကာမျက်မှန်တပ်ဆင်ကာ ဓာတ်ပုံအရိုက်ခံခဲ့သည့် ရုပ်မြင်သံကြား ဂျာနယ်လစ်တစ်ဦးမှာ အလုပ်တာဝန်မှ ရပ်နားခြင်းခံခဲ့ရကြောင်း သိရသည်။

အမည်ဖော်ပြခြင်းမရှိသည့် အဆိုပါဂျာနယ်လစ်သည် တိုင်ဖွန်းမရန်သီဝင်ရောက်မှုကြောင့် ထိခိုက်ခဲ့သည့် စီယာမင်မြို့အား ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးရန် အင်တာဗျူး အမေးအဖြေပြုလုပ်ရင်း ဓာတ်ပုံရိုက်ကူးခဲ့သည်။

မုန်တိုင်းသင့်ပြီးနောက် ရှင်းလင်းကယ်ဆယ်မှုပြုလုပ်နေသည့် စေတနာ့ဝန်ထမ်းများအား မေးမြန်းခဲ့သည့် ၎င်း၏ပုံပန်းသွင်ပြင်က အကူအညီပေးလုပ်သားများ၏ ပုံပန်းသွင်ပြင်နှင့် ထင်ရှားစွာဆန့်ကျင်နေခဲ့ပြီး အမြင်မတော်ဖြစ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ ပုံရိပ်ကိုတွေ့မြင်သူများက ၎င်းအားလုပ်ငန်းကိုလေးစားမှုမရှိသူ၊ အပျော်အပျက်ဆန်သူဟု စွပ်စွဲခဲ့ကြသည်။

စီယာမင်ရုပ်မြင်သံကြားထုတ်လွှင့်ရေးဌာနက ၎င်းတို့၏ဌာနမှ ဂျာနယ်လစ်တစ်ဦးသည် သတ်မှတ်စည်းကမ်းများကို လိုက်နာခြင်းမရှိသည့်အပြင် အင်တာဗျူးလုပ်ဆောင်ရာတွင် မဆီမလျော်ပြုမူခဲ့သည်ဟု ဖော်ပြခဲ့သည်။

**(ဘီဘီစီ)**



## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ (၁၀) ကချင်ပြည်နယ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်-

| စဉ် | တည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့နယ်၊ ဗလမင်းထင်တံတား အောက်ဘက်မှ ရှမ်းစုထိ | ကျောက်စီတမံ |
| (ခ) | တနိုင်းမြို့နယ်၊ ဒိုက်ဖားကျေးရွာ | ဝါးဂရစ်တန်းရေကာ |
| (ဂ) | ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ မြန်မာ-တရုတ်နယ်နိမိတ်မှတ်တိုင် အမှတ် S-52 နှင့် S-53 ကြား | သံခြင်းအခြေပြုကျောက်စီ မြေထိန်းနံရံ |
| (ဃ) | ချီဖွေမြို့နယ်၊ ကန့်ဖန်ဒေသ၊ မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင်အမှတ် N-21 နှင့် N-22 ကြား | ကျောက်စီနံရံ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၉-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးတွင် လာရောက် ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်၊** - ၂၅-၁၀-၂၀၁၆ရက်
**အချိန်** - ၁၂:၀၀နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၁၀-၂၀၁၆ရက်
**အချိန်** - ၁၄:၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး)(ပြည်နယ်ဦးစီးမှူးရုံး) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။

၃။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး၊ ဖုန်း-၀၇၄-၂၀၉၈၉၊ ၀၉-၅၄၁၂၀၃၀နှင့် ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ ဖုန်း-၀၇၄-၂၉၅၁၄သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကနဦးတင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများ၏ ဆန်ခါတင် (Short List)စာရင်းကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ်လွှတ်တော်ရုံးခန်းမအဆောက်အအုံ(သံကူကွန်ကရစ်နှစ်ထပ်)၊ ၆၁၀၀၀ စတုရန်းပေတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ၁၂-၄-၂၀၁၆ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခဲ့ပါသည်။ ၃၁-၅-၂၀၁၆ရက်တွင် ကုမ္ပဏီ ၁၆ခုမှ တင်ဒါတင်သွင်းခဲ့ပါသည်။ တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်၍ ကနဦးတင်ဒါအောင်မြင်သည့် ကုမ္ပဏီ ၁၂ခုစာရင်းကို ၂၃-၆-၂၀၁၆ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၄-၇-၂၀၁၆ရက်တွင် ဈေးနှုန်းဖွင့်ဖောက် စစ်ဆေးချက်များအရ အောက်ပါကုမ္ပဏီ ၃ခုအား ဆန်ခါတင် (Short List)စာရင်းကြေညာအပ်ပါသည်။

(1) Hasty Power Co.,Ltd
(2) MKT Construction
(3) Diamond City Co.,Ltd

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရှမ်းပြည်နယ်လွှတ်တော်ရုံး**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | 2-11(T)/MESC/ 2016 -2017 | လက်ပံလှဖရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-1) (လုပ်အားခ) |
| (ခ) | 2-12(T)/MESC/ 2016 -2017 | လက်ပံလှဖရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-2) (လုပ်အားခ) |
| (ဂ) | 2-13(T)/MESC/ 2016 -2017 | လက်ပံလှဖရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅)မိုင် တည်ဆောက်ခြင်း(Log-3) (လုပ်အားခ) |
| (ဃ) | 2-14(T)/MESC/ 2016 -2017 | လက်ပံလှဖရပ်ကွင်း ၆၆ ကေဗွီဓာတ်အားလိုင်း (၅.၅၁)မိုင်တည်ဆောက်ခြင်း(Log-4)(လုပ်အားခ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၉-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၃-၁၀-၂၀၁၆ရက် မွန်းလွဲ ၁း၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇×၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူမှုအစီအစဉ်ပြောင်းလဲခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အငှားအိမ်ရာ စခန်းတွဲ ၅ထပ် RCအဆောက်အအုံ (၃)လုံးဆောက်လုပ်ရန်အတွက် တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်ကို ၂၀-၉-၂၀၁၆ရက်အဖြစ် သတ်မှတ်ခဲ့ပြီးတင်ဒါပိတ်မည့်ရက်အား ၃-၁၀-၂၀၁၆ရက် အဖြစ် သတင်းစာတွင် ကြော်ငြာထည့်သွင်းခဲ့ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်အရ စခန်းတွဲ ၆ထပ်မှ စခန်းတွဲ ၅ထပ်သို့ ပြောင်းလဲ၍ အဆောက်အအုံ Design နှင့် Structure များ ရေးဆွဲနေရပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲပြင်ဆင်၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၆-၉-၂၀၁၆ရက် ရုံးချိန်အတွင်း
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၀-၂၀၁၆ရက် ၁၆း၀၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက မကွေးမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၆၃-၂၈၆၅၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ကြီးဌာန ကိုယ်စားပြု ရင်ထိုးတံဆိပ်များကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နံ ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ တံဆိပ်အမျိုးအစား၊ အရောင်နှင့် အရွယ်အစား၊ ရင်ထိုးတံဆိပ်မျက်နှာပြင်တွင် ပါရှိရမည့်အချက်များကို တင်ဒါပုံစံတွင် ဖော်ပြပါရှိမည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်မှာ ၂၂-၉-၂၀၁၆ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။
၄။ တင်ဒါပိတ်မည့်ရက်မှာ ၃၀-၉-၂၀၁၆ ရက် (သောကြာနေ့) ၁၅း၀၀နာရီ ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်၊ ဝန်ကြီးရုံး(ဌာနခွဲ-၃) ဖုန်း-၀၆၇-၄၁၀၀၉၈ သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့၊ ဝန်ကြီးရုံး**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်
## City Bus ကားများဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ရန်ကုန်မြို့တွင် ခရီးသွားပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက် ခရီးသည်တင်ယာဉ် City Bus များပြေးဆွဲရန် အမျိုးအစားကောင်းမွန်သော ပြည်ပနိုင်ငံထုတ် မော်တော်ယာဉ်များကိုဝယ်ယူရန် အလိုရှိပါသဖြင့် တင်ဒါပေးသွင်းလိုသော မြန်မာနိုင်ငံသားများပိုင် ကုမ္ပဏီလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
၂။ ဝယ်ယူလိုသည့် မော်တော်ယာဉ်များမှာ အသင့်မောင်းနှင်၍ ကောင်းမွန်စွာ အသုံးပြုနိုင်သော ခရီးသည်တင်ယာဉ် Air Con, City Bus ဘယ်မောင်း၊ ပြည်ပနိုင်ငံထုတ် Model Year 2007, 2008, 2009, 2010 ခုနှစ် Recondition, ကောင်းမွန်သော ခရီးသည်ထိုင်ခုံနှင့် တံခါး(၂)ပေါက်ပါရှိသော Use Car ယာဉ်အစီးရေ ၁၀၀ကို စတင်ဝယ်ယူလိုပါသဖြင့် တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို အမှတ် ၁၃၁/၁၃၃ 1st(A)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ကုမ္ပဏီရုံးခန်းတွင် ၂၆-၉-၂၀၁၆ ရက်မှ ၄-၁၀-၂၀၁၆ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၁၆း၀၀ နာရီအထိ (ကုမ္ပဏီရုံးဖွင့်ရက်တွင်)ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး ၅-၁၀-၂၀၁၆ ရက် ညနေ ၁၆း၃၀ နာရီ နောက်ဆုံး အဆိုပါရုံးသို့ တင်သွင်းရန်ဖြစ်ပြီး တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသောစည်းကမ်းချက်နှင့် ကိုက်ညီသော အဆိုပြုလွှာတင်သွင်းသူများကို အမြန်စိစစ်ရွေးချယ်မည်ဖြစ်ပြီး သိရှိလိုသော အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၆၂၅၂၃၉၂၊ ၀၉-၄၅၈၆၃၁၆၀၈၊ ၀၁-၃၉၇၈၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

### အမည်မှန်
ရွှေဘိုမြို့ အထက(၂) တက္ကသိုလ်ဝင်တန်းမှ(G)မှ (ဘ) ဦးအောင်ရွှေ၏သမီးအမည်မှန်မှာ မယမင်းရွှေစင် ဖြစ်ပါသည်။ **မယမင်းရွှေစင် ၅/ရဘန(နိုင်)၂၂၂၄၄၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပြည်မြို့နယ်၊ ပေါင်းတလည် အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်စစ်သွေးနှင့် ဆဋ္ဌမတန်း(B)မှ မအိရွှန်းလဲ့ကိုတို့၏ဖခင်မှာ ဦးအောင်သိုက်စိုးနှင့် ဦးသိုက်စိုး ၇/ပမန(နိုင်)၁၂၉၀၈၅မှာ တစ်ဦးတည်း ဖြစ်ပါသည်။

### ဖခင်အမည်မှန်
ရွှေဘိုမြို့ အထက (ခွဲ)(တအုံ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ပိုင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွန်း ၅/ရဘန(နိုင်)၂၁၇၃၇၃ ဖြစ်ပါသည်။ **ဦးခင်မောင်ထွန်း**

### ဖခင်အမည်မှန်
တောင်တွင်းကြီးမြို့၊ ကင်/ချောင်း (အထက)၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေသူရိန်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်းလွင် ဖြစ်ပါကြောင်း။ **ဦးဇော်ထွန်းလွင်**

### ဖခင်အမည်မှန်
ပန်းတောင်းမြို့နယ် ညောင်ခြေထောက် စခန်း ကပစ(၆) အထက်တန်းကျောင်းခွဲ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဝေစိုး၏ ဖခင်အမည်မှန်မှာ ဦးညဏ်စိန် ၈/ဆပဝ (နိုင်)၀၉၅၅၉၈ ဖြစ်ပါသည်။ **ဦးညဏ်စိန်**

### ဖခင်အမည်မှန်
ပခုက္ကူမြို့၊ မန်ကျည်းပင်ပု၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း ကျောင်းသူ မခိုင်သဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်နိုင်အေး ၈/ပခက (နိုင်)၁၅၉၇၁၉ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်အေး**

### အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ရုံးရပ်ကွက်၊ အမက(၉) စတုတ္ထတန်းမှ (ဘ)ဦးအေးဝင်း၏သမီး မမေသူသူမောင် (ကျောင်းဝင်အမှတ်-၄၅၀၆)အား မမိုးပြည့်ပြည့်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမိုးပြည့်ပြည့်မောင်**

### အမည်မှန်နှင့် ဖခင်အမည်မှန်
ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)၊ ကင်မွန်းချောင်း၊ သတ္တမတန်း(A)မှ မစန်းမာဝင်း၏ အမည်မှန်မှာ မစန္ဒာငွေးဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးတာကလီ ၁၀/ကထန(နိုင်)၀၂၃၂၂၃ ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်
ကျိုက်ထိုမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မမေသဇင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်သန်းထွေး ၁၀/ကထန(နိုင်)၀၃၅၂၂၁ ဖြစ်ပါကြောင်း။ **ဒေါ်ခင်သန်းထွေး**

### ဖခင်အမည်မှန်
ကျိုက်ထိုမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (E)မှ မစိုးရတနာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနှောင်း ၁၀/ကထန(နိုင်)၁၆၅၆၅၈ ဖြစ်ပါကြောင်း။ **ဦးနှောင်း**

### မိခင်အမည်မှန်
ကျိုက်ထိုမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(B) မှ မယွန်းဝတီနှင်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်မိုးမိုး ၁၀/ကထန(နိုင်)၀၆၅၆၇၂ ဖြစ်ပါကြောင်း။ **ဒေါ်တင်မိုးမိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုက်ထိုမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက်(ခ) ဦးမြင့်အောင် ၁၀/သထန(နိုင်)၁၈၅၂၈၄ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထိုက်(ခ)ဦးမြင့်အောင်**

### ဖခင်အမည်မှန်
စဥ့်ကူးမြို့နယ်၊ရှောက်ပင်ရိုးကျေးရွာ အုပ်စု၊ ကျည်တောက်ပေါက် (အထက)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ညဏ်မျိုးထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၉/မတရ(နိုင်)၁၃၅၂၄၃ ဖြစ်ပါသည်။ **ဦးမြင့်ရွှေ**

### မိဘအမည်မှန်
မော်လမြိုင်မြို့၊ အထက(ခွဲ) အလက(၄)၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဇော်မင်း၏ မိဘအမည်မှန်မှာ ဦးမာမက်စရစ်နှင့် ဒေါ်စကီနာဘီ ဖြစ်ပါကြောင်း။ **ဦးမာမက်စရစ်-ဒေါ်စကီနာဘီ**

## ရှမ်းပြည်နယ်လွှတ်တော်ရုံး
## တောင်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တိုက် နှစ်လုံး တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၁၇-၁၀-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ တောင်ကြီးမြို့တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၁-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၈၁-၂၁၂၁၁၁သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်ရုံး**

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်
## National Management Degree College (NMDC)

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ် BBM, BA(EPP), BA(Tourism)နှင့် BA(Journalism)
## ပထမနှစ် သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါဘွဲ့သင်တန်းများအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့်ဦးရေ |
|---|---|---|---|---|
| (က) | Bachelor of Business Management | BBM | (၄) နှစ် | (၁၀၀) ဦး |
| (ခ) | Bachelor of Arts (English for Professional Purposes) | BA(EPP) | (၄) နှစ် | (၅၀) ဦး |
| (ဂ) | Bachelor of Arts (Tourism) | BA(Tourism) | (၄) နှစ် | (၁၀၀) ဦး |
| (ဃ) | Bachelor of Arts (Journalism) | BA(Journalism) | (၄) နှစ် | (၅၀) ဦး |

၂။ အဆိုပါဘွဲ့သင်တန်းများလျှောက်ထားရာတွင် BBMနှင့် BA(EPP)အတွက်စုစုပေါင်းအမှတ် (၄၄၀)နှင့်အထက် ရရှိသူများ ဖြစ်ရမည်။ BA(Journalism) နှင့် BA(Tourism) အတွက် စုစုပေါင်းအမှတ် (၄၀၀)နှင့်အထက် ရရှိသူများဖြစ်ရမည်။ BA(Tourism)အတွက် အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်(၆၀)ရရှိသူများ ဖြစ်ရမည့်အပြင် အောက်မြန်မာပြည် စာစစ်ဌာနများမှ အောင်မြင်သူများသာ လျှောက်ထားနိုင်သည်။ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် သတ်မှတ်လျှောက်လွှာ ပုံစံအား အခမဲ့ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
၃။ လျှောက်လွှာတင်သွင်းရမည့်နေရာ - ကျောင်းသားရေးရာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် အမှတ်(၂၇၃/၂၇၉)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်။
၄။ **လျှောက်လွှာပေးမည့် ရက်** - ၃၀-၉-၂၀၁၆(သောကြာနေ့)မှ ၁၈-၁၀-၂၀၁၆(အင်္ဂါနေ့)အထိ
၅။ **လျှောက်လွှာလက်ခံမည့် ရက်** - ၃၀-၉-၂၀၁၆(သောကြာနေ့)မှ ၁၈-၁၀-၂၀၁၆(အင်္ဂါနေ့)အထိ
၆။ ဝင်ခွင့်ရရှိသူများစာရင်းကြေညာမည့်ရက် - ၂၁-၁၁-၂၀၁၆ (တနင်္လာနေ့)
၇။ သင်တန်းများစတင်ဖွင့်လှစ်မည့်ရက် - ဒီဇင်ဘာလ ပထမပတ် ၂၀၁၆
၈။ အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-
(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာ ဖြစ်ရမည်။
(ဂ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(၁) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိသော ရမှတ်စာရင်း (မူရင်း)
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ(၂)ပုံ
၉။ ဝင်ခွင့်ရရှိသူများစာရင်းကို (၂၁-၁၁-၂၀၁၆) ရက်နေ့တွင် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်းနှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက်အပ် နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို မပျက်မကွက် တင်ပြနိုင်ရမည်။
၁၀။ အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ ကျောင်းသားရေးရာဌာန ဖုန်းနံပါတ် ၀၁-၂၉၂၅၆၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

### ဖခင်အမည်မှန်
ပင်လောင်းမြို့နယ်၊အထက(ခွဲ)လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်ရဲခို၏ ဖခင်အမည်မှန်မှာနိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးခွန်ခိန် ဖြစ်ပါကြောင်း။ **ဦးခွန်ခိန် ၁၃/တကန(နိုင်) ၂၂၉၉၄၇**

### ဖခင်အမည်မှန်
ပင်လောင်းမြို့နယ်၊ အထက(ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မနန်းရွှေအေး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမောင်တီး ဖြစ်ပါကြောင်း။ **ဦးမောင်တီး ၁၃/ပလန(နိုင်) ၀၆၄၅၈၀**

### ဖခင်အမည်မှန်
ပင်လောင်းမြို့နယ်၊ အထက(ခွဲ) လွယ်ဘောင်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ခွန်တီးချုပ်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမောင်စိမ်း ဖြစ်ပါကြောင်း။ **ဦးမောင်စိမ်း ၁၃/ပလန(နိုင်) ၀၅၂၆၃၈**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၁ဃ/၆၆၇၈၀၊ ဟွန်ဒါဝေ့ဗ် 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဇော်၁၄/ပတန(နိုင်)၀၀၂၄၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**



အသက်တွေကြီးလာတဲ့အခါ
လမ်းပေါ်ထွက်ပြီး
Taxi ကားငှားရတာ
အခက်အခဲများစွာရှိပါတယ်။

၁၀ မိနစ်အတွင်း အိမ်အရောက် လာကြိုပေးမယ့်
On Call Meter Taxi ဝန်ဆောင်မှု



HELLO CABS

Mobile Apps Booking
Call Center Booking 01-9339 111
Web Booking www.hellocabs.com.mm

ODYSSEY
ပြည်တွင်း၊ပြည်ပလေယာဉ်လက်မှတ်
အိမ်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းခွဲကိုယ်စားလှယ်ယူနိုင်သည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

တက်နေဝန်း
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

MA GA Manufacturing Co., Ltd.

မာဃ ကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

၁။ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်ထားသောကြောင့် နိုင်ငံတကာ အရည်အသွေး ပြည့်မီခြင်း။
၂။ သာမန်ရေနုတ်မြောင်းများ အဖြစ်သာမက (Circular Culvert) များအဖြစ်ပါအသုံးပြုနိုင်ခြင်း။
၃။ ကွန်ကရစ်အရည်အသွေး 30 MPa ရရှိအောင် ထုတ်လုပ်ထားခြင်းကြောင့် ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ခြင်း။
၄။ အချင်း ၃၀၀ မီလီမီတာ မှ အချင်း ၁၅၀၀ မီလီမီတာ အရွယ်အစား အထိရရှိနိုင်ခြင်း။
၅။ သယ်ယူပို့ဆောင်ရန် (Transport and Handling ) လွယ်ကူခြင်း။
၆။ နိုင်ငံတကာစံနှုန်းများနှင့် အရွယ်အစားများအတိုင်း ပြုလုပ်ထားခြင်းကြောင့် တပ်ဆင်အသုံးပြုရန် လွယ်ကူခြင်း။



အထူး Promotion အနေဖြင့် ပိုက်အရေအတွက် အလုံး (၃၀၀) အထက်လျှင်(၁၀%) နှင့် အလုံး (၃၀၀ ) အောက်လျှင် (၃%) Discount ရှိပါသည်။
မှတ်ချက် ။ ။ ၂၀၁၆ အောက်တိုဘာလကုန်အထိသာ။

စွန့်ပစ်ရေဆိုးများအတွက် ရေလုံ၍ Sulphate Resistance ရှိသောကွန်ကရစ်ပိုက်များကို ထုတ်လုပ်ပေးနိုင်ပါသည်။

အမှတ်(၁၀၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ လှိုင်သာယာစက်မှုဇုံ(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ Ph : 09 450649641, 09 73494451, 09 5018522.

Sponsor
စိန်စိန်
Bobo MUSIC PRODUCTION

မူပိုင် ပတ္တမြားFM

PadamyarFm Radio to Live



DVD KARAOKE 2
ထွက်ပြီ

အခွေထွက်ရှိမည့် 25.9.2016 [SUN] 3pm-5pm,
လှည်းတန်းစင်တာ တွင်ပါဝင်သည့် အနုပညာရှင်များမှ
အမှတ်တရလက်မှတ်ရေးထိုး သီဆိုဖျော်ဖြေပေးပြီး
ကံစမ်းမဲများလည်း ဖောက်ပေးသွားမည်ဖြစ်ပါသည်။

ဟဲလေး ၊ Ar T ၊ သားသား ၊ ရဲရင့်အောင် ၊ ဂျက်ဆန်ထွန်း ၊ မရမ်ဆိုင်းနော် ၊ ရွှေထူး ၊ ငွဲပြည့် ၊ အောင်ထက် ၊ G Fatt ၊ ဖိုးပြည့် ၊
ဖြူဖြူကျော်သိန်း ၊ ပိုင်းစုခိုင်သိန်း ၊ အိမ့်ချစ် ၊ နီနီခင်ဇော် ၊ အိုင်ရင်းဇင်မာမြင့် ၊ မိစန္ဒီ ၊ ပန်းရောင်ခြယ်

Venue Sponsor
HLEDAN CENTRE

Media Partners
7DAY DAILY
CALL 1875 HOTLINE

# အနာဂတ်တွင် အသုံးပြုမည့် ဒစ်ဂျစ်တယ်နည်းပညာသုံး အလုပ်အကိုင်များအတွက် မြန်မာလူငယ်များ စိတ်လှုပ်ရှား

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တယ်လီနော(မြန်မာ)



ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံ ခြောက်နိုင်ငံ၌ အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သော ဆန်းစစ်ချက်အရ မြန်မာလူငယ်များသည် အနာဂတ်တွင် ရှိလာနိုင်သည့် ဒစ်ဂျစ်တယ်ဆိုင်ရာ အလုပ်အကိုင် အလားအလာများအတွက် စိတ်လှုပ်ရှားနေကြသော်လည်း ၂၀၂၀ ပြည့်နှစ်တွင်ရှိလာနိုင်သည့် လုပ်ငန်းခွင်များအတွက်ကိုမူ လူသားအခြေပြုလုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများ တတ်မြောက်ထားရန်ကိုသာ ဦးစားပေးနေသေးကြောင်း တယ်လီနောမှ လေ့လာဆန်းစစ်မှုတစ်ရပ်အရ ယနေ့ သတင်းထုတ်ပြန်လိုက်သည်။

ထောင်စုနှစ် လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ၊ ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးသက်ရောက်မှုတို့နှင့် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းအတွက် ၎င်းတို့ကြိုတင်ပြင်ဆင်ထားရန် လိုအပ်နိုင်သည့် ကျွမ်းကျင်မှုများအကြောင်းကို မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းရှိ

စာမျက်နှာ ၇ ကော်လံ ၁ ❁

# အောင်လအန်ဆန် ယှဉ်ပြိုင်မည့် MMA ပြိုင်ပွဲ အောက်တိုဘာ ၇ ရက် ကျင်းပမည်



အောင်လအန်ဆန်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ၏ နာမည်ကျော် MMA ကစားသမား အောင်လအန်ဆန် ဝင်ရောက်ယှဉ်ပြိုင်မည့် ဘက်စုံကိုယ်ခံပညာသုံး (MMA) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက် ည ၇ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး တွဲဆိုင်းကိုးပွဲ ပါဝင်မည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အောင်လအန်ဆန်၏ပွဲ အပါအဝင် အဓိက တွဲဆိုင်းတစ်ပွဲ၊ မြန်မာကစားသမားများအတွက် ရွေးခါးပတ်လုပွဲများ ပါဝင်မည်ဖြစ်သည်။ မြန်မာပရိသတ်များအကြား MMA အားကစားနည်းကို ပိုမို စိတ်ဝင်စားစေခဲ့သူ ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်နှင့် ထိုးသတ်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် STRAW ဝိတ်တန်းချန်ပီယံလုပွဲဖြစ်သော ယိုရှီတာကာ (ဂျပန်)နှင့်ဂျိုရှုအာ(ဖိလစ်ပိုင်) တို့ ထိုးသတ်မည်ဖြစ်သည်။ မြန်မာကစားသမားများအတွက် ဖယ်သာဝိတ်တန်း ချန်ပီယံလုပွဲအဖြစ် ဖိုးသော်နှင့် ကပ္ပလီ၊ ရဲရင့်အောင်နှင့်စောရန်ပိုင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အနိုင်ရရှိသူနှစ်ဦးသည် ဗိုလ်လုပွဲ ထပ်မံကစားရမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၄ ❒

## တနင်္ဂနွေဖတ်စရာ

နေရစ်ခဲ့တော့ ဟောင်သရေမြစ်....ရေ စာ-၁၅
သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့ စာ-၁၈
ကစားသမားဘဝအနားယူရင် ရိုးရာလက်ဝှေ့သမားများကို သင်ကြားပေးမယ့် အောင်လအန်ဆန်နဲ့ တွေ့ဆုံမှုခဏတာ စာ-၁၉
ရွှေတောင်ကအပြန် စာ-၂၀
အလုပ်ရဖို့ အလုပ်သမားရုံးမှာ သွားရောက် လျှောက်ထားနိုင်ပါတယ် စာ-၂၁

# မီးရထားစက်ခေါင်း လမ်းချော်ပြီး တံတားအောက်သို့ ပြုတ်ကျ

အင်းတော် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီး မခွေးရေပေါက်တံတားအောက်သို့ မီးရထားစက်ခေါင်း လမ်းချော်ပြုတ်ကျသွားခဲ့သည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခန့်က စက်ခေါင်းမောင်း ဦးတင်မောင်၊ ရထားထိန်း ဦးဇော်ဝင်းတို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DD-961 မန္တလေး-မြစ်ကြီးနားအမှတ်(၄၁)အဆန် ဒုတိယအမြန်ရထားသည် အင်းတော်မြို့နယ် ကြာအင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၅၈၇/၆) နှင့် (၇) ကြား မခွေးရေပေါက်တံတားအမှတ် ၄၃၁ တွင် ရထားစက်ခေါင်းမှာလမ်းချော်၍ တံတားအောက်သို့ ပြုတ်ကျသွားကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၄ ✻



